# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တန်ခူးလပြည့်ကျော် (၁) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (24-4-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၃၅၄)

**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများအကြားတွင် အာဆီယံအမွေအနှစ် အမျိုးသားဥယျာဉ်ပိုင်ဆိုင်မှု တတိယနေရာတွင် ရပ်တည်နေ



မြိတ်ကျွန်းစုရှိ မြင်းခွာပုံသဘာဝအပန်းဖြေနေရာတစ်ခုကို တွေ့ရစဉ်။

**ရန်ကုန် ဧပြီ ၂၃**

ကမ္ဘာကြီးပူနွေးလာမှုမှ ရာသီဥတုဖောက်ပြန်မှုကို ထိန်းချုပ်နိုင်ပြီး ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်ရှင်သန်ဖွံ့ဖြိုးမှုနှင့် လူနှင့် ရှုပ်ပတ်ဝန်းကျင်ကို သဘာဝဘေးမဲ့တောများနှင့် အမျိုးသားဥယျာဉ်များက အကျိုးပြုလျက်ရှိရာ အမျိုးသားဥယျာဉ်များကို ပိုင်ဆိုင်ထားသည့် မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများအကြားတွင် အာဆီယံအမျိုးသားဥယျာဉ်များပိုင်ဆိုင်မှု တတိယနေရာတွင် ဂုဏ်ယူဖွယ်ရပ်တည်လျက်ရှိကြောင်း သိရသည်။

အာဆီယံအမွေအနှစ်ဥယျာဉ်များကို ဘရူနိုင်းနိုင်ငံတွင် တစ်ခု၊ လာအိုနိုင်ငံတွင် တစ်ခု၊ ကမ္ဘောဒီးယားနိုင်ငံတွင် နှစ်ခု၊ စင်ကာပူနိုင်ငံတွင် နှစ်ခု၊ မလေးရှားနိုင်ငံတွင် သုံးခု၊ ထိုင်းနိုင်ငံတွင် ခြောက်ခု၊ **စာမျက်နှာ ၁၆ ကော်လံ ၁ သို့**

**တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကျောင်းများ ဇွန်လတွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်၍ ကြိုတင်ပြင်ဆင်ထားကြပြီး ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူမှုအခွင့်အလမ်း အပြည့်အဝရရှိစေရေး ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်**

စာမျက်နှာ - ၁၇

**နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များအနေဖြင့် သက်ဆိုင်ရာဒေသအလိုက် ဖြစ်ပွားနိုင်သည့် သဘာဝဘေးအန္တရာယ် အမျိုးအစားများမတူညီသည့်အတွက် ကြိုတင်ပြင်ဆင်ထား**

စာမျက်နှာ - ၁၇

**၂၀၂၄ ခုနှစ် ရေကြောင်းနှင့်လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့် တန်းမြှင့်သင်တန်းများကို သက်ဆိုင်ရာ မြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ**

စာမျက်နှာ - ၁၉




**မာဘယ်ကျောက်ပြားစက်ရုံ (မန္တလေး)**

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကိရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့်ထုတ်လုပ်ထားသည့်အရည်အသွေးကောင်းမွန်သော နေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင် ကျောက်ပြားနှင့်ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ..

CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများကျောက်ထွင်းပန်းချီကားများ၊ လူသုံးကုန်ပစ္စည်းများ အား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

မာဘယ်ကျောက်ပြားစက်ရုံ( မန္တလေး )- ဖုန်း - ၀၉ ၆၉၁၂၃၁၆၃၉၊ ၀၉ ၆၆၉၂၅၉၉၅၄



ရတနာပုံ
၂၀၂၄ ခုနှစ် မေ ၂၄ ရက်
အယ်ဒီတာ့အာဘော်

# လေးစားဂုဏ်ယူရမည့် မျိုးချစ်နိုင်ငံ့သားကောင်းများ

နိုင်ငံတစ်ခု အဓွန့်ရှည်တည်တံ့ခိုင်မြဲပြီး တည်ငြိမ်အေးချမ်းမှုရှိအောင် ဆောင်ရွက်ကြရာတွင် ကာကွယ်ရေးအင်အားတောင့်တင်းမှုသည် အဓိကကျသောအခန်းကဏ္ဍတွင် ပါဝင်သည်ဖြစ်ရာ ကမ္ဘာ့နိုင်ငံတိုင်းသည် ကာကွယ်ရေးအင်အားတောင့်တင်းခိုင်မာစေရန် မိမိတို့နိုင်ငံနှင့်သင့်လျော်ကောင်းမွန်သည့် စစ်မှုထမ်းဥပဒေများကို ရေးဆွဲအကောင်အထည်ဖော်ကာ ကျင့်သုံးလျက်ရှိပေသည်။

ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင်လည်း နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသဖြင့် ယင်းတာဝန်ကို ထမ်းဆောင်နိုင်ရန်အလို့ငှာ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ဥပဒေအမှတ် (၂၇/၂၀၁၀)ဖြင့် ပြဋ္ဌာန်းခဲ့သည့် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အာဏာတည်သည့်အမိန့် ထုတ်ပြန်ခဲ့ပြီးဖြစ်ပေသည်။

ယင်းဥပဒေအရ စစ်မှုထမ်းဆောင်ရန်အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် မိမိသဘောဆန္ဒအလျောက် မျိုးချစ်စိတ်အပြည့်ဖြင့် ပြည်သူ့စစ်မှုထမ်း အမှတ်စဉ်(၁)တွင် တက်ရောက်ရန် စာရင်းပေးသွင်းလာခဲ့ကြသည့် မိမိတို့နိုင်ငံသားများကို ဂုဏ်ယူဝမ်းမြောက်ဖွယ်တွေ့မြင်ရမည်ဖြစ်သည်။ အဆိုပါပြည်သူ့စစ်မှုထမ်း အမှတ်စဉ်(၁)သင်တန်းကို မေ ၈ ရက်နေ့တွင် တိုင်းစစ်ဌာနချုပ်အသီးသီးရှိ နယ်မြေခံသင်တန်းကျောင်းများ၌ကျင်းပခဲ့ရာ ယင်းမြင်ကွင်းသည် မိမိတို့နိုင်ငံသားများ၏ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်မှုကို တွေ့မြင်ရမည်ဖြစ်ပေသည်။

ထိုသို့ မျိုးချစ်စိတ်အပြည့်ဖြင့် ပြည်သူ့စစ်မှုထမ်း အမှတ်စဉ်(၁)တွင် တက်ရောက်လျက်ရှိသော နိုင်ငံသားများအနေဖြင့် သင်တန်းကာလပြီးဆုံးပါက စစ်ပညာများ တတ်မြောက်ကျွမ်းကျင်လာပြီး နိုင်ငံတော်ကာကွယ်ရေးစွမ်းရည်များလည်း တိုးတက်လာမည်ဖြစ်သလို နိုင်ငံတော်နှင့်ပြည်သူက လေးစားယုံကြည်ရသော နိုင်ငံချစ်စိတ်ပြည့်ဝသော နိုင်ငံ့သားကောင်းများဖြစ်လာမည်ဖြစ်သည်။ ထို့အတူ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ဓာတ်ပိုင်းဆိုင်ရာများ ကြံ့ခိုင်မြင့်မားလာပြီး စည်းကမ်းလိုက်နာမှုများ အားကောင်းလာမည်ဖြစ်သလို တပ်ဖွဲ့ဝင်အချင်းချင်း စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်တတ်သည့် အဖွဲ့အစည်းစိတ်ဓာတ်များ၊ မိမိတို့၏ ယုံကြည်ချက်၊ ခံယူချက်များ မြင့်မားလာမည်ဖြစ်ပေသည်။

နိုင်ငံသားများအနေဖြင့် မိမိတို့နိုင်ငံအပေါ် ကျရောက်လာမည့် ပြည်တွင်း၊ ပြည်ပ အန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသည့်အလျောက် တပ်မတော်နှင့်အတူ လက်တွဲပူးပေါင်းပြီး ပြည်သူ့စစ်မှုထမ်းတာဝန်ကို ကျရာကဏ္ဍကနေ ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ သို့မှသာ နိုင်ငံ၏ကာကွယ်ရေးစွမ်းအားများတောင့်တင်းလာပြီး အဖျက်အမှောင့်လုပ်ရပ်များကို ထိရောက်ပြတ်သားစွာတွန်းလှန်နိုင်မည်ဖြစ်သလို နိုင်ငံတစ်ဝန်း၌လည်း တည်ငြိမ်အေးချမ်းပြီး ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာအဓွန့်ရှည်တည်တံ့ခိုင်မြဲနေမည်ဖြစ်ပေသည်။ သို့ဖြစ်ရာ နိုင်ငံတော်ကာကွယ်ရေးအတွက် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁)တွင် မိမိသဘောဆန္ဒအလျောက် စစ်မှုထမ်းစာရင်းပေးသွင်းပြီး နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြတော့မည့် မျိုးချစ်နိုင်ငံ့သားကောင်းလူငယ်များ၏ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့အပေါ် လေးစားဂုဏ်ယူပါကြောင်း ဝမ်းမြောက်စွာဂုဏ်ပြုရေးသားလိုက်ရပေသည်။

# တန်ခူးလပြည့်နေ့တွင် မဟာမုနိရုပ်ရှင်တော်၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားများပြားလျက်ရှိ



**မန္တလေး မေ ၂၃**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားဖြစ်သော မဟာမုနိရုပ်ရှင်တော်၌ တန်ခူးလပြည့်နေ့(ယနေ့)တွင် နယ်စုံဒေသမှ လာရောက်ဖူးမြော်ကြသည့် ဘုရားဖူးပြည်သူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ရုံး ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြ၍ သိရသည်။

ယနေ့သည် မြန်မာလူမျိုးတို့၏ နေ့ထူးနေ့မြတ်ဖြစ်သော တန်ခူးလပြည့်နေ့ဖြစ်သည့်အပြင် ဗုဒ္ဓဘာသာဝင်တို့၏ ဥပုသ်နေ့ဖြစ်သောကြောင့် မဟာမုနိရုပ်ရှင်တော်ကို အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ နံနက်အစောပိုင်းမှစ၍ လာရောက် ဖူးမြော်ကြကြောင်း၊ ဖူးမြော်ကြရာတွင်လည်း မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်ကြပြီး ယခင်ရက်များထက် ဘုရားဖူးဦးရေတိုးကာ စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

"ဒီနေ့ တန်ခူးလပြည့်နေ့မှာ ဘုရားဖူးတွေနဲ့ စည်ကားများပြားနေပါတယ်။ ဘုရားဖူးတွေဟာ မနက်အစောပိုင်းကစပြီး ကားတွေ၊ ဆိုင်ကယ်တွေနဲ့ လာရောက်ဖူးမြော်ကြပြီး စောင်းတန်းတွေမှာ ဘုရားဖူးတွေနဲ့ စည်ကားနေပါတယ်။ ဒီနေ့ တန်ခူးလပြည့်နေ့မှာ နယ်က လာရောက်ဖူးမြော်သူတွေ၊ မြို့ပေါ်က လာရောက်ဖူးမြော်သူတွေနဲ့ စည်ကားနေပါတယ်။ ရွှေသင်္ကန်းကပ်လှူပူဇော်သူတွေနဲ့လဲ စည်ကားနေပါတယ်။ သမိုင်းဝင်ပြတိုက်တွေကို သွားရောက်လေ့လာသူတွေနဲ့လဲ စည်ကားနေပါတယ်။ ငါးကန်၊ လိပ်ကန်တွေကိုသွားရောက်ပြီး ငါး၊ လိပ်စာကျွေးသူတွေနဲ့ စည်ကားနေပါတယ်။ ဖွင့်လှစ်ရောင်းချနေတဲ့ဆိုင်ခန်းတွေမှာလဲ ဝယ်ယူသူတွေနဲ့ စည်ကားနေပါတယ်"ဟု ဦးသိန်းထွန်းက ပြောပြသည်။

မဟာမုနိရုပ်ရှင်တော်ကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၅၂၉၆၀၄ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

အလားတူ မန္တလေးမြို့ပေါ်ရှိ အထင်ကရ နေရာများဖြစ်သည့် မန္တလေးတောင်၊ ကုသိုလ်တော်ဘုရား၊ စန္ဒာမုနိဘုရား၊ စွယ်တော်မြတ်စေတီတော်၊ ဝေရောစနကျောက်စိမ်းစေတီတော်တို့၌လည်း ဘုရားဖူးများဖြင့် နံနက်အစောပိုင်းမှစတင်၍ စည်ကားများပြားလျက်ရှိကြောင်း သိရသည်။ (၁၈၅)

# နတ်ရေကန်ငါးလုပ်ငန်းစခန်းက အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်နည်းသင်တန်း၊ GAqP သင်တန်းများဖွင့်လှစ်မည်

**မန္တလေး မေ ၂၃**

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ငါးမွေးမြူသူများအတွက် အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်နည်းသင်တန်း၊ ကောင်းမွန်သောရေသတ္တဝါမွေးမြူရေးကျင့်စဉ် (GAqP)သင်တန်းများကို ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး နတ်ရေကန်ငါးလုပ်ငန်းစခန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းဦးက ပြောပြ၍ သိရသည်။

အဆိုပါသင်တန်းများကို ငါးမွေးမြူရေး စိတ်ပါဝင်စားသည့်သူများကို ငါးမွေးမြူရေးနည်းစနစ်များ သိရှိနားလည်စေရေးအတွက် အဓိကထားရည်ရွယ်ပြီး ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ ယခုဘဏ္ဍာနှစ်အတွင်း သင်တန်းပေးရန် သုံးကြိမ်လျာထားကြောင်း၊ သင်ကြားပေးသည့်အခါတွင် အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်နည်းသင်တန်းနှစ်ကြိမ်၊ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်(GAqP) သင်တန်းတစ်ကြိမ် ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ ၎င်းသင်တန်းများတွင် သင်တန်းသား ၂၅ ဦး လက်ခံ၍ အခမဲ့ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

"အခုဘဏ္ဍာနှစ်အတွင်းမှာ နတ်ရေကန်ငါးလုပ်ငန်းစခန်းအနေနဲ့ သင်တန်းဖွင့်ဖို့ လျာထားတာ သုံးကြိမ်ပါ။ အခုလိုနှစ်စဉ်သင်တန်းတွေဖွင့်လှစ်ပေးတာကြောင့် ငါးမွေးမြူသူတွေ ကျန်းမာသန့်စွမ်းတဲ့ ငါးသားပေါက်၊ ငါးမျိုးစိတ်တွေကို မွေးမြူနိုင်စေဖို့ပါ။ ငါးမျိုးကောင်းမျိုးသန့်တွေကို ထုတ်လုပ်ဖြန့်ဖြူးနိုင်စေဖို့ နည်းပညာရပ်တွေကို သင်ကြားပေးတာပါ။ ငါးမွေးမြူသူတွေ ရေချိုငါးမွေးမြူရေးကို စနစ်တကျမွေးမြူနိုင်စေဖို့ပါ။ ဒါ့ပြင် ငါးအစားအစာ ဘေးအန္တရာယ်ကင်းရှင်းစေဖို့နဲ့ မိမိတို့ကိုယ်တိုင် ငါးသားဖောက်ထုတ်လုပ်နိုင်စေဖို့ကို ရည်ရွယ်ပြီးဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။ ဒါ့ပြင် ငါးလုပ်ငန်းစခန်းက ခရိုင်မှူး၊ မြို့နယ်မှူးတွေနဲ့ပူးပေါင်းပြီး ကျေးရွာတွေထိကွင်းဆင်းပြီး သင်တန်းပေးသွားဖို့လဲရှိပါတယ်"ဟု ဒေါ်စန်းစန်းဦးက ပြောပြသည်။

သင်တန်းဖွင့်လှစ်သည့်အခါတွင်လည်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ပေးမည်ဖြစ်ပြီး ငါးလုပ်ငန်းစခန်းမှ ကျွမ်းကျင်ပညာရှင်များက စာတွေ့၊ လက်တွေ့နည်းဖြင့် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (၁၈၅)

# ပြည်ပကဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်တွင် ပဲတီစိမ်း အရောင်းအဝယ်ကောင်းမွန်နေ

**မန္တလေး မေ ၂၃**

ပြည်ပက ဝယ်မှုများပြားသဖြင့် မန္တလေးဈေးကွက်တွင် ပဲတီစိမ်း အရောင်းအဝယ် ကောင်းမွန်နေကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပဲတီစိမ်းကို ယခုလက်ရှိ မန္တလေးဈေးကွက်အတွင်း ဝယ်ယူမှု များပြားလာကြောင်း၊ ထို့ပြင် ပြည်ပကလည်း ပဲတီစိမ်းကို ဝယ်ယူမှု ပြန်လည်များပြားလာကြောင်း သိရသည်။

"ပဲတီစိမ်းက မန္တလေးဈေးကွက်အတွင်းမှာတော့ အဝယ်လိုက်တဲ့ကုန်စည်ထဲမှာ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ အခုလတ်တလော ကြိုက်ရောင်းကြိုက်ဝယ်တွေ ပြန်များလာပြီး အရောင်းအဝယ်ကလဲ တော်တော်လေး ပြန်ကောင်းလာတယ်။ နောက်ပိုင်း ပဲတီစိမ်းအရောင်းအဝယ် ဒီထက်ပိုပြီး ကောင်းမွန်လာမဲ့ အနေအထားမှာရှိပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် ယနေ့ပေါက်ဈေးအရ ပဲတီစိမ်း သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ပဲတီစိမ်းကို မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အများဆုံး စိုက်ပျိုးလျက်ရှိကြောင်း ဦးစက်မောင်ဆွေက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မင်းဘူးမြို့နယ် မုန်တောင်(ရွာမ) ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မင်းဘူး မေ ၂၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ဖြင့် မုန်တောင်ကျေးရွာအုပ်စု၊ မုန်တောင်(ရွာမ)ကျေးရွာ၌ ကွန်ကရစ် လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို မေ ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်၊ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ မုန်တောင်(ရွာမ)ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်က ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ပိုင်းဝန်းထိန်းသိမ်းဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

မုန်တောင်(ရွာမ) ကျေးရွာ၌ အရှည် ၆၃၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၃ သိန်း စုစုပေါင်း ငွေကျပ် ၁၆၃ သိန်းအသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်ထံမှ သိရသည်။

**ဧင်မာ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ဘုရားကြီးဈေးနေ နန်းရွှေပြည်မိသားစုက ဒေါ်လှသိန်းအား ရည်စူး၍ ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၄၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏ၊ ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၈၄၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့



**ဘိုကလေး မေ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၈၄၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြူကြူက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်းက ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၅၉၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ် ၁ ရက်မှ ၃၁ ရက်ထိ ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၈၄၀၀၀ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး လုပ်ငန်းရှင်တွေက ဒေသထွက်စပါးတွေကို ဝယ်ယူကြိတ်ခွဲပြီး ဆန်အဖြစ် ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ဘိုကလေးမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို မတ်လအတွင်းမှာ ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၈၄၀၀၀ တင်ပို့ရောင်းချခဲ့ရတယ်။ လက်ရှိ ဒေသထွက် နွေစပါးတွေကို ဝယ်ယူကြိတ်ခွဲပြီး ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ဆန်ဈေးကလဲ ပုံမှန်အခြေအနေမှာ ရှိနေပါတယ်။ ရန်ကုန်ဈေးကွက်က အခုဧပြီလထဲမှာလဲ ဘိုကလေးမြို့နယ်ဘက်ကဆန်တွေ အဝယ်လိုက်နေပါတယ်"ဟု ဘိုကလေးမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြူကြူက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၃၅၀၀၀ ထိဈေးပေါက်နေကြောင်း၊ အဆိုပါဆန်များကို ရန်ကုန်ဈေးကွက်သို့ အဆက်မပြတ် တင်ပို့ရောင်းချနေရခြင်းကြောင့် အရောင်းအဝယ်လုပ်ငန်းရှင်များ၊ စိုက်ပျိုးရေးတောင်သူများ၊ ကုန်တင်ကား အငှားလိုက်သူများ၊ ကုန်တင်ကုန်ချ လုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မလှိုင်မြို့နယ် ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် မေ ၂၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျှော့ကျစေရန် ရည်ရွယ်၍ ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ မြို့နယ်ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၈ ဒသမ ၂ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အခြားလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ပြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရွာသစ်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၃ ဦးကို ငွေကျပ် ၂၅ ဒသမ ၄သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၁ ဦးကို ငွေကျပ် ၁၉သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၂ ဒသမ ၄ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁ ဒသမ ၄သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၂ ဦးကို ငွေကျပ် ၄၈ ဒသမ ၂ သန်း ထုတ်ချေးပေးထားကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ပြောပြ၍ သိရသည်။

**ဟိန်းထက်ရိုး(မလှိုင်)**

# မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နေကြာ ၇၉၇၁ ဧက ရိတ်သိမ်းပြီးစီး

**မော်လိုက် မေ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နေကြာ ၇၉၇၁ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နေကြာစိုက်ခင်းများကို ဖေဖော်ဝါရီလမှစတင်၍ ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၇၉၇၁ ဧက ရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၂၉ ဒသမ ၃၁ တင်းထွက်ရှိကြောင်း သိရသည်။

"မော်လိုက်ခရိုင်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက နေကြာ ၇၉၇၁ ဧက စိုက်ပျိုးထားတယ်။ အခုလက်ရှိ ဧကအားလုံးရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ ပြည်ပကနေ တင်သွင်းတဲ့စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးသွားမှာပါ။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာဟာ တစ်ဧက ဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက် များပါတယ်" ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

မော်လိုက်ခရိုင်အတွင်း မြို့နယ်အလိုက် နေကြာ ရိတ်သိမ်းပြီးစီးမှုအနေဖြင့် မော်လိုက်မြို့နယ်တွင် ၅၅၆၄ ဧက၊ ဖောင်းပြင်မြို့နယ်တွင် ၂၄၀၇ ဧက စုစုပေါင်း ၇၉၇၁ ဧကဖြစ်ကြောင်း သိရသည်။

မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက နေကြာ ၇၉၇၁ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

မော်လိုက်ခရိုင်တွင် နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ၊ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြှင့်မားရေးအတွက် ပညာပေးသင်တန်းများကို အချိန်မြှင့်တင် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၂၀၆)



# မိဖုရားခေါင် စုဖုရားလတ်နှင့် မြတောင်ကျောင်း

မောင်သာ(ရွှေဟောင်းသုတေသန)



သီပေါမင်း၏မိဖုရားခေါင် စုဖုရားလတ်လှူဒါန်းခဲ့သည့် မူလမြတောင်ကျောင်းတိုက်။

ကုန်းဘောင်ဆက် နောက်ဆုံးဘုရင် သီပေါမင်း၏မိဖုရားခေါင် စုဖုရားလတ် ဆောက်လုပ်လှူဒါန်းခဲ့သည့် သာသနိကအဆောက်အအုံတစ်ခုဖြစ်သော မြတောင်ကျောင်းသည် မန္တလေးမြို့ ၃၅ လမ်း၊ ၈၅ လမ်းနှင့် ၈၆ လမ်းကြားတွင် တစ်ချိန်က တည်ရှိခဲ့သည်။ လက်ရှိတည်ရှိနေသည့် မြတောင်ကျောင်းသည် မိဖုရားခေါင်ကြီးစုဖုရားလတ် တည်ဆောက်လှူဒါန်းခဲ့သည့် မူလအဆောက်အအုံမဟုတ်ချေ။ မူလကျောင်းအဆောက်အအုံသည် ဒုတိယကမ္ဘာစစ်အတွင်း ၁၉၄၂ ခုနှစ် ဧပြီ ၇ ရက်တွင် မီးလောင်ပျက်စီးသွားခဲ့ပြီဖြစ်သည်။

## မိဖုရားလတ် (၁၈၅၉-၁၉၂၅)

မြန်မာနိုင်ငံသမိုင်းတွင် ကုန်းဘောင်ဆက်နောက်ဆုံးဘုရင်သီပေါမင်း၏မိဖုရား စုဖုရားလတ်ကို ခရစ်နှစ် ၁၈၅၉ ခုနှစ် ဧပြီ ၁၂ ရက်တွင် မင်းတုန်းမင်းနှင့် အလယ်နန်းတော်မိဖုရား ဆင်ဖြူမရှင်တို့က ဒုတိယမြောက်သမီးတော်အဖြစ် ဖွားမြင်ခဲ့သည်။ သီရိပဝရတိလောကမဟီလာ မဟာရတနာဒေဝီဘွဲ့ခံ စုဖုရားလတ်၏မယ်တော် ဆင်ဖြူမရှင်သည် ကုန်းဘောင်ဆက်ဘုရင် စစ်ကိုင်းမင်းနှင့်နန်းမတော်မယ်နုတို့၏သမီးဖြစ်သည်။

သီပေါမင်းသည် မင်းတုန်းမင်းနှင့် လောင်းရှည်မိဖုရားတို့၏သားတော်ဖြစ်ပြီး ခမည်းတော်တူ၍ မယ်တော်ကွဲသည့် နှမဖြစ်သူစုဖုရားလတ်နှင့်လက်ဆက်ခဲ့ပြီး ခရစ်နှစ် ၁၈၇၈ ခုနှစ်တွင် ကုန်းဘောင်ဘုရင်ဖြစ်လာခဲ့သည်။

သီပေါမင်းသည် ရတနာပုံမန္တလေးတွင် ခုနစ်နှစ်ကြာနန်းစံခဲ့ပြီး ၁၈၈၅ ခုနှစ်တွင် ဗြိတိသျှတို့က နန်းမှချကာ အိန္ဒိယသို့ပို့ဆောင်ခဲ့သဖြင့် မိဖုရားခေါင်စုဖုရားလတ်လည်းပါသွားခဲ့ရသည်။ ထိုအချိန်တွင် သီပေါမင်းသည် အသက် ၂၇ နှစ်၊ စုဖုရားလတ်က အသက် ၂၆ နှစ်ဖြစ်သည်။

ကုန်းဘောင်ဆက် နောက်ဆုံးဘုရင်နှင့် မိဖုရားတို့သည် အိန္ဒိယနိုင်ငံတွင် နှစ် ၃၀ ကြာနေခဲ့ကြပြီး သီပေါမင်းသည် ၁၉၁၆ ခုနှစ်တွင် ရတနာဂီရိ၌ နတ်ရွာစံခဲ့သည်။ ဗြိတိသျှအစိုးရက သီပေါမင်း၏ ရုပ်အလောင်းကို မြန်မာနိုင်ငံသို့ သယ်ယူခွင့်မပြုသဖြင့် အိန္ဒိယနိုင်ငံ၌ပင် သင်္ဂြိုဟ်မြှုပ်နှံခဲ့သည်။ စုဖုရားလတ်ကိုမူ ၁၉၁၉ ခုနှစ်တွင် မြန်မာနိုင်ငံသို့ပြန်ခွင့်ပြုခဲ့ပြီး ရန်ကုန်မြို့တွင်နေထိုင်စေခဲ့ကာ မန္တလေးသို့ သွားခွင့်မပြုခဲ့ချေ။ စုဖုရားလတ်သည် ရန်ကုန်မြို့သို့ရောက်ရှိခဲ့ပြီးနောက် သခင်ကိုယ်တော်မှိုင်းက အကြံဉာဏ်များပေးခဲ့သည်။ သခင်ကိုယ်တော်မှိုင်းသည် အသက်ကိုးနှစ်အရွယ်၌ သီပေါမင်းနှင့် စုဖုရားလတ်တို့ပါတော်မူသည့် ၁၈၈၅ ခုနှစ် နိုဝင်ဘာ ၂၅ ရက်တွင် အရှင်နှစ်ပါးကို ဗြိတိသျှတို့က ရေဝတီမြစ်ဆိပ်ရှိ သူရိယသင်္ဘောသို့ ခေါ်ဆောင်သွားပုံကို မန္တလေးမြို့ မြတောင်ကျောင်းတိုက် စာတော်ဝန် ဦးစံကျောင်းပေါ်မှ ကိုယ်တိုင်မြင်တွေ့ခဲ့ကြောင်း ထင်ရှားခဲ့သည်။

စုဖုရားလတ်သည် အသက် ၆၆ နှစ်အရွယ် ၁၉၂၅ ခုနှစ် နိုဝင်ဘာ ၂၄ ရက် အင်္ဂါနေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့ရာ ဆွေတော်မျိုးတော်များက မန္တလေးမြို့၌ သင်္ဂြိုဟ်ရန်ဆန္ဒရှိခဲ့သော်လည်း ဗြိတိသျှအစိုးရက ခွင့်မပြုခဲ့ဘဲ ဈာပနကျင်းပသည့်ရက်ကို ရုံးပိတ်ရက်အဖြစ် ကြေညာပေးခဲ့သည်။ စုဖုရားလတ်၏ရုပ်ကလာပ်ကို ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်တောင်ဘက်ခြေရင်းရှိ မြေကွက်တွင် ဂူသွင်းမြှုပ်နှံသည့် အခမ်းအနားသို့ သံဃာတော်အပါး ၉၀ ကြွရောက်ခဲ့သည်။ စုဖုရားလတ်၏ဈာပနအခမ်းအနားသို့ ဗြိတိသျှဝန်ရှင်တော်မင်းကြီး ဆာဟားကုတ်ဘတ္တလာတက်ရောက်ခဲ့ကာ ရုပ်ကလာပ်ကို ထီးဖြူရွှေစက်မိုးလျက် သေနတ်အချက် ၃၀ ဂုဏ်ပြုပစ်ဖောက်ခဲ့သည်။

## မြတောင်မင်းသမီးနှင့်မြတောင်ကျောင်း

စုဖုရားလတ်သည် အမျိုးတော်ဘဝတွင် မြတောင်ကို စားခဲ့ရသဖြင့် မြတောင်မင်းသမီးဟုလည်း ထင်ရှားခဲ့သည်။ မြတောင်သည် မန္တလေးမြို့မှမြောက်ဘက်သို့ ရေကြောင်းအတိုင်း ၁၄၉ မိုင်ကွာဝေး၍ ထီးချိုင့်မြို့၏ အရှေ့ဘက်ကမ်းတွင် တည်ရှိသည်။ တကောင်းမြို့မှ အထက်သို့ မိုင် ၂၀ ကွာဝေးသည်။ မြတောင်ကို မိုးညှင်းမြို့စား သိုဝ်အပ်က သက္ကရာဇ် ၁၀၂ ခုနှစ်တွင်တည်ခဲ့ကာ ရှေးအခါက လားဟိုးဟုအမည်တွင်ခဲ့ကြောင်း ရာဇဝင်ကျမ်းများတွင် ဖော်ပြကြသည်။

သက္ကရာဇ် ၄၆၀ ပြည့်နှစ်တွင် အလောင်းစည်သူမင်းသည် လားဟိုးသို့ရောက်ရှိခဲ့စဉ် လားဟိုးသည် မြအဆင်းရှိသော တောင်ရိပ်ကိုခိုနေသည့်အရပ်ဟု ဆိုကာ မြတောင်ဟုအမည်ပြောင်းခဲ့သည်ဟု ဆိုကြသည်။ ကုန်းဘောင်ခေတ်တွင် မြတောင်သည် အရေးပါသောမြို့တစ်မြို့ဖြစ်ခဲ့ကာ မြတောင်ကိုစားရသည့် မင်းသမီးလေးပါးရှိခဲ့သည့်အနက် လေးဆက်မြောက် နောက်ဆုံးစားခဲ့သူသည် မင်းသမီးစုဖုရားလတ်ဖြစ်သည်။

မြတောင်မင်းသမီးစုဖုရားလတ်သည် သီပေါမင်း၏ မိဖုရားခေါင်ဖြစ်လာခဲ့ပြီးနောက် သက္ကရာဇ် ၁၂၄၄ ခုနှစ်တွင် မဟာရတနာဘုံစံကျောင်းကို စတင်တည်ဆောက်ခဲ့သည်။ မြတောင်ဆရာတော်က မြတောင်ကျောင်းတည်ဆောက်မည့်နေရာကို မန္တလေးမြို့ အနောက်ပြင် ရတနာဘုံမိရပ်ရှိ ပခန်းထိပ်ထား၏ ဥယျာဉ်မြေနေရာကိုရွေးချယ်သဖြင့် စုဖုရားလတ်သည် ထိုနေရာကိုဝယ်ယူပြီး ကျောင်းတိုက်အဆောက်အအုံကို မင်းကြီးမဟာမင်းလှသင်္ခယာ လှေသင်းအတွင်းဝန် ဦးရွှေမောင်အား ကြီးကြပ်ဆောက်လုပ်စေခဲ့သည်။

ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးစာအုပ်၌ ၁၂၄၆ ခုနှစ် နှောင်းတန်ခူးလ ရွှေမြို့တော်ကြီးအနောက်ပြင် ဝေါဝိန်တံတား လမ်းတောင်ဘက်၊ ရတနာဘုံမိအရပ်တွင် အသျှင်နန်းမတော်မိဖုရားခေါင်ကြီးက ဆောက်လုပ်ပြီးပြေသည့် ရွှေရေးကျောင်းရံရစ်ရပ်နှင့်တကွ ဘုံလေးဆင့်ရှိ မှန်ကျောင်းတော်၊ တိုက်ကို မဏိရတနာရာမတိုက်၊ ကျောင်းတော်ကို မဟာရတနာဘုံစံကမ္ဗည်းတပ်တော်မူပြီးလျှင် အာလောကာဘိဝဝရ သာသနာ့ရက္ခိတ မဟာဓမ္မရာဇာဓိရာဇဂုရုတံဆိပ်တော်ရ မြတောင်ဆရာတော်အား ကျောင်းအပ်တင်လှူတော်မူသည်ဟု မှတ်တမ်းပြုခဲ့ပေသည်။

## မူလမြတောင်ကျောင်းဗိသုကာလက်ရာများ

မူလမြတောင်ကျောင်းကို ရှေးမြန်မာဘုန်းကြီးကျောင်း သစ်သားအဆောက်အအုံများတည်ဆောက်သည့်ပုံစံအတိုင်း ကျောင်းဦးပြာသာဒ်ဆောင်၊ စနဆောင်၊ ဆောင်မကြီးနှင့် ဘောဂဆောင်တို့ဖြင့်ဖွဲ့စည်းတည်ဆောက်ခဲ့သည်။

ကျောင်း၏ အရှေ့ဘက်နှင့် အနောက်ဘက်တွင် လှေကားနှစ်စင်း၊ တောင်ဘက်နှင့် မြောက်ဘက်တွင် လှေကားခြောက်စင်းတပ်ဆင်ထားကာ လှေကားရှစ်စင်းလုံးသည် သရက်ကင်းလှေကားများဖြစ်ကြသည်။ ကျောင်းအောက်ခြေပိုင်းကို စိန်တောင်များဖြင့်ပတ်ရံထားခဲ့သည်။ ကျောင်းတိုင်လုံးများကို စကျင်ကျောက်ကြာဖတ်များခံထားသည့် နဂါးရုပ်များဖြင့်ထောက်ထားသည်။

မြတောင်ကျောင်းကို လက်ရာအထူးကောင်းမွန်သည့် အပြောက်အမွမ်းများ၊ တုရင်မှန်ကင်းများဖြင့် တန်ဆာဆင်ခဲ့သည်။ ရှင်ဘုရင်ဆောက်လုပ်လှူဒါန်းသည့်သစ်သားကျောင်းများတွင် တန်ဆာဆင်သည့် အပြောက်အမွမ်းများသည် နန်းတော်တွင်ဆင်ယင်သည့် အပြောက်အမွမ်းများနှင့်မတူဘဲ ကျောင်းပြောက်ဟု ခေါ်တွင်သည်။

❖ မူလမြတောင်ကျောင်းကို ရှေးမြန်မာဘုန်းကြီးကျောင်း သစ်သားအဆောက်အအုံများ တည်ဆောက်သည့်ပုံစံအတိုင်း ကျောင်းဦးပြာသာဒ်ဆောင်၊ စနဆောင်၊ ဆောင်မကြီးနှင့် ဘောဂဆောင်တို့ဖြင့် ဖွဲ့စည်းတည်ဆောက်ခဲ့သည်။ ကျောင်း၏ အရှေ့ဘက်နှင့်အနောက်ဘက်တွင် လှေကားနှစ်စင်း၊ တောင်ဘက်နှင့်မြောက်ဘက်တွင် လှေကားခြောက်စင်းတပ်ဆင်ထားကာ လှေကားရှစ်စင်းလုံးသည် သရက်ကင်းလှေကားများဖြစ်ကြသည်။ ကျောင်းအောက်ခြေပိုင်းကို စိန်တောင်များဖြင့်ပတ်ရံထားခဲ့သည်။ ကျောင်းတိုင်လုံးများကို စကျင်ကျောက်ကြာဖတ်များခံထားသည့် နဂါးရုပ်များဖြင့် ထောက်ထားသည်။ ❖

ပြာသာဒ်ဆောင်ပတ်လည်၌ ဇာတ်နိပါတ်တော်ဆိုင်ရာအရုပ်များကို ဆင်ယင်ထားသကဲ့သို့ အတွင်းမာရဘင်တွင်လည်း ဇာတ်ကြီးဆယ်ဘွဲ့မှ ဇာတ်ကွက်တချို့ဖြင့် အလှဆင်ခဲ့သည်။ အထက်မျက်နှာကြက်နှင့် တိုင်ခါးပန်းများကိုလည်း လင်းလက်တောက်ပနေသည့် ရောင်စုံမှန်များစီခြယ်ထားသဖြင့် မှန်ကျောင်းဟုလည်း ခေါ်ခဲ့ကြသည်။ မြတောင်ကျောင်းတည်ဆောက်မှု ကုန်ကျငွေသည် ငါးသန်းလေးသိန်းဖြစ်ပြီး "သံ ပ ရာ သီး တစ် လုံး ဖိုး" ဟုမှတ်သားခဲ့ရာ ပြောင်းပြန်ယူလျှင် ၅၄၇၆၄၅၆ ဖြစ်ပေသည်။ (ငွေကြေးယူနစ်ကို ဖော်ပြထားခြင်းမရှိပါ)

## မြတောင်ကျောင်းတည်ဆောက်မှုပညာရှင်များ

မြတောင်ကျောင်းပုံစံကို ပန်းပုဆရာကြီးဦးရန်ကင်းက ရေးဆွဲခဲ့ကာ မဟာမင်းလှသင်္ခယာ လှေသင်းအတွင်းဝန် ဦးရွှေမောင်က ကြီးကြပ်ဆောက်လုပ်ခဲ့သည်။ ဗိသုကာဆရာဆိုင်၏ဖခင် ပန်းပုဆရာကြီးဆရာခင်က မြတောင်ကျောင်းအတွက် ပန်းပွားရုပ်များထုလုပ်ခဲ့သည့်အပြင် ကျောင်း၏အရှေ့မြောက်ထောင့်အပိုင်းကို တာဝန်ယူခဲ့ရသည်။ ထို့အတူ မြတောင်ကျောင်းတွင်ဆင်ယင်မည့် အပြောက်အမွမ်းများကို ဆရာခင်ကပင် ထုလုပ်ခဲ့သည်။

ဆရာခင်သည် မြတောင်ဆရာတော်ကျိန်းစက်ရန် သလွန်နှင့် မိဖုရားခေါင် စက်တော်ခေါ်ရန် သလွန်ကို ထုလုပ်ပေးခဲ့ရာ မိဖုရားခေါင်က အလွန်နှစ်သက်သဖြင့် ဆရာခင်ကို ရွှေလက်ရိုက်ဆုချခဲ့သည်။

## မြတောင်ကျောင်း၏ နိဂုံး

မဟာရတနာဘုံစံအမည်ထက် မြတောင်ကျောင်းတိုက်အမည်ဖြင့် ပိုမိုထင်ရှားခဲ့သည့် မြန်မာ့မူလက်ရာ သစ်သားဘုန်းကြီးကျောင်းသည် ၁၉၄၂ ခုနှစ် ဧပြီ ၇ ရက်တွင် အရံကျောင်းများနှင့်အတူ မီးသင့်ပျက်စီးခဲ့သည်။ ထိုနေ့ညနေ ၅ နာရီတွင် မဟာမိတ်တပ်က ဂျစ်ကားတစ်စီးပေါ်မှ မြတောင်ကျောင်းအနောက်မြောက်ဘက်သို့ မီးကျည်တစ်စင်းပစ်လွှတ်ခဲ့ရာ ဖောင်ဝန်မင်းကျောင်းခေါင်မိုးပေါ် သို့ကျပြီး မီးစွဲခဲ့သည်။ ဖောင်ဝန်မင်းကျောင်းမှမီးသည် အခြားကျောင်းတိုက်များသို့ကူးကာ ပြာသာဒ်ဘုံခုနစ်ဆင့်ဖြင့် တည်ဆောက်ထားသည့် မြတောင်ကျောင်းသည် မီးလောင်ပျက်စီးသွားခဲ့ရပေသည်။

ထိုအချိန်သည် မြတောင်ကျောင်း၏ သက်တမ်းသည် ၅၇ နှစ်သာရှိသေးပြီး တန်ဖိုးမဖြတ်နိုင်သည့် မြန်မာ့ဗိသုကာလက်ရာအဆောက်အအုံ ပျက်စီးပျောက်ကွယ်သွားခဲ့ရခြင်းသည် အစားမထိုးနိုင်သည့် ဆုံးရှုံးမှုဖြစ်ခဲ့သည်။

၁၉၀၁ ခုနှစ် ဒီဇင်ဘာလတွင် အိန္ဒိယဘုရင်ခံချုပ် လော့ကာဇွန်(Lord Curzon)က ထိန်းသိမ်းစောင့်ရှောက်ရန်ညွှန်ကြားခဲ့သည့် မြတောင်ကျောင်းတိုက်သည် လက်ရှိအချိန်တွင် မရှိတော့သော်လည်း ဂုဏ်ယူဖွယ် မြန်မာ့ဗိသုကာလက်ရာတစ်ခုအဖြစ် မှတ်တမ်းအထောက်အထားများ ကျန်ရှိခဲ့ပေသည်။

**ကိုးကား**

- ပျောက်ကွယ်ခဲ့သော တော်ဝင်ကျွန်းဘုန်းကြီးကျောင်းများ (ဉာဏ်လင်းတင့်)
- ကုန်းဘောင်ဆက် မဟာရာဇဝင်ကြီး၊ တတိယတွဲ (ဦးမောင်မောင်တင်)
- မြန်မာ့အဆင်တန်ဆာများနှင့် ဘုန်းတော်ကြီးကျောင်းများ (မောင်ယဉ်လှိုင်း၊ပျဉ်းမဖြိုင်)

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ မိုးကြိုပဲတီစိမ်း ၁၂၇၂၉ ဧက စိုက်ပျိုးပြီးစီး

ရေဦး ဧပြီ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ မိုးကြိုပဲတီစိမ်း ၁၂၇၂၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။



ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ မိုးကြိုပဲတီစိမ်း ၁၀၄၃၇ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၂၇၂၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“ဒီနှစ် ဒီပဲယင်းမြို့နယ်မှာ မိုးကြိုပဲတီစိမ်း ၁၀၄၃၇ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၂၇၂၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ပညာပေးတာတွေ၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့၊ သဘာဝမြေဩဇာနဲ့ ပိုးသတ်ဆေးတွေ ပြုလုပ်သုံးစွဲဖို့ ပညာပေးတာတွေ ရှိပါတယ်”ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးကြိုပဲတီစိမ်း စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စားဖိုဆောင်သီးနှံ ၄၁၈၃ ဧက ရိတ်သိမ်းပြီးစီး

မင်းဘူး ဧပြီ ၂၃

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စားဖိုဆောင်သီးနှံ ၄၁၈၃ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စားဖိုဆောင်သီးနှံ ၄၁၈၃ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစားဖိုဆောင်သီးနှံများကို ဇန်နဝါရီလ စတုတ္ထပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံးရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီက ပွင့်ဖြူမြို့နယ်မှာ စားဖိုဆောင်သီးနှံ ၄၁၈၃ ဧကစိုက်ပျိုးနိုင်ခဲ့ပါတယ်။ စားဖိုဆောင်သီးနှံတွေစိုက်ပျိုးရာမှာ အခက်အခဲမဖြစ်စေဖို့ စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းတွေက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးဖို့၊ အစားအစာဘေးကင်းလုံခြုံစေဖို့အတွက် GAP စနစ်နဲ့အညီ စိုက်ပျိုးနိုင်ဖို့၊ သဘာဝပိုးသတ်ဆေးနဲ့ သဘာဝမြေဩဇာတွေကို စနစ်တကျထုတ်လုပ် အသုံးပြုတတ်စေဖို့အတွက် စိုက်ပျိုးရေး နည်းပညာတွေကို ကူညီဆောင်ရွက်ပေးထားပါတယ်”ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် စားဖိုဆောင်သီးနှံ ရိတ်သိမ်းပြီးစီးမှုအနေဖြင့် ငရုတ် ၁၂၈၅ ဧက၊ ကြက်သွန်နီ ၁၁၂၅ ဧက၊ ကြက်သွန်ဖြူ ၂၈ ဧက၊ ဟင်းသီးဟင်းရွက် ၁၇၄၅ ဧက ရိတ်သိမ်းနိုင်ခဲ့ကြောင်း၊ ကြက်သွန်နီတစ်ဧကလျှင် ပိဿာ ၅၅၀၀၊ ကြက်သွန်ဖြူတစ်ဧကလျှင် ပိဿာ ၃၀၀၀၊ ငရုတ်တစ်ဧကလျှင် ပိဿာ ၇၅၀၊ ဟင်းသီးဟင်းရွက်တစ်ဧကလျှင် ပိဿာ ၄၃၀၀ ထွက်ရှိကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

## တောင်သူပျို၏ နွေနံနက်

- တို့အညာ ခင်းနံနက်
စာငှက်တို့ ချစ်ခွန်းသီ၊
မြူမှုန်တွေ ဆိုင်းလဲ့လို့
မှိုင်းတဲ့ပန်းချီ၊
တမာနဲ့ လှိုင်ကြည်
လေပြည်က ရှင်အေး၊
လုပ်ခွင်ပြင် အညာသားတို့
အားရဖွယ်လေး။

- နွားချေးတွေ လှည်းတစ်လေး
စွဲပြေးလို့ လယ်မှာသွန်၊
နွားညီနောင် အစားဝ
အားရလို့ တွန်၊
တောင်သူမို့ လူချွန်
လှည်းခွံချည်း ပြန်မလှည့်၊
ယာပြင်ကျယ် ခင်းတစ်လျှောက်
ထင်းတမောက်တင်ခဲ့။

- နေခြည်မျှင် ရောင်မလဲ့ခင်က
ခေါက်တို့တဲ့ ခေါက်ပြန်၊
အညာသူ လူညိုချော
တောထွက်တဲ့ ဟန်၊
ကျေးသံနဲ့ ငှက်သံ
ကျွက်ညံတဲ့ နဘံကြား၊
သံဝါဝါ တေးအလှနဲ့
ဟန်ပါပါ အေးတမြမြ
အို့ . .
ကြွေးကြပေတကား။ ။

လွမ်းလေးကို(သရက်)

# ညောင်ရွှေမြို့နယ် ဝမ်းဘဲအင်းရွှေဒါးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ညောင်ရွှေ ဧပြီ ၂၃

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ ရွာသာကျေးရွာအုပ်စု ဝမ်းဘဲအင်းရွှေဒါးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကိုကိုနိုင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မြတ်မြတ်မူနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားလုပ်ငန်းများ၊ အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ပြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဝမ်းဘဲအင်းရွှေဒါးကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၄ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၈ ဦး၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ၅၈ ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၇ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၈၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် ၅၅ ဒသမ ၅ သန်း ထုတ်ချေးပေးထားကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်ထံမှ သိရသည်။

ဟိန်းထက်ရိုး(မလှိုင်)

# နိုင်ငံတကာ သတင်းများ

## အစ္စရေးစစ်ထောက်လှမ်းရေးအဖွဲ့ အကြီးအကဲ ဗိုလ်ချုပ်အာရွန်ဟာလီဗာ ရာထူးမှနုတ်ထွက်

**ဂျေရုဆလင် ဧပြီ ၂၃**

ဂါဇာအခြေစိုက် ဟားမတ်စ်အုပ်စု၏ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက် တိုက်ခိုက်မှုအတွက် တာဝန်ယူသည့်အနေဖြင့် အစ္စရေးစစ်ထောက်လှမ်းရေးအဖွဲ့ အကြီးအကဲ ဗိုလ်ချုပ်အာရွန်ဟာလီဗာသည် ဧပြီ ၂၂ ရက်တွင် ရာထူးမှနုတ်ထွက်ခဲ့ကြောင်း သိရသည်။

စစ်သက် ၃၈ နှစ်ရှိပြီဖြစ်သည့် ဗိုလ်ချုပ်ဟာလီဗာသည် အခြားအစ္စရေး ထိပ်တန်းခေါင်းဆောင်အများအပြားကဲ့သို့ပင် ဟားမတ်စ်အုပ်စု၏တိုက်ခိုက်မှုကို ကြိုတင်ခန့်မှန်းနိုင်မှု၊ ကာကွယ်နိုင်မှု မရှိခဲ့ကြောင်း ဝန်ခံထားသည်။

မိမိ၏ကွပ်ကဲဦးဆောင်မှုအောက်ရှိ ထောက်လှမ်းရေးအဖွဲ့အနေဖြင့် မိမိတို့အားအပ်နှံထားသည့်တာဝန်ကိုကျေပွန်မှုမရှိခဲ့ကြောင်း ဗိုလ်ချုပ်ဟာလီဗာ၏ ရာထူးနုတ်ထွက်စာ၌ ဖော်ပြထားသည်။

သို့သော် ဗိုလ်ချုပ်ဟာလီဗာ အနေဖြင့် အစ္စရေးစစ်ထောက်လှမ်းရေးအဖွဲ့ အကြီးအကဲသစ်ကို ရွေးချယ် ခန့်အပ်နိုင်ချိန်ထိတိုင် စစ်ထောက်လှမ်းရေးအဖွဲ့ အကြီးအကဲရာထူးကို ယာယီဆက်လက်ရယူပေးထားမည်ဖြစ်သည်။

ဂါဇာအခြေစိုက် ဟားမတ်စ်အုပ်စုသည် ပြီးခဲ့သည့်နှစ် အောက်တိုဘာ ၇ရက်တွင် အစ္စရေးတောင်ပိုင်းမြို့များကိုအလစ်အငိုက်တိုက်ခိုက်ခဲ့ရာ လူပေါင်း ၁၂၀၀ သေဆုံးခဲ့ရပြီး လူပေါင်း ၂၅၀ ခန့် ဓားစာခံအဖြစ် ဖမ်းဆီးခံခဲ့ရသည်။

အောက်တိုဘာ ၇ ရက် တိုက်ခိုက်မှုများကြောင့် လက်ရှိဖြစ်ပွားဆဲ ခုနစ်လကြာ အစ္စရေး-ဟားမတ်စ် စစ်ပွဲစတင်ခဲ့ရကြောင်း သိရသည်။

Ref : RT

Trs : KKO



## အင်္ဂလိပ်ရေလက်ကြားကို ဖြတ်သန်းစဉ် ရွှေ့ပြောင်းဝင်ရောက်သူ ငါးဦးသေဆုံး

**ပဲရစ် ဧပြီ ၂၃**

ပြင်သစ်နိုင်ငံဘက်မှ ဗြိတိန်သို့သွားရောက်ရေးအတွက် အင်္ဂလိပ်ရေလက်ကြားကို ဖြတ်ကူးရန် ကြိုးပမ်းစဉ် ကလေးတစ်ဦးအပါအဝင်ရွှေ့ပြောင်းဝင်ရောက်သူ ငါးဦးသေဆုံးခဲ့ရကြောင်း ပြင်သစ်တာဝန်ရှိသူများက ယနေ့တွင် ပြောကြားခဲ့သည်။

ယနေ့တွင် ရွှေ့ပြောင်းဝင်ရောက်သူ ဦးရေ ၁၁၀ ခန့်လိုက်ပါသွားသည့် ရေယာဉ်တစ်စီးသည် ဗြိတိန်သို့သွားရောက်ရေးအတွက် အင်္ဂလိပ်ရေလက်ကြားကို ဖြတ်ကူးရန် ယနေ့တွင် ကြိုးပမ်းခဲ့ကြသည်။

သို့သော် တင်ဆောင်နိုင်သည့် အရေအတွက်ထက် များစွာတင်ဆောင်ထားသည့် အဆိုပါသင်္ဘောမှာ ရေပြင်အတွင်း ပျက်စီးခဲ့ရာ ရွှေ့ပြောင်းဝင်ရောက်သူ ငါးဦး သေဆုံးခဲ့ရသည်။

အင်္ဂလိပ်ရေလက်ကြားကိုဖြတ်၍ ပြင်သစ်မှဗြိတိန်သို့ သွားရောက်ရန်ကြိုးပမ်းကြသည့် အာဖရိကနွယ်ဖွား ရွှေ့ပြောင်းဝင်ရောက်သူများသည် အင်္ဂလိပ်ရေလက်ကြားအတွင်း ရေယာဉ်မတော်တဆမှုများကြောင့် သေဆုံးနေကြရကြောင်း သိရသည်။

အင်္ဂလိပ် ရေလက်ကြား၏ ပင်လယ်ရေစီးကြောင်းများမှာ အလွန်ပြင်းထန်သည်ဖြစ်ရာ ယင်းရေလက်ကြားကို ဘေးကင်းလုံခြုံမှုမရှိသည့် ရေယာဉ်များဖြင့် ဖြတ်ကူးပါက အလွန်အန္တရာယ် များကြောင်း သိရသည်။

Ref : RT

Trs : KKO

## အနောက်အုပ်စုလက်နက်များထားရှိရာ ယူကရိန်းစခန်းများကို ရုရှားပြင်းထန်စွာတိုက်ခိုက်မည်ဟု ကာကွယ်ရေးဝန်ကြီးဆာဂေးရှိုဂူးပြောကြား



**မော်စကို ဧပြီ ၂၃**

အနောက်အုပ်စုက ဖြည့်ဆည်းပေးသည့် လက်နက်များထားရှိရာ ယူကရိန်းလက်နက်သိုလှောင်ရေးစခန်းများကို ပြင်းထန်စွာတိုက်ခိုက်မည်ဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီး ဆာဂေးရှိုဂူးက ယနေ့တွင် ပြောကြားခဲ့သည်။

ထို့ပြင် ရုရှားနိုင်ငံအနေဖြင့် အနောက်အုပ်စု၏ လက်နက်များ သာလွန်ကောင်းမွန်သည်ဟူသော အမြင်များကို ဖျက်ဆီးမည်ဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီး ဆာဂေးရှိုဂူးက ရုရှားထိပ်တန်းတပ်မှူးများနှင့်တွေ့ဆုံစဉ်ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့နည်းတူ ရုရှားတပ်များအနေဖြင့် မိုင် ၆၀၀ ရှည်လျားသော ယူကရိန်းရှေ့တန်း နယ်မြေတစ်လျှောက်၌ စစ်ရေးအရ အသာစီးရထားကြောင်း ရုရှားကာကွယ်ရေး ဝန်ကြီးက ထုတ်ဖော်ပြောကြားခဲ့သည်။

ယူကရိန်းအတွက် စစ်ရေးအကူအညီများပေးအပ်ရေး ဥပဒေကြမ်းကို အမေရိကန်အောက်လွှတ်တော်က အတည်ပြုပေးပြီးနောက် ရုရှားကာကွယ်ရေးဝန်ကြီး၏ သတိပေးချက်များပေါ်ထွက်လာခြင်းဖြစ်သည်။

အမေရိကန်နှင့် မဟာမိတ်များ၏ခြိမ်းခြောက်မှု အတိုင်းအဆအရ ရုရှားနိုင်ငံအနေဖြင့်လက်နက်ကိုင်တပ်များဖွဲ့စည်းတည်ဆောက်ပုံကိုမြှင့်တင်၍ အဆင့်မြင့်လက်နက်များ တည်ဆောက်ထုတ်လုပ်မှုကိုလည်း မြှင့်တင်မည်ဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးက ပြောကြားထားကြောင်း သိရသည်။

အမေရိကန်အောက်လွှတ်တော်သည် ယူကရိန်းအတွက် စစ်ရေးအကူအညီပေးအပ်ရေးဥပဒေကြမ်းကို ဧပြီ ၂၀ ရက်တွင် အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## အမေရိကန်တပ်များအတွက် ကုန်ကျစရိတ်မျှခံမှုဆိုင်ရာဆွေးနွေးပွဲများ တောင်ကိုရီးယားနှင့် အမေရိကန်တို့ကျင်းပမည်

**ဆိုးလ် ဧပြီ ၂၃**

တောင်ကိုရီးယား၌အမေရိကန်တပ်များ တပ်စွဲထားရေးအတွက် ကုန်ကျစရိတ်ကို မျှဝေကျခံရေးနှင့်ပတ်သက်၍ ယခုရက်သတ္တပတ်အတွင်း တောင်ကိုရီးယားနှင့်အမေရိကန်တာဝန်ရှိသူများက ဆွေးနွေးမည်ဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနက ဧပြီ ၂၂ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

တောင်ကိုရီးယား၌ တပ်စွဲထားသည့် အမေရိကန်တပ်ဖွဲ့ဝင်များအတွက် ကုန်ကျစရိတ်မျှခံရေး ဆွေးနွေးပွဲများကို အမေရိကန်နိုင်ငံ ဟာဝိုင်ယီကျွန်း၌ ကျင်းပရန် စီစဉ်ထားသည်။

တောင်ကိုရီးယားနှင့်အမေရိကန်နိုင်ငံတို့သည် တောင်ကိုရီးယားရှိ အမေရိကန် တပ်များအတွက် ကုန်ကျစရိတ်မျှခံမှု သဘောတူညီချက်သစ်ကို ၂၀၂၆ ခုနှစ်တွင် ရယူရန်စီစဉ်ထားသည်။

မြောက်ကိုရီးယား၏ စစ်ရေးခြိမ်းခြောက်မှုကို တားဆီးရေး အစီအစဉ်အရ တောင်ကိုရီးယား၌ အမေရိကန်တပ်ဖွဲ့ဝင် ဦးရေ ၂၈၀၀၀ ကျော် တပ်စွဲထားကြောင်း သိရသည်။

တောင်ကိုရီးယား နိုင်ငံသည် အဆိုပါအမေရိကန်တပ်ဖွဲ့ဝင်များ တပ်ဖြန့်မှု၊ စစ်ရေးအခြေခံအဆောက်အအုံများတည်ဆောက်မှုနှင့် အခြားထောက်ပံ့လုပ်ငန်းများအတွက် ကုန်ကျစရိတ်ကို ၁၉၉၀ ပြည့်နှစ်အစောပိုင်းကပင် မျှဝေကျခံခဲ့သည်။

အမေရိကန် တပ်များအတွက် ကုန်ကျစရိတ် မျှဝေကျခံမှုဆိုင်ရာ လက်ရှိသဘောတူညီချက်မှာ ၂၀၂၅ ခုနှစ်တွင် သက်တမ်းကုန်မည်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## မလေးရှားရေတပ်မှရဟတ်ယာဉ်နှစ်စင်း ဝေဟင်၌ဝင်တိုက်မှုဖြစ်ပွား

**ကွာလာလမ်ပူ ဧပြီ ၂၃**



ရေတပ်စစ်ရေးပြအခမ်းအနားတစ်ခုအတွက် လေ့ကျင့်ပျံသန်းနေသော မလေးရှားရေတပ်မှရဟတ်ယာဉ်နှစ်စင်း ယနေ့တွင် ဝေဟင်အတွင်းဝင်တိုက်ခဲ့ရာ လိုက်ပါသွားသူ ၁၀ ဦးစလုံး သေဆုံးခဲ့ရသည်ဟု မလေးရှားရေတပ်က သတင်းထုတ်ပြန် ထားကြောင်း သိရသည်။

ရဟတ်ယာဉ်နှစ်စင်း ဝေဟင်အတွင်း ဝင်တိုက်မှုသည် မလေးရှားနိုင်ငံအနောက်ပိုင်း ပီရက်ခ်ပြည်နယ် လူမတ်ပါတပ်စခန်း၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါ ရဟတ်ယာဉ်နှစ်စင်းသည် ဝေဟင်အတွင်း ဝင်တိုက်ပြီးနောက် နှစ်စင်းလုံးမြေပြင်ပေါ် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း မလေးရှားတာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

ယင်းရဟတ်ယာဉ်နှစ်စင်းသည် နှစ် ၉၀ ပြည့် မလေးရှားရေတပ် မွေးနေ့စစ်ရေးပြ အခမ်းအနား အတွက် လေ့ကျင့်နေစဉ် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း မလေးရှား ကာကွယ်ရေးဝန်ကြီး မိုဟာမက် ခါလက်နော်ဒင်က ပြောကြားခဲ့သည်။

ရေတပ်မွေးနေ့ အခမ်းအနားအတွက် ရဟတ်ယာဉ်များအုပ်စုဖွဲ့ ပျံသန်းနေစဉ် ရဟတ်ယာဉ်နှစ်စင်း ပန်ကာချင်းရိုက်မိရာမှ ပျက်ကျခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ရဟတ်ယာဉ်နှစ်စင်းဝေဟင်၌ ဝင်တိုက်ပျက်ကျခဲ့မှုနှင့်ပတ်သက်၍ မလေးရှားရေတပ်က စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## နာဆာ၏ ဗွိုင်ယေဂျာ-၁ အာကာသယာဉ် မြေပြင်စခန်းနှင့်အဆက်အသွယ် ပြန်လည်လုပ်ဆောင်လာ



**ဝါရှင်တန် မေ ၂၃**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဗွိုင်ယေဂျာ-၁ အာကာသယာဉ်သည် မြေပြင်စခန်းနှင့် အဆက်အသွယ် ပြန်လည်လုပ်ဆောင်လာကြောင်း မေ ၂၂ ရက် သတင်းများအရ သိရသည်။

ဗွိုင်ယေဂျာ-၁ သည် မေ ၂၀ ရက်တွင် မြေပြင်စခန်းနှင့် အဆက်အသွယ်ပြုလုပ်၍ အာကာသယာဉ်၏ လက်ရှိအခြေအနေများကို သတင်းပို့ခဲ့ကြောင်း နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ဗွိုင်ယေဂျာ-၁ အာကာသယာဉ်သည် ငါးလတာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် မြေပြင်စခန်းကို အဆက်အသွယ်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် ငါးလတာကာလအတွင်း ဗွိုင်ယေဂျာ-၁ သည် ဆက်သွယ်ရေးစနစ် ချို့ယွင်းချက်များကြောင့် မြေပြင်စခန်းနှင့် အဆက်အသွယ်ပြုလုပ်ခဲ့ခြင်းမရှိပေ။

ဗွိုင်ယေဂျာ-၁ အာကာသယာဉ်သည် နေအဖွဲ့အစည်းမှ လွတ်ထွက်၍ ကြယ်တာရာဟင်းလင်းပြင်အတွင်းရောက်ရှိခဲ့သည့် ပထမဆုံးအာကာသယာဉ်ဖြစ်သည်။

နာဆာအဖွဲ့သည် ၁၉၇၇ ခုနှစ်တွင် ဗွိုင်ယေဂျာ-၁ အာကာသယာဉ်ကို လွှတ်တင်ခဲ့ခြင်းဖြစ်ပြီး လက်ရှိအချိန်တွင် ကမ္ဘာဂြိုဟ်နှင့် မိုင်ပေါင်း ၁၅ ဘီလီယံအကွာသို့ ရောက်ရှိနေကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## ပလူတိုဂြိုဟ်သိမ်မျက်နှာပြင်ပေါ်၌ရှိနေသော နှလုံးပုံသဏ္ဍာန် မြေမျက်နှာသွင်ပြင် မည်သို့ပေါ်ထွက်လာသည်ကို နိုင်ငံတကာသိပ္ပံပညာရှင်များ ဖော်ထုတ်နိုင်ခဲ့

**ဘန်း မေ ၂၃**

ပလူတိုဂြိုဟ်သိမ်မျက်နှာပြင်ပေါ်၌ရှိနေသော နှလုံးပုံသဏ္ဍာန် မြေမျက်နှာသွင်ပြင် မည်သို့ပေါ်ထွက်လာသည်ကို နိုင်ငံတကာသိပ္ပံပညာရှင်များ ဖော်ထုတ်နိုင်ခဲ့ကြောင်း မေ ၂၂ ရက် သတင်းများအရ သိရသည်။

ဆွစ်ဇာလန်နိုင်ငံ ဘန်းတက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အဆိုပါနှလုံးပုံသဏ္ဍာန် မြေမျက်နှာသွင်ပြင်လက္ခဏာသည် အရွယ်အစားကြီးမားသည့် ဂြိုဟ်သိမ်တစ်စင်း ဝင်တိုက်မှုကြောင့် ပေါ်ထွက်လာခြင်းဖြစ်နိုင်ကြောင်း သိရသည်။

လွန်ခဲ့သောနှစ်သန်းရာပေါင်းများစွာက အရွယ်အစားအားဖြင့် အချင်းကီလိုမီတာ ၇၀၀ ရှိသော ဂြိုဟ်သိမ်တစ်စင်း ကျရောက်ခဲ့ရာ ပလူတိုဂြိုဟ်သိမ်၏ စပွတ်နစ်ခ် ပလန်နီးရှားနယ်မြေပေါ်၌ နှလုံးပုံသဏ္ဍာန် မြေပြင်အနေအထား ပေါ်ထွက်လာခြင်း ဖြစ်သည်ဟု သိပ္ပံပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

တွမ်ဘက်ဂ်ရီဂျီယိုဟူ၍ အမည်ပေးထားသော ပလူတိုဂြိုဟ်သိမ်



နှလုံးပုံသဏ္ဍာန် မြေပြင်အနေအထားကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲ ရေးအေဂျင်စီ(နာဆာ)၏ New Horizon အာကာသယာဉ်က ၂၀၁၅ ခုနှစ်တွင် တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၎င်းကို စတင်တွေ့ရှိပြီးနောက်မှာပင် တွမ်ဘက်ဂ်ရီဂျီယိုနယ်မြေသည် ထူးဆန်းသောပုံပန်းသဏ္ဍာန်ကြောင့် သိပ္ပံပညာရှင်များ၏ စိတ်ဝင်စားမှု ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါနယ်မြေသည် ပလူတိုဂြိုဟ်သိမ်၏ အီကွေတာရပ်ဝန်းအနီးတည်ရှိကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## နာဆာ၏ ဂျူနိုအာကာသယာဉ်က အိုင်အိုဂြိုဟ်ရံလပေါ်ရှိ ရောမချော်ကန်ကြီးတစ်ကန်ကို ရှာဖွေတွေ့ရှိခဲ့

**ဝါရှင်တန် မေ ၂၃**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဂျူနိုအာကာသယာဉ်သည် အိုင်အိုဂြိုဟ်ရံလပေါ်ရှိ ရောမချော်ကန်ကြီးတစ်ကန်ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း မေ ၂၂ ရက် သတင်းများအရ သိရသည်။

အိုင်အိုဂြိုဟ်ရံလသည် ကြာသပတေးဂြိုဟ်၏ စတုတ္ထအကြီးဆုံးဂြိုဟ်ရံလဖြစ်ပြီး နေအဖွဲ့အစည်းအတွင်း၌ မီးတောင်လှုပ်ရှားမှုအပြင်းထန်ဆုံး ဂြိုဟ်ရံလဖြစ်ကြောင်း သိရသည်။

ဂျူနို အာကာသယာဉ်သည် အိုင်အိုဂြိုဟ်ရံလ မျက်နှာပြင်ကို အနီးကပ်နှစ်ကြိမ် ဖြတ်ပျံခဲ့ပြီးနောက် အဆိုပါချော်ကန်ကြီးကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ဂျူနိုအာကာသယာဉ်သည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလနှင့်ယခုနှစ် ဖေဖော်ဝါရီလတို့တွင် အိုင်အိုဂြိုဟ်ရံလမျက်နှာပြင်ကို မိုင်ပေါင်း ၉၃၀ အကွာမှတစ်ဆင့် ဖြတ်ကျော်ပျံသန်းမှုများပြုလုပ်ခဲ့စဉ် လိုကီ

လိုကီပတ်ထရာဟူ၍ အမည်ပေးထားသော အဆိုပါချော်ကန်ကြီးသည် အလျားအားဖြင့် ကီလိုမီတာ ၂၀၀ ထိရှိကြောင်း သိရသည်။

ပတ်ထရာချော်ကန်ကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

အိုင်အိုဂြိုဟ်ရံလပေါ်ရှိ မီးတောင်အားလုံး၏ လှုပ်ရှားမှုကို ဖြပ်ဆွဲအားအပြန်အလှန် သက်ရောက်မှုကြောင့် ပေါ်ထွက်လာသည့် အပူဓာတ်က ထိန်းချုပ်ပေးထားကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# H E A L T H

## IBS ရောဂါလက္ခဏာများကို မှန်ကန်သည့်ဓာတ်စာဖြင့် လျှော့ချနိုင်

**နယူးယောက် မေ ၂၃**

Irritable Bowel Syndrome (IBS) ခေါ် အူလမ်းကြောင်းရောဂါသစ် တစ်မျိုး၏ ရောဂါလက္ခဏာများကို လျှော့ချရာတွင် မှန်ကန်သည့်ဓာတ်စာပုံစံမှာ အကောင်းဆုံးဆေးတစ်လက်ဖြစ်နိုင်ကြောင်း သုတေသန ပညာရှင်များ၏အဆိုကို ကိုးကား၍ မေ ၂၂ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

IBS ရောဂါလက္ခဏာများကို လျှော့ချရာတွင် ဓာတ်စာပုံစံနှစ်မျိုးမှာ အကောင်းဆုံးကုထုံး ဖြစ်လာနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အဆိုပါဓာတ်စာပုံစံ နှစ်မျိုးအနက် တစ်မျိုးမှာ FODMAPS ခေါ် သကြားဓာတ်နှင့် ကာဘိုဟိုက်ဒရိတ်ပါဝင်မှုနည်းပါးသော ဓာတ်စာပုံစံဖြစ်ပြီး ဒုတိယဓာတ်စာပုံစံမှာ အမျှင်ဓာတ်ပါဝင်မှုမြင့်မားပြီး ကာဘိုဟိုက်ဒရိတ်လျှော့ချထားသည့် ဓာတ်စာပုံစံဖြစ်ကြောင်း သိရသည်။

လေ့လာတွေ့ရှိချက်အရ IBS လူနာများအနေဖြင့် ရောဂါလက္ခဏာများကို လျှော့ချရေးအတွက် ဆေးဝါးများသုံးစွဲမှုထက် ဓာတ်စာပုံစံအပြောင်းအလဲ ပိုလုပ်သင့်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် အမျိုးသမီး ၂၉၁ ဦးနှင့် အမျိုးသား ၅၃ ဦးပါဝင်သော IBS လူနာများကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

IBS ရောဂါသည် ကမ္ဘာပေါ်၌ အဖြစ်အများဆုံး အူလမ်းကြောင်းရောဂါတစ်မျိုး ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## နှလုံးခုန်နှုန်းမမှန်မှုပြဿနာကို အရွယ်ရောက်သူသုံးဦးလျှင် တစ်ဦးခံစားရ

**ကိုပင်ဟေဂင် မေ ၂၃**

လူသုံးဦးလျှင် တစ်ဦးမှာ ၎င်းတို့၏ဘဝတစ်လျှောက် တစ်ချိန်ချိန်တွင် နှလုံးခုန်နှုန်း မမှန်မှုပြဿနာကို ရင်ဆိုင်ရလိမ့်မည်ဖြစ်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ မေ ၂၂ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ရှေးယခင်က နှလုံးခုန်နှုန်း မမှန်မှုပြဿနာကို အရွယ်ရောက်သူလေးဦးလျှင် တစ်ဦးရင်ဆိုင်ရနိုင်ကြောင်း ဆေးပညာရှင်များက လက်ခံထားသည်။


သို့ရာတွင် ဒိန်းမတ်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ နှလုံးခုန်နှုန်းမမှန်မှုပြဿနာ (Atrial Fibrillation) ကို ရင်ဆိုင်ရသူ အရေအတွက်မှာ မူလတွေးထင်ထားသည်ထက် ပိုများကြောင်း သိရသည်။

လေ့လာတွေ့ရှိချက်အရ အရွယ်ရောက်သူ သုံးဦးလျှင် တစ်ဦးမှာ ဘဝတစ်ချိန်ချိန်တွင် နှလုံးခုန်နှုန်း မမှန်မှုပြဿနာနှင့်ရင်ဆိုင်ရတတ်သည်ကို တွေ့ရသည်ဟု ဒိန်းမတ် သုတေသန ပညာရှင်များက ပြောကြားသည်။

ဒိန်းမတ် သုတေသနပညာရှင်များသည် လူပေါင်း ၃ ဒသမ ၅ သန်းကျော်တို့၏ ကျန်းမာရေးအချက်အလက်များကို စိစစ်လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

နှလုံးခုန်နှုန်း မမှန်မှုပြဿနာ ပေါ်ထွက်လာပါက နှလုံးခုန်နှုန်း မမှန်တော့ဘဲ တစ်ခါတစ်ရံ ပုံမှန်ထက် မြန်လာတတ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# အေစီမီလန်ကိုအနိုင်ရခဲ့သည့် အင်တာမီလန်အသင်း စီးရီးအေချန်ပီယံဆု ဆွတ်ခူး

**ရောမ မေ ၂၃**

စီးရီးအေ အမှတ်ပေးပွဲစဉ် (၃၃) အဖြစ် ယှဉ်ပြိုင်ကစားခဲ့သည့် အေစီမီလန်အသင်းနှင့် အင်တာမီလန်အသင်းတို့ပွဲစဉ်တွင် အင်တာမီလန်အသင်းက နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သဖြင့် ပြိုင်ပွဲပြီးဆုံးရန် ငါးပွဲအလိုတွင် ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း သိရသည်။

အင်တာမီလန် အသင်းသည် ဒါဘီပြိုင်ပွဲတွင် အနိုင်ရခဲ့ပြီးနောက် ရမှတ် ၈၆ မှတ်ထိ ရရှိခဲ့ကာ ဒုတိယနေရာမှ အေစီမီလန်အသင်းကို ရမှတ် ၁၇ မှတ်ထိ ဖြတ်တောက်နိုင်ခဲ့သဖြင့် အမှတ်ပေးပြိုင်ပွဲပြီးဆုံးရန် ငါးပွဲအလိုတွင် ချန်ပီယံဆုကို ရယူနိုင်ခဲ့ပြီး သမိုင်းတစ်လျှောက်တွင်လည်း အကြိမ် ၂၀ မြောက် အမှတ်ပေးဆုဖလားကို ရယူနိုင်ခဲ့သည်။

ယခုနှစ် ဘောလုံးရာသီတွင် လက်ရှိချန်ပီယံ နာပိုလီအသင်းသည် ချန်ပီယံဆုကို ကာကွယ်နိုင်ရန် ရှုန်းကန်ခဲ့ရကာ နည်းပြသုံးဦးထိ ပြောင်းလဲခဲ့သော်လည်း အသင်းအနေဖြင့် လက်ရှိအချိန်ထိ ခြေစွမ်းပိုင်း တည်ငြိမ်မှုမရှိသေးသဖြင့် ဥရောပပြိုင်ပွဲကစားခွင့်အတွက် မျှော်လင့်ချက်နည်းပါးခဲ့ခြင်းဖြစ်သည်။

အင်တာမီလန် အသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် ပုံစံကောင်းများရရှိခဲ့ပြီး ၃၃ ပွဲ ကစားအပြီးတွင် ရှုံးပွဲတစ်ပွဲသာ ရှိခဲ့ပြီး တိုက်စစ်ပိုင်းက သွင်းဂိုး ၇၉ ဂိုးနှင့် ခံစစ်ပိုင်းက ပေးဂိုး ၁၈ ဂိုးသာရရှိခဲ့သောကြောင့် စီးရီးအေပြိုင်ပွဲတွင် အကောင်းဆုံးတိုက်စစ်နှင့် အကောင်းဆုံးခံစစ်ကို ပိုင်ဆိုင်ခဲ့သည့်အသင်းအဖြစ် ရပ်တည်နိုင်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် အေစီမီလန်အသင်းက ပွဲစကတည်းက ဖိအားပေးနိုင်ခဲ့သော်လည်း အင်တာမီလန်အသင်း၏ တန်ပြန်တိုက်စစ်ကို ထိန်းချုပ်နိုင်ခြင်းမရှိခဲ့သောကြောင့် ပွဲကစားချိန် ၁၈ မိနစ်တွင် အာဆာဘီ၊ ပွဲကစားချိန် ၄၉ မိနစ်တွင် သူရမ်တို့က အင်တာမီလန်အသင်းအတွက် ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့ပြီး အေစီမီလန်အသင်းအနေဖြင့် ပွဲချိန် မိနစ် ၈၀ တွင် ချေပဂိုးတစ်ဂိုးသာ သွင်းယူခဲ့သောကြောင့် အင်တာမီလန်အသင်းက နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ဆုဖလားရယူနိုင်ခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : ML**




## အားကစားသတင်းအတိုအထွာများ

- ဘိုင်ယန်မြူးနစ်အသင်းက နည်းပြတူချယ်၏နေရာတွင် ကာလတိုစာချုပ်ဖြင့် ဒေါ့မွန်နည်းပြဟောင်း ဖာဗရီနှင့် ဟန်စီဖလစ်တို့ကို ခန့်အပ်ရန်ဆုံးဖြတ်ထားပြီး နည်းပြအလွန်ဆိုနှင့် နည်းပြကလော့ပ်တို့နှစ်ဦးမှ တစ်ဦးဦးကိုခေါ်ယူ၍ အမြဲတမ်းနည်းပြအဖြစ်ခန့်အပ်နိုင်ရန် ကြိုးပမ်းနေကြောင်း သိရသည်။
- မန်ယူအသင်းမှထွက်ခွာခဲ့ပြီးနောက် အသင်းလက်မဲ့ဖြစ်နေသည့် ဂိုးသမားဒီဂီယာကို လာမည့်နွေရာသီတွင် ဘက်တစ်အသင်းက ခေါ်ယူရန် ဆွေးနွေးမှုများပြုလုပ်လျက်ရှိသည်။
- အယ်ကလက်စီကိုပွဲစဉ်တွင် တိုက်စစ်မှူး ယာမယ်၏သွင်းဂိုးသည် VAR ဆုံးဖြတ်ချက်အမှားဖြစ်ပါက ယင်းပွဲစဉ်ကို ပြန်လည်ကစားသင့်ကြောင်း ဘာစီလိုနာအသင်းဥက္ကဋ္ဌ လာပေါ်တာက စပိန်ဘောလုံးအဖွဲ့ချုပ်အား တောင်းဆိုခဲ့သည်။ **ML**

# Laureus Awards 2024 ကို ဘောလုံးလောကမှ ဘယ်လင်ဟမ်၊ ဘွန်မာတီနှင့် စပိန်အမျိုးသမီးအသင်းတို့ရရှိ



**ပဲရစ် မေ ၂၃**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပပြုလုပ်သည့် Laureus Awards 2024 ကို ဘောလုံးလောကမှ ရီးရဲလ်မက်ဒရစ်အသင်း ကစားသမား ဘယ်လင်ဟမ်၊ ဘာစီလိုနာ အမျိုးသမီးကစားသမား ဘွန်မာတီနှင့် စပိန်အမျိုးသမီး ဘောလုံးအသင်းတို့က ဆွတ်ခူးခဲ့ကြောင်း သိရသည်။

ရီးရဲလ်မက်ဒရစ် အသင်းကစားသမား ဘယ်လင်ဟမ်သည် ယခုနှစ်ဘောလုံးရာသီ အသင်းနှင့်အတူ ခြေစွမ်းပြကစားနိုင်ခဲ့သည့်အတွက် Laureus World Breakthrough of the Year ဆုကို ရရှိခဲ့ပြီး ဘာစီလိုနာအမျိုးသမီးကစားသမား ဘွန်မာတီက အသင်းအား ၂၀၂၂-၂၀၂၃ ခုနှစ် ချန်ပီယံလိဂ်ဆုဖလား ရယူပေးနိုင်ခဲ့သည့်အပြင် နိုင်ငံအသင်းအား ကမ္ဘာ့ဖလားတို့ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သဖြင့် Ballon d' Or ဆုနှင့် ဖီဖာ တစ်နှစ်တာ အကောင်းဆုံးဆုတို့ကို ဆွတ်ခူးနိုင်ခဲ့သဖြင့် Laureus World Sportswoman of the Year ဆုကိုလည်းကောင်း၊ စပိန်အမျိုးသမီးအသင်းက ၂၀၂၃ ကမ္ဘာ့ဖလားချန်ပီယံဆု ရယူနိုင်ခဲ့သည့်အတွက် Laureus World Team of the Year ဆုကိုလည်းကောင်း ဆွတ်ခူးရရှိခဲ့သည်။

အဆိုပါဆုကိုရရှိခဲ့သည့် အမျိုးသမီးကစားသမား ဘွန်မာတီနှင့် စပိန်အမျိုးသမီး အသင်းတို့မှာ ဘောလုံးလောကတွင် ပထမဆုံး Laureus Award ရရှိခဲ့သည့် ပထမဆုံး အမျိုးသမီးကစားသမားနှင့် အမျိုးသမီးအသင်းအဖြစ် စံချိန်သစ်တင်နိုင်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : ML**

# မြန်မာဘောလုံးအကယ်ဒမီ (မန္တလေး)နှင့် အမျိုးသားဘောလုံးအကယ်ဒမီ(ရန်ကုန်)တွင် ကျောင်းသားကစားသမားသစ်များ ရွေးချယ်ခေါ်ယူမည်

**ရန်ကုန် မေ ၂၃**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် မြန်မာဘောလုံးအကယ်ဒမီ (မန္တလေး)နှင့် အမျိုးသားဘောလုံးအကယ်ဒမီ(ရန်ကုန်) ကျောင်းတို့အတွက် ကျောင်းသားကစားသမားသစ်များကို TDS Scouting Program ကျင်းပပြီး ရွေးချယ်ခေါ်ယူသွားမည် ဖြစ်ကြောင်း သိရသည်။

မြန်မာဘောလုံး အကယ်ဒမီ (မန္တလေး)နှင့် အမျိုးသားဘောလုံးအကယ်ဒမီ(ရန်ကုန်) ကျောင်းတို့အတွက် ကျောင်းသားကစားသမားသစ်များ ရွေးချယ်ရေးအဖွဲ့တွင် လူငယ်ဘောလုံးနည်းစနစ် ဒါရိုက်တာ မစ္စတာမိတဦးဆောင်ပြီး မြစ်ကြီးနားမြို့၊ မန္တလေးမြို့၊ တောင်ကြီးမြို့၊ ပဲခူးမြို့၊ ပုသိမ်မြို့နှင့် ရန်ကုန်မြို့တို့တွင် ပဏာမရွေးချယ်မှုနှင့် အပြီးသတ်ရွေးချယ်မှုများပြုလုပ်ပြီး စိစစ်ရွေးချယ်သွားမည်ဖြစ်သည်။

မြန်မာ ဘောလုံးအကယ်ဒမီ (မန္တလေး)နှင့် အမျိုးသားဘောလုံး အကယ်ဒမီ(ရန်ကုန်) ကျောင်းတို့တွင် ရွေးချယ်ခံရသည့် ကျောင်းသားကစားသမားများ အနေဖြင့် အခြေခံ အတန်းပညာရပ်များအပြင် မိမိ၏ အရည်အချင်းနှင့်ကြိုးစားမှုအပေါ်တွင်မူတည်ပြီး ဘောလုံးပညာရပ်များကို အခမဲ့သင်ယူခွင့်ရရှိမည့်အပြင် နိုင်ငံ့လက်ရွေးစင်ကစားသမားအဖြစ်လည်းကောင်း၊ ပရော်ဖက်ရှင်နယ် ကစားသမားအဖြစ်လည်းကောင်း အသက်မွေးဝမ်းကျောင်းပြုနိုင်မည်ဖြစ်သည်။

မြန်မာ ဘောလုံးအကယ်ဒမီ (မန္တလေး)နှင့် အမျိုးသားဘောလုံး အကယ်ဒမီ(ရန်ကုန်) ကျောင်းတို့အတွက် ရွေးချယ်ခံလိုသူများအနေဖြင့် ၂၀၀၉ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း မွေးဖွားသူဖြစ်ရမည်၊ နိုင်ငံသားစိစစ်ရေးကတ်၊ မွေးစာရင်း၊ အိမ်ထောင်စုစာရင်း၊ ကျောင်းထောက်ခံစာအပြင် လိုင်စင်ဓာတ်ပုံ တင်ပြနိုင်ရမည်ဖြစ်ကာ လျှောက်လွှာများကို ယနေ့မှစတင်ကာ ထုတ်ယူနိုင်မည်ဖြစ်ပြီး မေ ၃ ရက် နောက်ဆုံးထား၍ လျှောက်လွှာတင်သွင်းရမည်ဖြစ်သည်။

မြန်မာဘောလုံး အကယ်ဒမီ (မန္တလေး)အတွက် ကစားသမားရွေးချယ်မှုကို မေ ၁၁ ရက်နှင့် ၁၂ ရက်တွင်လည်းကောင်း၊ အမျိုးသားဘောလုံးအကယ်ဒမီ (ရန်ကုန်) အတွက် ကစားသမားရွေးချယ်မှုကို မေ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် လည်းကောင်း ကျင်းပသွားမည်ဖြစ်ပြီး အသေးစိတ်မေးမြန်းလိုပါက ဦးနေသူလွင် ဖုန်း ၀၉-၇၆၉၉၀၀၆၀၀ သို့ ဆက်သွယ်မေးမြန်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

**STA**

# လီဝမ်ဒေါ့စကီး၏နေရာတွင် အစ်ဆက်ခ်နှင့်အစားထိုးရန် ဘာစီလိုနာအသင်းပြင်ဆင်

**ဘာစီလိုနာ မေ ၂၃**

ဘာစီလိုနာ အသင်းသည် လာမည့်နွေရာသီတွင် အသင်း တိုက်စစ်ကစားသမား လီဝမ်ဒေါ့စကီး၏နေရာတွင် နယူးကာဆယ်အသင်း တိုက်စစ်မှူး အစ်ဆက်ခ်နှင့် အစားထိုးနိုင်ရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

တိုက်စစ်မှူး အစ်ဆက်ခ်သည် ယခုနှစ်ဘောလုံးရာသီ နယူးကာဆယ်အသင်းအတွက် သွင်းဂိုး ၂၁ ဂိုးနှင့် ဂိုးဖန်တီးမှုတစ်ကြိမ်ပြုလုပ်၍ ခြေစွမ်းပြကစားနိုင်ခဲ့သောကြောင့် ဘာစီလိုနာအသင်းက ပြီးခဲ့သည့် ဆောင်းရာသီအပြောင်းအရွှေ့ကာလကတည်းက ပြောင်းရွှေ့ကြေး စတာလင်ပေါင် ယူရိုသန်း ၉၀ ဖြင့်ခေါ်ယူရန် ကြိုးပမ်းခဲ့ပြီး ယခုအခါ တိုက်စစ်ပိုင်းတွင် စွမ်းဆောင်ရည်ကျလာသည့် လီဝမ်ဒေါ့စကီးကိုရောင်းချ၍ အစ်ဆက်ခ်နှင့်အစားထိုးရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် နယူးကာဆယ်အသင်းသည် ဘဏ္ဍာရေးစည်းမျဉ်းနှင့် ကိုက်ညီမှုရှိစေရန်အတွက် အသင်းမှ အဓိက ကစားသမားများကို ရောင်းချရမည်ဖြစ်သောကြောင့် ဘာစီလိုနာအသင်းက နယူးကာဆယ် အသင်းအနေဖြင့် အစ်ဆက်ခ်ကို ရောင်းချမည်ဟု ဘာစီလိုနာအသင်းက ယုံကြည်နေသဖြင့် သဘောတူညီမှုရယူနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။




အသက် ၂၄ နှစ်သာရှိသေးသည့် အစ်ဆက်ခ်သည် ဥရောပအကောင်းဆုံး တိုက်စစ်မှူးတစ်ဦးအဖြစ် ရပ်တည်နေသူဖြစ်၍ ၎င်းကို ခေါ်ယူခဲ့ပါက အနည်းဆုံး လေးနှစ်လောက်ထိ အကောင်းဆုံးအသုံးပြုနိုင်မည်ဟု ဘာစီလိုနာအသင်းက သုံးသပ်ထားပြီး တိုက်စစ်မှူး လီဝမ်ဒေါ့စကီးမှာ အသက်အရွယ်အရအကျပိုင်း ရောက်လာခဲ့သဖြင့် ကြံ့ခိုင်မှုပိုင်း အားနည်းလာသည့်အပြင် ၎င်းထံမှ ပုံမှန်သွင်းဂိုးများရရှိရန် မျှော်လင့်နိုင်ခြင်းမရှိတော့၍ အသင်းတာဝန်ရှိသူများက တိုက်စစ်မှူး အစ်ဆက်ခ်ကို ခေါ်ယူရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

**Ref : Sputnik**

**Trs : ML**

# နည်းပြတန်ဟတ်အနာဂတ်ကိုဆုံးဖြတ်ရန် နည်းစနစ်ဒါရိုက်တာဝီလ်ကော့ မန်ယူအသင်းလေ့ကျင့်ရေးကွင်း လာရောက်လေ့လာမည်





**မန်ချက်စတာ မေ ၂၃**

မန်ယူအသင်း တာဝန်ရှိသူများက အသင်းမှ နည်းပြတန်ဟတ်၏အနာဂတ်ကို ဆုံးဖြတ်ရန်အတွက် အသင်းမှ နည်းစနစ်ဒါရိုက်တာဝီလ်ကော့ကိုယ်တိုင် အသင်းလေ့ကျင့်ရေးကွင်းဖြစ်သည့် ကာရင်တန်လေ့ကျင့်ရေးကွင်းတွင် လာရောက် လေ့လာသုံးသပ်မှုများ ပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

မန်ယူအသင်း နည်းပြတန်ဟတ်သည် ပြီးခဲ့သည့်ဘောလုံးရာသီက မန်ယူအသင်းကို စတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီး ပထမဆုံးဘောလုံးရာသီတွင် ကာရာဘောင်ဖလား ဆွတ်ခူးပေးနိုင်ခဲ့သည့်အပြင် ချန်ပီယံလိဂ် ဝင်ခွင့်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် ရလဒ်ပိုင်း မတည်ငြိမ်မှုများဖြင့် ရုန်းကန်နေရခြင်းဖြစ်သည်။

မန်ယူအသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ် ၃၂ ပွဲ ကစားပြီးချိန်တွင် ရမှတ် ၅၀ ဖြင့် အမှတ်ပေးဇယားအဆင့်(၇) နေရာတွင်သာ ရပ်တည်နေပြီး ချန်ပီယံလိဂ်ဝင်ခွင့် နောက်ဆုံးနေရာဖြစ်သည့် အဆင့်(၄)နေရာမှ အေဗီလာအသင်းနှင့်လည်း ရမှတ် ၁၆ မှတ်ထိ ကွာဟနေသည့်အတွက် ချန်ပီယံလိဂ်ဝင်ခွင့် မျှော်လင့်ချက် နည်းပါးလျက်ရှိနေသည်။

အလားတူ ပြီးခဲ့သည့်အက်ဖ်အေဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်အဖြစ် ကစားခဲ့သည့် ကိုဗင်ထရီအသင်းနှင့် ပွဲစဉ်တွင်လည်း ပူးတွဲပိုင်ရှင် ရက်ကလစ်ဖ် လာရောက်ကြည့်ရှုခဲ့ကာ အဆိုပါပွဲစဉ်တွင် မန်ယူအသင်းအနေဖြင့် ချန်ပီယံရှစ်မှ ကိုဗင်ထရီအသင်းကိုပင် အသာစီးရရှိအောင်မကစားနိုင်ခဲ့ဘဲ ရုန်းကန်ခဲ့ရသည့်အတွက် အသင်းတာဝန်ရှိသူများက နည်းပြတန်ဟတ်အပေါ် ယုံကြည်မှုနည်းပါးလာခဲ့သည်။

မန်ယူအသင်း တာဝန်ရှိသူများက နည်းပြတန်ဟတ်၏ အနာဂတ်နှင့်ပတ်သက်ပြီး ထုတ်သင့်၊ မထုတ်သင့်ကို လာမည့်မေလတွင် ဆုံးဖြတ်ချက်ချမှတ်သွားမည်ဖြစ်ပြီး ဆုံးဖြတ်ချက်မချမှတ်မီ နည်းစနစ်ဒါရိုက်တာ ဝီလ်လော့ကိုယ်တိုင် မန်ယူအသင်းလေ့ကျင့်ရေးကွင်းလာရောက်ကာ နည်းပြနှင့် ကစားသမားဆက်ဆံရေး၊ နည်းပြ၏ နည်းစနစ်ပိုင်းနှင့် အဝတ်စားလဲခန်းအတွင်း ဆက်ဆံရေးများကို အသေးစိတ်လေ့လာပြီး နည်းပြတန်ဟတ်ကို ထုတ်သင့်၊ မထုတ်သင့်ကို လာမည့်မေလအတွင်း ဆုံးဖြတ်ချက် ချမှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik**

**Trs : STA**

# Laureus World Sportsman of the Year ဆု တင်းနစ်ကစားသမား ဂျိုကိုဗစ်ဆွတ်ခူး

**မက်ဒရစ် မေ ၂၃**

စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် ကျင်းပခဲ့သော ၂၀၂၄ ခုနှစ် Laureus World Sportsman of the Year ဆုအား တင်းနစ်လောကမှ ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်က ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

၂၀၂၄ ခုနှစ် Laureus World Sportsman of the Year ဆုအတွက် ဆန်ခါတင်စာရင်းတွင် ဘောလုံးလောကမှ မက်ဆီ၊ ဟာလန်း၊ နယ်သာလန်ပြိုင်ကားမောင်းကစားသမား ဗာစတပ်ပန်၊ အမေရိကန် ပြေးခုန်ပစ်ကစားသမား နိုအာလိုင်လက်စ်၊ ဆွီဒင်ပြေးခုန်ပစ်ကစားသမား ဒူပလန်တစ်တို့ ပါဝင်ခဲ့ပြီး ဂျိုကိုဗစ်သည် အဆိုပါ အားကစားသမားများကို ကျော်ဖြတ်ကာ ၂၀၂၄ ခုနှစ် Laureus World Sportsman of the Year ဆုရှင်အဖြစ် ရွေးချယ်ခံခဲ့ရသည်။

ဂျိုကိုဗစ်သည် ကစားသမားဘဝသက်တမ်းတစ်လျှောက် Laureus World Sportsman of the Year ဆုကို ငါးကြိမ်မြောက်ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၂ ခုနှစ်က တစ်ကြိမ်၊ ၂၀၁၅ ခုနှစ်ကတစ်ကြိမ်၊ ၂၀၁၆ ခုနှစ်ကတစ်ကြိမ်၊ ၂၀၁၉ ခုနှစ်ကတစ်ကြိမ်၊ ယခုနှစ်တွင် တစ်ကြိမ် စုစုပေါင်း ငါးကြိမ်တိုင်တိုင် ဆွတ်ခူးခဲ့သည်။

အသက် ၃၆ နှစ်အရွယ် ဂျိုကိုဗစ်အနေဖြင့် ၂၀၂၃ ခုနှစ်အတွင်း အောင်မြင်မှုများစွာ ဆွတ်ခူးရရှိထားခြင်းကြောင့်လည်း အခြားသော အားကစားကဏ္ဍမှ အားကစားသမားများကို ကျော်ဖြတ်၍ အဆိုပါဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဂျိုကိုဗစ်က "ကျွန်တော့်ရဲ့ကစားသမား ဘဝတစ်လျှောက်ကြီးကျယ်ခမ်းနားတဲ့ Laureus World Sportsman of the Year ဆုကို ငါးကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့တာ ဝမ်းသာဂုဏ်ယူပါတယ်။ ၂၀၁၂ ခုနှစ်တုန်းက ပထမဦးဆုံးအကြိမ် ဆွတ်ခူးနိုင်ခဲ့တယ်။ ပထမဦးဆုံးအကြိမ် ဆွတ်ခူးနိုင်ခဲ့စဉ်တုန်းက ကျွန်တော့်အသက် ၂၄ နှစ်ပဲရှိသေးတယ်။ အဲ့ဒီတုန်းကခံစားချက်မျိုး အခုပြန်ခံစားနေရတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : AZL**



# ကမ္ဘာ့အဆင့်(၁)နေရာတွင် ရက်သတ္တပတ် ၁၀၀ အကြာရပ်တည်နိုင်သည့် ကိုးဦးမြောက် တင်းနစ်မယ်အဖြစ် စဝီယာတက်ခ်မှတ်တမ်းဝင်



**ဝါဆော မေ ၂၃**

ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နေသည့် ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်သည် ကမ္ဘာ့အဆင့်(၁) နေရာတွင် ရက်သတ္တပတ် ၁၀၀ အကြာ ရပ်တည်နိုင်ခဲ့ပြီးနောက် တင်းနစ်လောကသမိုင်းတစ်လျှောက် ကမ္ဘာ့အဆင့်(၁) နေရာတွင် ရက်သတ္တပတ် ၁၀၀ အကြာ ရပ်တည်နိုင်သည့် ကိုးဦးမြောက် တင်းနစ်မယ်အဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့အဆင့်(၁) နေရာတွင် ကာလအရှည်ကြာဆုံး ရပ်တည်နိုင်သည့် တင်းနစ်မယ်အဖြစ် ဂျာမနီဝန္တဝင်တင်းနစ်မယ် စတက်ဖီဂရက်ဖ်က ရက်သတ္တပတ်(၃၇၇)ပတ်ဖြင့် အဆင့်(၁)နေရာတွင် ရပ်တည်နေပြီး ချက်ဝန္တဝင်တင်းနစ်မယ် မာတီနာကရက်သတ္တပတ်(၃၃၂)ပတ်ဖြင့် အဆင့်(၂)နေရာတွင် ရပ်တည်ထားနိုင်ပြီး အမေရိကန်တင်းနစ်မယ် ဆီရီနာဝီလျံက ရက်သတ္တပတ် (၃၁၉)ပတ်အကြာဖြင့် တတိယနေရာတွင် ရပ်တည်ထားနိုင်သည်။

စဝီယာတက်ခ် အနေဖြင့် အသက် ၂၂ နှစ်အရွယ်သာရှိသေးသည့်အတွက်ကြောင့် ကမ္ဘာ့စံချိန်များကို ကျော်ဖြတ်နိုင်သည့် အခွင့်အရေးကောင်းများ ပိုင်ဆိုင်ထားသည်။

လက်ရှိ ပြသထားနိုင်သည့် စွမ်းဆောင်ရည်ပိုင်း အရလည်း ကမ္ဘာ့အဆင့်(၁)နေရာကို ကာလရှည် ဆက်လက်ထိန်းသိမ်းနိုင်သည့် အခြေအနေ ဖြစ်နေသည့်အတွက် စဝီယာတက်ခ်သည် ကမ္ဘာ့စံချိန်များကိုချိုးဖျက်နိုင်မည့် တင်းနစ်မယ်အဖြစ် သတ်မှတ်ခံထားရသည်။

စဝီယာတက်ခ်သည် ကမ္ဘာ့အဆင့်(၁)နေရာတွင် ရက်သတ္တပတ် ၁၀၀ အကြာ ရပ်တည်နိုင်သည့် စာရင်းတွင်လည်း ငါးဦးမြောက် အသက်အငယ်ဆုံး တင်းနစ်မယ်အဖြစ်လည်း မှတ်တမ်းဝင်သွားခဲ့ကြောင်း သိရသည်။ **Ref : RT**

**Trs : AZL**

# အေဗီလာအသင်းက နည်းပြအမ်မရီကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် သဘောတူညီမှုရရှိ

**လန်ဒန် မေ ၂၃**

အေဗီလာအသင်းက နည်းပြအမ်မရီကို လာမည့် ၂၀၂၇ ခုနှစ် ဇွန်လကုန်ထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် သဘောတူညီမှုရရှိခဲ့သည်ဟု သတင်းထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အသက် ၅၂ နှစ်ရှိ နည်းပြအမ်မရီသည် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် နိုဝင်ဘာလက အေဗီလာအသင်းကိုစတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီး ပြီးခဲ့သည့်ဘောလုံးရာသီကလည်း အသင်းကိုရလဒ်ကောင်းများ ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး ယူရိုပါကွန်ဖရန့်လိဂ် ပြိုင်ပွဲဝင်ခွင့်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။

အလားတူ ယခုနှစ်ဘောလုံးရာသီတွင်လည်း နည်းပြ အမ်မရီသည် အေဗီလာအသင်းကို ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ပေးထားပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ပွဲစဉ် ၃၄ ပွဲ ကစားပြီးချိန်၌ ပွဲ ၂၀ နိုင် ခြောက်ပွဲသရေ ရှစ်ပွဲရှုံး ရမှတ် ၆၆ မှတ်ဖြင့် ထိပ်တန်းအသင်းကြီးများကို ကျော်ဖြတ်ကာ ချန်ပီယံလိဂ် ဝင်ခွင့်ဖြစ်သည့် အဆင့်(၄)နေရာတွင် ရပ်တည်အောင် စွမ်းဆောင်ပေးထားပြီး ဥရောပဝင်ခွင့် တစ်နေရာအတွက်လည်း အလားအလာကောင်းမွန်လျက်ရှိနေသည်။

အေဗီလာအသင်းနှင့် နည်းပြအမ်မရီတို့ စာချုပ်သက်တမ်းမှာ တစ်နှစ် ကျန်ရှိသေးသော်လည်း အေဗီလာအသင်းက နည်းပြအမ်မရီကို လက်မလွှတ်လိုသည့်အတွက် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ဆွေးနွေးခဲ့ရာမှ ၂၀၂၇ ခုနှစ် ဇွန်လထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် သဘောတူညီမှုရရှိခဲ့ပြီး လာမည့်ရက်ပိုင်းအတွင်း လက်မှတ် ရေးထိုးသွားမည်ဖြစ်ကြောင်း သိရသည်။ **Ref : RT**

**Trs : STA**

# U-23 Futsal Cup Mandalay 2024 ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၆ သင်းဖြင့် မေ ၁၂ ရက်မှစတင်ကာ မန္တလေးမြို့တွင် ကျင်းပမည်

**မန္တလေး မေ ၂၃**

မန္တလေးတိုင်းဒေသကြီး သဲသောင်ပြင်နှင့် ဖူဆယ်ဆပ်ကော်မတီက ကြီးမှူးကျင်းပမည့် U-23 Futsal Cup Mandalay 2024 ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၆ သင်းဖြင့် လာမည့် မေ ၁၂ ရက်မှ စတင်ကာ မန္တလေးမြို့ Min Khant Myanmar Sports Complex ရှိ ဖူဆယ်ကွင်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

U-23 Futsal Cup Mandalay 2024 ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ကစားသမားများအနေဖြင့် ၂၀၀၁ ခုနှစ်နောက်ပိုင်း မွေးဖွားသူများဖြစ်ရမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်းတစ်သင်းလျှင် ဂိုးသမားနှစ်ဦးအပါအဝင် ကစားသမားအများဆုံး ၁၄ ဦးနှင့် အနည်းဆုံး ၁၀ ဦးနှင့် ဖွဲ့စည်းရမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲဝင် အသင်းများတွင် အသင်းအုပ်ချုပ်သူနည်းပြအဖွဲ့ ငါးဦးပါရှိရမည်ဖြစ်ပြီး လက်ရှိမြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် MFF Futsal League နှင့် League-1 ပြိုင်ပွဲဝင်အသင်းများမှ အသက် ၂၃ နှစ်အောက် ကစားသမားများကိုလည်း တစ်သင်းလျှင် သုံးဦးခေါ်ယူခွင့်ရှိမည်ဖြစ်သည်။

ပြိုင်ပွဲဝင် ကစားသမားများအနေဖြင့် မန္တလေးတိုင်းဒေသကြီးမှ နိုင်ငံသားစိစစ်ရေးကတ် ကိုင်ဆောင်သူဖြစ်ရမည်ဖြစ်ပြီး အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှဖြစ်ပါက မန္တလေးတိုင်းဒေသကြီးအတွင်း အနည်းဆုံး ခြောက်လနေထိုင်ကြောင်း ထောက်ခံစာပါရှိရမည်ဖြစ်သည်။

U-23 Futsal Cup Mandalay ၂၀၂၄ ပြိုင်ပွဲ ဝင်ခွင့်အတွက် လျှောက်လွှာများကို မေ ၂၈ ရက်မှ စတင်ကာ နံနက် ၉ နာရီမှ ညနေ ၃နာရီထိ Min Khant Myanmar Sports Complex ရှိ ကော်မတီရုံးခန်းတွင် ပြိုင်ပွဲဝင်ကြေး ၁၅၀၀၀၀၊ အာမခံကြေး ၁၀၀၀၀၀ ပေးသွင်းကာ ထုတ်ယူနိုင်မည်ဖြစ်သည်။ **STA**

**ဝန်ညို**

# နွေမှာဝေသောနှင်း

ပြောရမည်ဆိုလျှင် ပတ်ဝန်းကျင်တစ်ခုလုံး တောက်ပကြည်ရွှင်နေသည့် ယခုကဲ့သို့ မိန်ရာသီဦးလ အချိန်ဖြစ်သည်။ သည်ခါကာလကိုပင် ရှင်ဥတ္တမကျော်၏ တောလားတွင် အောက်ပါအတိုင်းထည့်သွင်းဖွဲ့ဆိုခဲ့ရှာသည်။ "စက်ဆယ့်နှစ်လီ၊ ဒွါဒသီဝယ်၊ သုံးလီဥတု၊ လက်ဝဲလုသား၊ ရတုသာစွ၊ လ မဏ္ဍာလျှင်၊ သဘင်ဂိမှာန်၊ တာသကြိန်ဟု၊ လေပြန်လွင့်ကူ၊ ဘုံသစ်ထူ၍၊ ဥဏှဝှနတ်၊ ဖလ်ရဟတ်လည်း၊ သဟဿရောင်၊ ခြည်တထောင်ဖြင့်၊ ပြောင်ပြောင်ဝင်းထိန်၊ အာဏာနှိမ်လျက်၊ ပြင်းရှိန်အန္တ၊ ဂုဏ်စွမ်းပြသော်၊ လေခမြေသက်၊ ချာန်ဝိတက်သို့၊ သစ်ရွက်ရော်ရီ၊ ကွန္တနီဝယ်၊ သိဂီတဝက်၊ ဖက်၍ဆေးစုံ၊ ချယ်သောပုံသို့၊ ရုံမြိုင်တွင်း၊ တောလုံးလင်းသား၊ သီးကင်းနုစ၊ အချို့ကမူ . . . . "။ အဆိုပါ ကဗျာထဲတွင် ရည်ညွှန်းသည့် "သဘင်ဂိမှာန်၊ တာသကြိန်ဟု"၊ "သစ်ရွက်ရော်ရီ၊ ကွန္တနီဝယ်"၊ "တောလုံးလင်းသား၊ သီးကင်းနုစ"ဆိုသည့်အချိန်ကို ရည်ညွှန်းခြင်းပါ။

**တောလုံးလင်းသား**

ရွက်ဝါများကြွေ၍ ရွက်သစ်နုစိမ်းတို့ဖြင့် တစ်တောလုံးတွင် လင်းလက်တောက်ပနေသည့်အချိန်၌ ပြည်သူ့စစ်မှုထမ်း နိုင်ငံသားကောင်း အမှတ်စဉ် (၁) ကို ကြိုဆိုခဲ့ကြပြီဖြစ်သည်။ ယခုနှစ် မတ်လအကုန်တွင် နေရာဒေသအသီးသီး၌ စတင်စုဖွဲ့ခဲ့ရာ ယခုအခါတွင် သက်ဆိုင်ရာလေ့ကျင့်ရေးစခန်းများ၌ ဆေးစစ်ခြင်း၊ စစ်ဝတ်စုံနှင့်အဆင့်တံဆိပ် တန်ဆာပလာများ ထုတ်ယူနေကြ၍ ပျော်ရွှင်နေကြသည့်ပုံများကို သတင်းမီဒီယာများတွင် တွေ့ရသည်။ ထိုပုံရိပ်များကိုကြည့်ရင်းက အမိမြေအတွက် ပီတိဝေရသည်။ ထိုနိုင်ငံသားကောင်းများတွင် ပြည်သူ့စစ်မှုထမ်းဥပဒေအရမဟုတ်ဘဲ မိမိတို့သဘောဆန္ဒအလျောက်ဝင်ရောက်လာသည့် စစ်သည်များလည်းရှိကြောင်း သတင်းစာများတွင် တွေ့နေရသည်။ ဤသည်ကား အမိမြေအတွက် နှလုံးလှလေသည့် နိုင်ငံသားကောင်းတို့၏ ပုံရိပ်သည်ကား ပတ်ဝန်းကျင်၏ လင်းလက်တောက်ပမှုကို ကျော်လွန်ကဲသွားသည်ဟု ဆိုရပေမည်။

**နိုင်ငံသားကောင်း**

အဆိုပါ နိုင်ငံသားကောင်းတို့သည် အမိမြေကာကွယ်ရေးအတွက် ပြည်သူ့ရင်နှစ်သားကောင်းစင်စစ်များဖြစ်ကြသဖြင့် ဤမြေမှာနေ၊ ဤရေကိုသောက်၍ အမိမြေ၏သစ္စာကို စောင့်သိရိုသေသည့် နိုင်ငံသားကောင်းများ ဖြစ်ကြပေသည်။ ဆန်ကုန်မြေလေးသည့် နိုင်ငံကိုဖျက်ဆီးနေသောသူများနှင့်ဆိုလျှင် မိုးနှင့်မြေပမာ ကွာဝေးလှလေသည်မှာ ပြောစရာမလိုသည့် အဖြစ်ပင်ဖြစ်သည်။ ထိုဆန်ကုန်မြေလေးများကြောင့် တိုင်းပြည်၏ အလှတရားများ ကင်းဝေးပပျောက်ခဲ့ကြရပေသည်။ နိုင်ငံသားကောင်းတချို့ကို ထုတ်နုတ်တင်ပြရလျှင် နေပြည်တော်ရှိ မြို့နယ်ရှစ်မြို့နယ်မှပါဝင်မှုမှာ တပ်ကုန်းမြို့နယ်မှ ခုနစ်ဦး၊ ဥတ္တရသီရိ မြို့နယ်မှ ၂၆ ဦး၊ ပုဗ္ဗသီရိမြို့နယ်မှ ဦးရေ ၃၀၊ ဇေယျာ သီရိမြို့နယ်မှ ၁၂ ဦး၊ ပျဉ်းမနားမြို့နယ်မှ ၅၆ ဦး၊ ဇမ္ဗူသီရိမြို့နယ်မှ ၁၂ ဦး၊ ဒက္ခိဏသီရိမြို့နယ်မှ ၃၅ ဦး၊ လယ်ဝေးမြို့နယ်မှ ခြောက်ဦး စုစုပေါင်း ၁၈၄ ဦးဖြစ်ကြောင်း သိရသည်။ ထိုအမျိုးကောင်းသားတို့သည် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားစွာ မြန်မာဆိုသည်မှာ ဤသို့ဟုပြသမည့်သူများဖြစ်ကြသည်။

**အမျိုးဂုဏ်၊ ဇာတိဂုဏ်**

အမျိုးဂုဏ်၊ ဇာတိဂုဏ် တက်ဝေမညှိုးသည့် သိန်သရေ ထိန်ဝေတောက်ပကာ အိမ်နီးချင်းနိုင်ငံများက ခံ့ညားခဲ့သော သမိုင်းအစဉ်အလာရှိသည့် လူမျိုးဖြစ်သည်နှင့်အညီ ကိုယ့်ခေတ်ရောက်မှ မညံ့ကြရန်လိုသည်။ တိုင်းပြည်ခံ့ညားစွာ ထူထောင်နိုင်ရန်အတွက် အင်အားရှိသော တပ်မတော်လိုအပ်သည်မှာ သမိုင်းက သက်သေအထင်အရှားပြထားသည်ဖြစ်၍ ယခုအခါတွင် ပြည်သူ့စစ်မှုထမ်းဥပဒေအရသော်လည်းကောင်း၊ မိမိကိုယ်တိုင်က ဆန္ဒပြု၍ သော်လည်းကောင်း တပ်မတော်အတွင်းသို့ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့ ပါဝင်အမှုထမ်းနေကြသည်မှာ အမိမြေအတွက် အားရဖွယ်ဖြစ်သည်။ ရှေးကတည်းက စောင့်ရှောက်လာသည့် အမျိုးဂုဏ်၊ ဇာတိဂုဏ်ဟူသည်မှာ မိမိတို့လက်ထက်တွင်လည်း ဆက်လက်ထိန်းသိမ်းစောင့်ရှောက်မှသာ နိုင်ငံနှင့်လူမျိုးကိုလည်း ထိန်းသိမ်းစောင့်ရှောက်ရာလည်း ကျပေမည်။

**ထိန်းသိမ်းစောင့်ရှောက်**

တပ်မတော်အနေဖြင့် နိုင်ငံကို အစဉ်အဆက်ထိန်းသိမ်းစောင့်ရှောက်ကြ၍သာ အရှည်တည်တံ့နေသည်ဟု ဆိုရပေမည်။ လွတ်လပ်ရေးနှင့်အတူ ပြည်တွင်းစစ်မီးတောက်လောင်ခဲ့ရာ ရန်ကုန်အစိုးရဟုခေါ်ရလောက်သည့် အနေအထားထိ သောင်းကျန်းသူတို့၏ လက်တံရှည်လျားလာခဲ့သဖြင့် တပ်မတော်သည် ပြည်သူနှင့်လက်တွဲ၍ အမိမြေကို ကာကွယ်ခဲ့ရသည်။ ပြည်တွင်းသောင်းကျန်းသူ စစ်မီးကို ငြိမ်းသတ်ဆဲတွင် တရုတ်ဖြူနယ်ချဲ့တို့၏ ပြည်ပကျူးကျော်စစ်ကိုလည်း လက်တွဲပြန်တိုက်ခိုက်ရပြန်ပါသည်။ အမိမြေလုံခြုံရေးအတွက် ဆောင်ရွက်နေစဉ်တွင်ပင် တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် တစ်ဖက်က ပြုရပြန်သည်။ ပြည်တွင်းသောင်းကျန်းသူစစ်မီးကလည်း လွတ်လပ်ရေးနှင့်အတူ တောက်လောင်ခဲ့ပြီး ခေတ်အဆက်ဆက်အစိုးရတို့ ငြိမ်းချမ်းရေးကြိုးပမ်းခဲ့ကြရာ အရာမထင်ခဲ့ကြဘဲ ရှိခဲ့သည်။ နိုင်ငံဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်မှုတို့သည် သဲထဲသွန်ရေလိုဖြစ်ရသည်။

**သဲထဲသွန်ရေ**

နိုင်ငံဖွံ့ဖြိုးမှုအတွက် တည်ဆောက်ထားရှိသည့် ဆည်မြောင်း၊ တာတမံ၊ လမ်း၊ တံတား၊ လျှပ်စစ်စသည်တို့သည် ရှေ့ကတည်ဆောက်လိုက် နောက်ကဖျက်ဆီးလိုက်နှင့် သမင်မွေးရင်း ကျားစားရင်းဖြစ်ရသည်။ နိုင်ငံသည်လည်း ရှေ့ကိုရောက်သင့်သလောက် မရောက်ရဘဲနှင့် အဆိုးသံသရာတွင် တဝဲလည်လည်နှင့် ဖြစ်ရသည်။ အဆိုးတကာ့အဆိုးထဲတွင် ပညာရေးနှင့်ကျန်းမာရေးဆိုင်ရာများ ဖျက်ဆီးခြင်းသာမက ကျောင်းဆရာ၊ ဆရာမများကို သတ်ဖြတ်ပြန်ပေးဆွဲသည့်ကိစ္စများပင်ဖြစ်သည်။ ထိုကိစ္စရပ်များသည် နိုင်ငံ၏အနာဂတ်ကို ဖျက်ဆီးခြင်းဖြစ်၍ နိုင်ငံတော်နှင့် နိုင်ငံသားများဘဝလည်း နစ်နာရသည့်ဖြစ်ရပ်များဖြစ်သည်။ ယနေ့ခေတ်ကဲ့သို့ ပညာဖြင့်နိုင်ငံကို တည်ဆောက်နေကြရသည့် အချိန်အခါမျိုးတွင် တွေးကြည့်ရုံဖြင့် မည်မျှထိခိုက်နစ်နာသည်ကို သိသာနေသည်။ ပြည်ဖျက်သူတို့၏လုပ်ရပ်သည်ကား ဤမျှဆိုးရွားလွန်းလှပေသည်။

**ပြည်ဖျက်သူ**

ထိုပြည်ဖျက်သူတို့၏ ရန်စွယ်အန္တရာယ်သည် အခြေအနေအကြောင်းရပ်များကြောင့် ပြန့်လာသည့်အခါတွင် နိုင်ငံကိုကာကွယ်ရန်အတွက် တပ်မတော်အင်အားမှာ ထုရှိရန်လိုအပ်လာသည်။ မိမိ၏ မြို့ရွာရပ်ကွက်အိုးအိမ်များကို မိမိကိုယ်တိုင်ကာကွယ်စောင့်ရှောက်ရန် လိုအပ်လာသည့်အချိန်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေ ပေါ်ပေါက်လာပြီး အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့ ကိုယ့်နိုင်ငံကို ကိုယ်ကာကွယ်စောင့်ရှောက်ရန်အတွက် အခွင့်အလမ်းတို့ပေါ်လာခဲ့ချေပြီဖြစ်သည်။ နိုင်ငံတွင်ရှိသည့် လူဦးရေအရ စစ်မှုထမ်းဆောင်ရန် သတ်မှတ်အသက်ပိုင်းခြားတွင်ရှိသော အမျိုးသားမှာ ၆ ဒသမ ၃ သန်းနှင့် အမျိုးသမီးမှာ ၇ ဒသမ ၇ သန်းရှိကြောင်းသိရှိရပြီး ထိုအထဲတွင်မှ အမျိုးသားကို တစ်နှစ်တွင် တစ်ရာခိုင်နှုန်းဖြစ်သည့် ခြောက်သောင်းကျော်ခန့်ကိုသာ အလှည့်ကျခေါ်ဆောင် တာဝန်ထမ်းဆောင်စေမည်ဖြစ်ကြောင်း သိရှိရသည်။ ပြောရမည်ဆိုလျှင် လူဦးရေ ၂၀၀ တွင် တစ်ဦးခန့်သာ စစ်မှုထမ်းဆောင်နိုင်သည့် အခွင့်အရေးရရှိမည်ဖြစ်သည်။ အမျိုးသမီးတို့ စစ်မှုထမ်းဆောင်နိုင်ခွင့်ကို လတ်တလောရပ်နားထားကြောင်း သိရသည်။

**❖ နိုင်ငံသားကောင်းတို့သည် အမိမြေကာကွယ်ရေးအတွက် ပြည်သူ့ရင်နှစ် သားကောင်းစင်စစ်များဖြစ်ကြ၍ ဤမြေမှာနေ ဤရေကို သောက်၍ အမိမြေ၏သစ္စာကို စောင့်သိရိုသေသည့် နိုင်ငံသားကောင်းများ ဖြစ်ကြပေသည်။ ဆန်ကုန်မြေလေးသည့် နိုင်ငံကိုဖျက်ဆီးနေသောသူများနှင့်ဆိုလျှင် မိုးနှင့်မြေပမာ ကွာဝေးလှလေသည်မှာ ပြောစရာမလိုသည့် အဖြစ်ပင်ဖြစ်သည်။ ထိုဆန်ကုန်မြေလေးများကြောင့် တိုင်းပြည်၏ အလှတရားများ ကင်းဝေးပပျောက်ခဲ့ကြရပေသည်။ ❖**

**ပြည်သူ့စစ်မှုထမ်း နိုင်ငံသားကောင်း**

ပြည်သူ့စစ်မှုထမ်း နိုင်ငံသားကောင်းတို့သည် အမှတ်စဉ်(၁)မှစ၍ အမှတ်စဉ်များအလိုက် အဖြိုင်းအရှိုင်းပေါ်ထွက်လာမည်ဖြစ်ပြီး မူရင်းတပ်မတော်အင်အားကို ထုအဖြစ်တည်ရှိလာတော့မည်ဖြစ်သည်။ မိတ်ဆွေတစ်ဦးက အခြားနိုင်ငံတစ်နိုင်ငံ၏ ယခုကဲ့သို့ ပြည်သူ့စစ်မှုထမ်းများတာဝန် သက်တမ်းစေ့၍ နုတ်ဆက်သည့်အခမ်းအနားတစ်ခုကို တက်ရောက်ဖူးကြောင်း၊ သက်တမ်းစေ့သော်လည်း မိမိဆန္ဒအရ ဆက်လက်တာဝန်ထမ်းဆောင်မည့်သူများက တစ်ဖက်နှင့် သက်တမ်းစေ့၍ ပြန်လည်ထွက်ခွာမည့်သူက တစ်ဖက် နှုတ်ဆက်ကြသည်မှာ ငိုကြယိုကြ၍ မပြီးမစီးနိုင်ဖြစ်ကြသည့်ပွဲဖြစ်ကြောင်း ပြောရှာသည်။ မိမိကလည်း ကြားဖူးကြောင်း၊ စတက်စဉ်က မတက်ချင်တက်ချင်ဖြစ်ကြရာ စစ်သင်တန်းတက်ပြီးသည်နှင့် မိတ်ဆွေသစ်များ၊ အမြင်သစ်များ၊ အတွေးအခေါ်သစ်များ ပွားများလာရကြောင်း၊ အထူးသဖြင့် နိုင်ငံကိုချစ်စိတ်၊ အမျိုးကိုချစ်စိတ်၊ စစ်မှုထမ်းခြင်းကို နှစ်သက်လာသည့်စိတ်၊ တပ်ဖွဲ့ကိုချစ်သည့်စိတ်နှင့် ရဲဘော်ရဲဘက်စိတ်တို့ ဖြစ်ပေါ်လာကြရာမှ စစ်မှုထမ်းသက်ပြည့်လျှင်လည်း သူတို့လို ဖြစ်ကြနိုင်ကြောင်း ပြန်ပြောမိသည်။

**ရဲဘော်ရဲဘက်စိတ်**

ရဲဘော်ရဲဘက်စိတ်ဟူသည်မှာ ရဲဘော်အချင်းချင်း တစ်ဦးပေါ်တစ်ဦးထားရှိသည့် သံယောဇဉ်တရား၊ မေတ္တာတရားနှင့် သစ္စာစောင့်သိမှုတရားတို့ပင်ဖြစ်သည်ဟု ဆိုသည်။ ဇနီးမောင်နှံတို့တွင်လည်း ချစ်ခြင်းကစခဲ့သော်လည်း နောင်တွင် သားသမီးများပွားစီးလာသည့်နောက်တွင် ဤရဲဘော်ရဲဘက်စိတ်လိုမျိုးဖြစ်ပေါ်လာပြီး လောကဓံကို ရင်ဆိုင်ဖြတ်သန်းကြသည်မှာလည်း ဤနည်းနှင်နှင်ဟု ဆိုချင်မိသည်။ မည်သို့ပင်ဆိုစေ စစ်ဘက်တာဝန်ထမ်းဆောင်မှုတွင် ရဲဘော်ရဲဘက်စိတ်သည် အခြေခံကျသောစိတ်မျိုးဖြစ်သည်။ ထိုစိတ်နှင့်ပင် စစ်မှုထမ်းတာဝန်ကို နောက်တန်းဌာနချုပ်တာဝန်ဖြစ်စေ၊ ရှေ့တန်းစစ်မြေပြင်တာဝန်ဖြစ်စေ၊ ရဲဘော်ရဲဘက်အချင်းချင်းတွင် တာဝန်ကျေပွန်အောင်ထမ်းဆောင်ကြသည့် သာဓကများ များစွာပင် တပ်မတော်သမိုင်းတွင် ရှိချေသည်မှာ အထင်အရှားပင်ဖြစ်သည်။ အောင်ပွဲဆီသို့ချီရာလမ်းတွင် အောင်စိတ်၏ အခြေခံသည် ရဲဘော်ရဲဘက်စိတ်ပင်ဖြစ်သည်။

**အောင်စိတ်**

တိုက်ပွဲတစ်ခု သို့မဟုတ် စစ်ဘက်ဆိုင်ရာလုပ်ငန်းရပ်တစ်ခုခု ဆောင်ရွက်အကောင်အထည်ဖော်ရာတွင် အောင်စိတ်သည် အဓိကကျသည့်နေရာက ပါဝင်သည်ဟု ဆိုချင်သည်။ ရှေးဘုရင်များလက်ထက်တွင် အောင်စိတ်နှင့်ပတ်သက်ပြီး သက်သေသာဓကပြရမည်မှာ အများသားဖြစ်၍ တစ်ခုကိုသာ ထုတ်နုတ်ပြရမည်ဆိုလျှင်ပင် အများသိပြီးသား ဘုရင့်နောင်၏ နောင်ရိုးတိုက်ပွဲကို ဖော်ပြလိုသည်။ အဆမတန်အင်အားကြီးမားသည့်ရန်သူကို မိမိတွင်ရှိသည့်အင်အားဖြင့်တိုက်ခိုက်ရန် မြစ်တစ်ဖက်ကမ်းသို့ကူးပြီး စီးလာသည့်ဖောင်များကို မီးရှို့ဖျက်ဆီးစေကာ တိုက်ပွဲကိုနိုင်အောင် တိုက်ခိုက်နိုင်ခဲ့သည်မှာ "စစ်တို့၏သဘောသည် အင်အားနည်းသည်၊ များသည် ပဓာနမဟုတ်၊ လုပ်ရည်ကိုင်ရည်နှင့် ရဲစွမ်းသတ္တိသာ အရင်းဖြစ်သည်"ဟူသော အောင်စိတ်ပင်ဖြစ်သည်။ တပ်မတော်လက်ထက်တွင်လည်း ကွမ်းလုံရက် ၄၀ တိုက်ပွဲကို ကွပ်ကဲသည့် ဗိုလ်မှူးကြီး ထွန်းရီထံက အထက်ကိုအစီရင်ခံရာတွင် "ကွမ်းလုံသာကျခဲ့လျှင် ထွန်းရီအလောင်းကို သံလွင်မြစ်တွင် ဆယ်ယူလိုက်ပါ"ဟု ဆိုရှာသည်။

**နွေမှာဝေသောနှင်း**

နိုင်ငံသမိုင်းကိုကြည့်လိုက်ပါက တပ်မတော်က အတူတကွယှဉ်ပါလျက် ဖေးမထောက်ကူပြုခဲ့ရသည်များမှာ အထင်အရှားဖြစ်၍ နိုင်ငံသမိုင်းသည်လျှင် တပ်မတော်၏အခန်းကဏ္ဍ ထည့်သွင်းမှသာလျှင် ပြည့်စုံမည်ဖြစ်သည်ဆိုသည်မှာ မည်သူမျှမငြင်းနိုင်သော အမှန်တရားပင်ဖြစ်သည်။ နိုင်ငံတွင် သဘာဝဘေးအန္တရာယ်မှအစ အကျပ်အတည်းပေါ်တိုင်း တပ်မတော်က ရှေ့ကမားမားမတ်မတ်ရပ်တည်ခဲ့ရ၍သာဖြစ်ပြီး မြန်မာနိုင်ငံ၏ ပထဝီနယ်နိမိတ်သည် ဘိုးဘွားတို့ထားရှိခဲ့သည့် နယ်နိမိတ်အတိုင်းရှိနေအောင် ထိန်းသိမ်းခဲ့သည်မှာ ပြောစရာမလိုသည့် နောက်ထပ်အမှန်တရားတစ်ခုပင်ဖြစ်သည်။ ထိုသို့ရပ်တည်နေသည့် မြန်မာ့တပ်မတော်ကြီးကို အင်အားအထောက်အကူပြုရန်အတွက် ပြည်သူ့စစ်မှုထမ်း နိုင်ငံသားကောင်းများ ပေါ်ပေါက်လာတော့မည့် ယခုကဲ့သို့အချိန်ကာလမျိုးတွင် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့် နှစ်ထောင်းအားရ လက်ခုပ်လက်ဝါး တဖြောင်းဖြောင်းမြည်အောင် တီးမိသည်သာမက ထ၍ကမိသည်မှာ အခါမနည်းပြီဖြစ်ကြောင်း ဆိုကြရမည်ဖြစ်သည်။ ထိုမြန်မာသားကောင်းများတို့သည် နွေမိန်တပေါင်း ခါကာလတွင် ဝေဖြာကျဆင်းလာသည့် ရင်ကိုအေးမြစေသော နှင်းပွင့်ကလေးများပင် မဟုတ်ပါလားခင်ဗျာ။

**ကိုးကား**

- ၂၂၊ ၂၉၊ ၃၀-၃-၂၀၂၄ ရက်နေ့ထုတ် မြဝတီသတင်းစာများ
- ၁၆၊ ၂၁-၂-၂၀၂၄ ရက်နေ့ထုတ် ရတနာပုံသတင်းစာများ

# Trade surplus amounts to more than US$150 at Kawthoung border trade camp in 2023-24 FY


Kawthoung jetty handling cargos.

**Nay Pyi Taw April 23**

The Ministry of Commerce stated that Kawthoung border trade camp managed trading process to earn more than US$153 million of trade surplus in 2023-24 financial year.

Tachilek, Myawady, Kawthoung, Myeik, Htikhee and Mawtaung border trade camps lie on Myanmar-Thai border area, Kawthoung camp of which handles the largest volume of marine products to Ranong market of Thailand.

The camp managed trading of products worth US$234.386 million including export value worth US$193.753 million and import value worth US$40.633 million, with US$153.12 million of trade surplus.

In 2022-23 FY, Kawthoung border trade camp handled trade volume worth US$231.11 million including US$206.323 million worth of export and US$24.787 million worth of import, with US$181.536 million of trade surplus.

This year's trade surplus of the camp exceeded US$ 3.276 million more than that of 2022-23 FY.

From 1 to 5 April 2024, the camp the camp conducted border trade process worth US$6.121 million comprising US$4.242 million worth of export and US$1.879 million worth of import with US$2.363 million of trade surplus.

Kawthoung border trade camp exports cashew seeds, fish and aquatic products and imports fishing nets, construction materials, iron and steel wares, air-conditioners, cables, medicines, textiles, threads, kitchen crops and others.

336

# Irrawaddy dolphin conservation group reports rise in village tourism

**Mandalay April 23**

The Irrawaddy Dolphin Conservation Group, led by U Maung Maung Lay, reports a surge in domestic and international tourist arrivals in villages promoting village-based tourism since mid-April.

Among participating villages, Hsethe Village in Singu Township has emerged as the most popular destination. Tourists, particularly locals, are drawn to the village's traditional handicraft scene, including pottery and earthenware production, alongside its pagodas.

The initiative extends beyond Hsethe Village, encompassing several villages in Mandalay Region's Madaya and Singu Townships, as well as Paletwa Township in Sagaing Region.


Irrawaddy dolphins seen swimming in the Mandalay-Kyakmyaung marine area of the Ayeyawady River.

While tourist arrivals in Hsethe Village surpassed 150 during the first week of April, the numbers have significantly increased since the second week, exceeding 250 visitors.

The report also mentions tourists from Madaya Township villages who embark on boat trips along the Ayeyarwaddy River to spot Irrawaddy dolphins.

184

# Farmers in Wetlet Township yield 24,560 acres of winter wheat

**Wetlet April 23**

A total of 24,560 acres of wheat planted during the winter crop season in Wetlet Township, Shwebo District, Sagaing Region, have been harvested, according to the Department of Agriculture for Wetlet Township.

The wheat fields planted in Wetlet Township in 2023-2024 have been harvested since February this year. So far, 24,560 acres have been harvested and 20.60 baskets per acre have been produced.

"From the time before planting to the present, the department has worked together with the farmers. We have made efforts to increase the yield of wheat and use good varieties," said Daw Kyin San, head of the Department of Agriculture for Wetlet Township.

In the 2023-2024 winter crop planting season, 24,457 acres of wheat were earmarked to be planted in Wetlet Township, and 24,560 acres were planted from October to December, 2023.

The cost of planting one acre of wheat is around 300,000 kyats, and wheat is planted in October, November and December and harvested in February, March and April.

206

# DPRK top leader guides simulated nuclear counterattack drill

**Seoul April 23**

The top leader of the Democratic People's Republic of Korea (DPRK) oversaw a simulated nuclear counterattack drill involving super-large multiple rocket units on Monday, in a bid to strengthen the prompt counterattack capacity of the country's nuclear force and raise a war deterrent, the official Korean Central News Agency (KCNA) reported Tuesday.

The DPRK artillery units of super-large multiple rocket launchers fired in salvo, with the projectiles accurately hitting the island target within 352 km range, according to the report.

The drill was specifically designed to "demonstrate the reliability, superiority, might and diverse means of the DPRK's nuclear force and to strengthen the nuclear force both in quality and quantity" and also served as a clear warning to the latest round of military confrontation by the United States and South Korea from earlier this month, as the two countries mobilized more than one hundred warplanes in a "combined joint formation drill", the KCNA report said.

Xinhua

# Slovenian president calls for open borders at meeting of regional leaders

**Slovenia April 23**

Slovenian President Natasa Pirc Musar called for open borders at a Monday meeting of regional leaders, which celebrated 20 years of Slovenia's accession to the European Union.

She hosted President Alexander Van der Bellen of Austria, President Zoran Milanovic of Croatia, President Tamas Sulyok of Hungary and President Sergio Mattarella of Italy.

"I would really like to call on the governments of our neighbouring countries, and the Slovenian government too, to lift border controls," Musar told a joint news conference, saying the freedom of movement is one of the most important liberties in the EU.

Slovenia joined the EU in 2004 and entered its border-free Schengen area in 2007. However, following the start of the migration crisis in 2015, when thousands of illegal migrants flooded the Balkans on their way to wealthier European states, some EU states started to put up temporary border controls within the Schengen area to curb illegal migration.

At present Slovenia, Austria and Italy are among the EU states with internal Schengen area border controls.

Xinhua


Slovenian President Natasa Pirc Musar (C) holds a meeting of regional leaders at Brdo pri Kranju, Slovenia, on April 22, 2024.

# Kayin State to implement staff housing, public rental housing projects in 2024-25 FY


A rental housing complex in Kayin State.

**Hpa-an April 23**

The Ministry of Construction stated that plans are underway to implement staff housing and public rental housing projects in Kayin State in 2024-25 financial year.

These projects will be implemented by the Department of Urban and Housing Development of the Ministry of Construction with the Kayin State budget.

In this regard, the project will cover construction of a five-storey four-apartment building and a five-storey three-apartment public rental housing in Hpa-an.

Tender has been invited to private entrepreneurs for implementing the project.

Currently, the Building Special Task Force-13 of the Ministry of Construction is building a three- storey building at Kayin State People's Hospital.

Moreover, a four-storey RC student hostel and a one-storey RC mess hall are under

construction at Hpa-an University, a 100-student-capacity two-storey hostel, a one-storey mess hall and a four-storey four-apartment staff housing at Technological University (Hpa-an), and a canteen and a gym at University of Computer Studies (Hpa-an).

Moreover, plans are underway to construct a gym at Technological University (Hpa-an) and housings for faculty members at Hpa-an University.

336

# More than 3,000 acres of maize harvested in ChaungU Township

**ChaungU April 23**

Local farmers have harvested 3,043 acres of maize and corns in ChaungU Township of Monywa District, according to ChaungU Township Agriculture Department.

In the township, local farmers planted 68 acres of maize and 2,975 acres of corns. Maize yielded 70.25 baskets per acre and millets 20,361 pieces of corn.

"Local farmers planted 3,043 acres of maize and corns. So far, they have harvested all acres of crops. Our department helps local farmers prevent pests and thrive crops," said Daw Khin Myat Myat Oo, Head of ChaungU Township Agriculture Department.

The township earmarked cultivation of 3,296 acres of maize and corns in 2023-24 financial year but local farmers could grow 3,043 acres of these crops.

In this regard, the township department hosted training course for agricultural techniques, field demonstration, prevention of FAW and use of pesticides.


Newly harvested maize.

In 2022-23 financial year, they grew 3,296 acres of maize and corns. In 2023-24 FY, the authorities set a plan to grow 6,291 acres of maize and corns. Local farmers planted 2,732 acres of maize, 86 acres of corns and 1,254 acres of millets, totalling 4,072 acres.

206

# Mandalay market bustles with various export beans and pulses

**Mandalay April 23**

There is a trade of foreign export beans and pulses in the Mandalay bean market on the occasion of the New Year after Thingyan, according to Mandalay's bean traders.

After Thingyan, when the Mandalay bean market opened, it is crowded with the sellers and buyers. Types of export beans such as mung beans, pigeon peas, and chickpeas are being traded well in the market now than before Thingyan, said U Soe Win Myint, the owner of Soe Win Myint wholesale center in Mandalay.

"The sale of all the beans in the Mandalay market is active. Export beans and pulses are being traded in the Mandalay bean market. There is a demand for mung beans in India. The prices are rising well. Now, the farmers are making profits. They are produced from all over from Myanmar and do daily transactions with buyers and sellers," he explained.

These beans are grown in Mandalay, Sagaing, Magway, Yangon, Bago and Ayeyawady regions.

185

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Myinmu Township completes harvesting of kitchen crops

**Myinmu April 23**

The statistics of Sagaing District Agriculture Department stated that a total of 1,683 acres of kitchen crops has been harvested in Myinmu Township of Sagaing Region.

Local farmers have so far started harvesting of kitchen crops from February 2024.

"Local farmers planted 1,683 acres of kitchen crops last winter. Our department renders agricultural techniques to local farmers and urges them to use GAP system and prevent pests," said Daw Thida Lwin, Head of Sagaing District Agriculture Department.

In the township, dried chilli yielded 280 viss per acre from 168 acres, fresh chilli 878 viss per acre from 170 acres, 4,330 viss of onion per acre from 1,082 acres, 2,560 viss of garlic per acre from 58 acres, and 4,717 viss of potato from 205 acres.

In 2023-24 financial year, Myinmu Township earmarked cultivation of 2,097 acres of kitchen crops. Local farmers planted 1,683 acres of kitchen crops in 2023.

Staff members of the Township Agriculture Department provide assistance for local farmers to have knowledge of agricultural techniques, prevention of pest and improvement of fertile soil.

206


Newly harvested green chilies.

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ယူကရိန်းကို အကူအညီပေးရေးဥပဒေကြမ်း အမေရိကန်အောက်လွှတ်တော်က အတည်ပြု



ယူကရိန်းကို လက်နက်နှင့် ငွေကြေး ထပ်မံပံ့ပိုးပေးနိုင်ရန် အရေးပေါ် ဥပဒေကြမ်းကို အမေရိကန်အောက်လွှတ်တော်၊ လွှတ်တော်အမတ်များက အတည်ပြုလိုက်ပြီဖြစ်ကြောင်း ရုရှားနိုင်ငံပိုင် RT သတင်းဌာနက ဧပြီ ၂၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယူကရိန်းကို အမေရိကန်ဒေါ်လာ ၆၁ ဘီလီယံပေးအပ်ရန် ရေးဆွဲထားသော ဥပဒေကြမ်းသည် ယူကရိန်းအောင်ပွဲသို့မဟုတ် ငြိမ်းချမ်းရေးအတွက် မဟာဗျူဟာတစ်ရပ်ဖြစ်မလာဘဲ အမေရိကန်က ရုရှားနှင့် ပဋိပက္ခကိုရှည်ကြာစေမည်ဟု သောစိုးရိမ်မှုဖြင့် ပြီးခဲ့သည့် ဆောင်းရာသီကတည်းက ဆိုင်းငံ့ထားခဲ့ခြင်းလည်းဖြစ်ကြောင်း သိရသည်။

ယူကရိန်း၊ အစ္စရေးနှင့် အင်ဒို-ပစိဖိတ် ဒေသတွင်းဆိုင်ရာ ဥပဒေကြမ်းများကို အထက်လွှတ်တော်သို့ လျင်မြန်စွာတင်ပြနိုင်စေရန်နှင့် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်၏ နောက်ဆုံးခွင့်ပြုချက်ရရှိရန် အမေရိကန်ဒေါ်လာ ၉၅ ဘီလီယံ အရေးပေါ်အသုံးစရိတ် အစီအစဉ်တစ်ရပ်အဖြစ် ပေါင်းစပ်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

လွှတ်တော်အမတ်များ၏ မဲရေတွက်နေချိန်တွင် လူဝီစီယားနားပြည်နယ် ရီပတ်ဘလစ်ကန်ပါတီဝင် အောက်လွှတ်တော် ဥက္ကဋ္ဌ မိုက်ဂျွန်ဆင်သည် လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ယူကရိန်းအလံများကိုဝှေ့ယမ်းကာ ကြွေးကြော်ခဲ့ကြသည်။ ဂျွန်ဆင်သည် ၎င်း၏ပါတီဝင်အများစုက ဆန့်ကျင်ကန့်ကွက်ခဲ့သောကြောင့် ယူကရိန်းပဋိပက္ခကို ကြာရှည်နိုင်စေမည့် အဆိုပါ ဥပဒေကြမ်းကို ပြီးခဲ့သည့်ဆောင်းဦးရာသီကတည်းက ဆိုင်းငံ့ထားခဲ့သည်။ သို့သော် ဧပြီ ၂၀ ရက်က ၃၁၁-၁၁၂ မဲဖြင့် ကျော်ဖြတ်ကာ ဒီမိုကရက်တစ်ပါတီဝင် လွှတ်တော်အမတ်အားလုံးနှင့် ရီပတ်ဘလစ်ကန်အမတ် ၁၀၁ ဦးက ၎င်းအဆိုကို ထောက်ခံမဲပေးခဲ့ကြကြောင်း သိရသည်။

အောက်လွှတ်တော် ဥက္ကဋ္ဌအဖြစ်မှ ဖြုတ်ချခံရမည့်အန္တရာယ်ကို ကြုံလာရခြင်းကြောင့် ဥပဒေကြမ်းကိုမည်သည့်အတွက်ကြောင့် ဆန့်ကျင်ကန့်ကွက်ခဲ့ကြောင်း မေးမြန်းခြင်းခံခဲ့ရသော ဂျွန်ဆင်ကသတင်းထောက်များကို "သမိုင်းက ကျွန်တော်တို့ကို စီရင်ဆုံးဖြတ်ပါလိမ့်မယ်။ အခုအချိန်ဟာ ကမ္ဘာ့ဇာတ်ခုံပေါ်မှာ အရေးကြီးတဲ့အချိန်လဲဖြစ်ပါတယ်"ဟု ပြောကြားသွားခဲ့သည်။

ယူကရိန်းထံပေးအပ်မည့် အကူအညီအချို့ကို ချေးငွေများအဖြစ် ဖော်ပြထားခြင်းဖြင့် အတိုက်အခံအင်အားစုများကိုသဘောထားပျော့ပျောင်းလာအောင် ကြိုးစားခဲ့သည်ဟု ၎င်းကပြောကြားခဲ့သည်။

အစ္စရေးကို အမေရိကန်ဒေါ်လာ ၂၆ ဘီလီယံ၊ တရုတ်(ထိုင်ပေ)နှင့် အခြားအင်ဒို-ပစိဖိတ်ဒေသ မဟာမိတ်များအတွက် အမေရိကန်ဒေါ်လာ ၈ ဘီလီယံ ပံ့ပိုးပေးအပ်သွားမည့် သီးခြားဥပဒေမူကြမ်းများကိုလည်း ဧပြီ ၂၀ ရက်က မဲခွဲဆုံးဖြတ်ခဲ့ကြသည်။ ထို့ပြင် အရေးပေါ်အသုံးစရိတ်တွင် ဂါဇာကမ်းမြောင်နှင့် အခြားစစ်ပွဲဇုန်များရှိ အရပ်သားများအတွက် လူသားချင်းစာနာထောက်ထားမှုအကူအညီ အမေရိကန်ဒေါ်လာ ကိုးဘီလီယံ ပါဝင်ကြောင်း သိရသည်။

ရုရှားသမ္မတဗလာဒီမာပူတင်၏ အေးဂျင့်များသာ ယူကရိန်းပဋိပက္ခကို ရန်ပုံငွေပံ့ပိုးခြင်း ဆန့်ကျင်ကန့်ကွက်ခဲ့ကြပြီး ပါတီနှစ်ရပ်စလုံးမှ လွှတ်တော်အမတ်များသည် စည်းလုံးညီညွတ်စွာလက်တွဲလုပ်ဆောင်နိုင်ခဲ့သည်ဟု Texas ပြည်နယ် ဒီမိုကရက်တစ် လွှတ်တော်ကိုယ်စားလှယ် Al Green က သတင်းထောက်များကို ပြောကြားခဲ့ကြောင်း သိရသည်။

အောက်လွှတ်တော်ဥက္ကဋ္ဌရာထူးမှ ဂျွန်ဆင်ကိုအစားထိုးရန် တောင်းဆိုခဲ့သည့် ရီပတ်ဘလစ်ကန် လွှတ်တော်အမတ် မာဂျိုရီတေလာဂရင်းက ဧပြီ ၂၀ ရက်က ထွက်ပေါ်လာခဲ့သော ထောက်ခံမဲများသည် စက်ဆုပ်ဖွယ်ကောင်းသည်ဟု ပြောဆိုခဲ့ကြောင်း သိရသည်။

"ယူကရိန်းမှာ သေကျေပျက်စီးမှုတွေများအောင် မီးထိုးပေးနေတဲ့ စစ်ဘက်စက်မှုလုပ်ငန်းအတွက် သွေးချောင်းစီးမဲ့ငွေကြေးတွေ ထပ်ထုတ်မပေးတော့ဘဲ ငြိမ်းချမ်းရေးကို တောင်းဆိုသင့်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**US House approves Ukraine aid bill ကို ဘာသာပြန်ဆိုထားပါသည်။**

## ဆီးရီးယားရှိ အမေရိကန်အခြေစိုက်စခန်း ဒုံးကျည်များဖြင့် ပစ်ခတ်ခံခဲ့ရ

အစ္စရေး-အီရန် တင်းမာမှုများကြားတွင် ဆီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းရှိ အမေရိကန် အခြေစိုက်စခန်းတစ်ခုတွင် ဒုံးကျည် ငါးစင်းထက်မနည်း ပစ်ခတ်တိုက်ခိုက်ခံခဲ့ရကြောင်း ရုရှားနိုင်ငံပိုင် RT သတင်းဌာနက ဧပြီ ၂၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါဒုံးကျည်များကို အီရတ်နိုင်ငံ အနောက်မြောက်ပိုင်း Zummar မြို့မှ ပစ်လွှတ်ခဲ့ကြောင်း သိရပြီး အသေအပျောက် ရှိ၊ မရှိကို အတိအကျဖော်ပြထားခြင်းမရှိပေ။

အီရတ်နိုင်ငံအခြေစိုက် ဟစ်ဇ်ဘိုလာအဖွဲ့က အမေရိကန်တပ်ဖွဲ့ဝင်များအပေါ် ယခုကဲ့သို့ တိုက်ခိုက်မှုများ ပြန်လည်စတင်ရန် ဆုံးဖြတ်ခဲ့သည်ဟု ကြေညာချက်ထုတ်ပြန်ခဲ့သည်။

အမေရိကန်က အီရတ်နှင့် ဆီးရီးယားနိုင်ငံတို့ရှိ ပစ်မှတ်ဒါဇင်များစွာကို လေကြောင်းတိုက်ခိုက်မှုများ လက်တုံ့ပြန်ပြုလုပ်ခဲ့ပြီးနောက် အီရန်နိုင်ငံ ကျောထောက်နောက်ခံပြု ပြည်သူ့စစ်များသည် ဖေဖော်ဝါရီလတွင် ဒေသတွင်းရှိ အမေရိကန် စစ်စခန်းများတိုက်ခိုက်ခြင်းကို ရပ်တန့်ခဲ့သည်။ အစ္စရေး-ဟားမတ်စ် စစ်ပွဲစတင်ချိန်နှင့် ဖေဖော်ဝါရီလအတွင်း အရှေ့အလယ်ပိုင်းရှိ အမေရိကန်တပ်ဖွဲ့ဝင်များကို ဒုံးကျည်များနှင့် ဒရုန်းများဖြင့် အကြိမ် ၁၅၀ ကျော် ပစ်လွှတ်တိုက်ခိုက်ခြင်းခံခဲ့ရပြီး ဂျော်ဒန်ရှိ ကင်းစခန်းတစ်ခုတွင် အမေရိကန်စစ်သည် သုံးဦးသေဆုံးကာ ဦးရေ ၄၀ ဒဏ်ရာ ရရှိခဲ့သည်။

ဧပြီ ၂၁ ရက်က တိုက်ခိုက်မှုတွင် ထရပ်ကားငယ်ပေါ်၌ တပ်ဆင်ထားသော ဒုံးပစ်လောင်ချာတစ်ခု ပါဝင်ခဲ့ကြောင်း၊ အီရတ်စစ်ဘက်အရာရှိတစ်ဦးက ထရပ်ကားသည် မပစ်ခတ်ရသေးသော ဒုံးကျည်များမှပေါက်ကွဲပြီး မီးလောင်ခဲ့ကာ အမေရိကန်တပ်ဖွဲ့များ၏ လေကြောင်းတိုက်ခိုက်မှုတွင် ထိမှန်နိုင်ခဲ့ဖွယ်ရှိသည်ဟု ပြောကြားခဲ့သည်။ အမည်မသိ စစ်သွေးကြွများသည် အခြားယာဉ်တစ်စီးဖြင့် အဆိုပါနယ်မြေအတွင်း ထွက်ပြေးသွားခဲ့ကြသည်ဟု သိရသည်။

အီရတ်နိုင်ငံဘဂ္ဂဒက်မြို့မြောက်ဘက်ရှိ စစ်ဌာနချုပ်တစ်ခုတွင် ဗုံးခွဲမှုတစ်ရပ်ဖြစ်ပွားခဲ့ပြီး တစ်ရက်အကြာတွင် ယခုလိုတိုက်ခိုက်ခံခဲ့ရခြင်းလည်းဖြစ်သည်။ အဆိုပါ ဗုံးပေါက်ကွဲမှုကြောင့် အီရတ်နိုင်ငံ၏ နာမည်ကြီးလူပ်ရှားတပ်ဖွဲ့ (PMU) မှ အဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အခြားသူ ရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။အမေရိကန်နှင့် အစ္စရေးစစ်ဘက်တာဝန်ရှိသူနှစ်ဖက်စလုံးက အဆိုပါဗုံးပေါက်ကွဲမှုတွင် ပါဝင်ပတ်သက်ခြင်းမရှိဟု ငြင်းဆိုထားသည်။ ပေါက်ကွဲမှုဖြစ်ပွားချိန်တွင် ကွပ်ကဲရေးဌာနချုပ်စခန်းအနီးရှိ လေပိုင်နက်အတွင်း ဒရုန်းများနှင့် တိုက်လေယာဉ်များ ပျံဝဲလာခဲ့ခြင်းလည်းမရှိကြောင်း အီရတ်စစ်ဘက်က ပြောကြားခဲ့သည်။




အီရန်နှင့် အစ္စရေးတို့၏ နှစ်ဖက်စလုံး ထိရောက်မှုမရှိသော လေကြောင်းတိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ပွားခဲ့ပြီး တစ်ပတ်အကြာတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်လက်မြင့်တက်လာခဲ့သည်။ အီရန်နိုင်ငံ၏ ဧပြီ ၁၃ ရက်က ဒရုန်းနှင့် ဒုံးကျည်များဖြင့် ပစ်လွှတ်မှုသည် ဆီးရီးယားရှိ အီရန်ကောင်စစ်ဝန်ရုံးကို ဧပြီ ၁ ရက်က ဗုံးကြဲခဲ့ခြင်းအတွက် လက်တုံ့ပြန်ခြင်းဖြစ်သည်။ အီရန်ကောင်စစ်ဝန်ရုံးတိုက်ခိုက်မှုအတွင်း အီရန်စစ်ဘက်မှ ထိပ်တန်းဗိုလ်ချုပ်နှစ်ဦးနှင့် အခြားအရာရှိ ငါးဦးအပါအဝင် လူ ၁၆ ဦးသေဆုံးခဲ့သည်။ အီရတ်နိုင်ငံဝန်ကြီးချုပ် Mohammed Shia al-Sudani သည် အမေရိကန်နိုင်ငံ အလည်အပတ် ခရီးစဉ်အတွင်း ဧပြီ ၂၀ ရက်က အိမ်ဖြူတော်တွင် အမေရိကန် သမ္မတ Joe Biden နှင့် တွေ့ဆုံခဲ့သည်။ အာရပ်-အမေရိကန် ထိပ်သီးခေါင်းဆောင်များနှင့်တွေ့ဆုံရန် မစ်ရှီဂန်ပြည်နယ်တွင် ရပ်နားတည်းခိုခဲ့ကြောင်း သိရသည်။

**Rockets fired at US base in Syria – Reuters ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်သို့ သင်္ကြန်ကာလအတွင်း ပြည်တွင်း၊ ပြည်ပ ဘုရားဖူးပြည်သူ ၂၄၇၂၇၆ ဦး လာရောက်ဖူးမြော်ခဲ့



**ကျိုက်ထို မေ ၂၃**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်သို့ သင်္ကြန်ကာလအတွင်း ပြည်တွင်း၊ ပြည်ပ ဘုရားဖူးပြည်သူ ၂၄၇၂၇၆ ဦး လာရောက်ဖူးမြော်ခဲ့ကြောင်း ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးလှက ပြောပြ၍ သိရသည်။

ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်သို့ နိုဝင်ဘာလမှ စတင်ကာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်မှု နေ့စဉ် များပြားလျက်ရှိကြောင်း၊ ဘုရားဖူးများအတွက် ဟိုတယ်၊ တည်းခိုခန်းများနှင့် အခမဲ့တည်းခိုဆောင်များ၊ စားသောက်ဆိုင်ခန်းများကို စုံလင်စွာ ဖွင့်လှစ်ထားကြောင်း သိရသည်။

"ကျိုက်ထီးရိုးစေတီတော်ပွဲတော်ကတော့ သီတင်းကျွတ်လပြည့်နေ့ကစပါတယ်။ ပွဲတော်ကာလအတွင်းမှာ ဘုရားဖူးဝင်ရောက်မှုကလဲ နေ့စဉ်များပြားနေတာဖြစ်ပါတယ်။ နေ့စဉ် ပုံမှန် ဘုရားဖူး အယောက် ၂၀၀၀ ကျော်၊ ပိတ်ရက်တွေမှာ အယောက် ၄၀၀၀ ကျော် လာရောက်ဖူးမြော်ကြပါတယ်။ သင်္ကြန်အကြိုနေ့မှ သင်္ကြန်အတက်နေ့ထိ ပြည်တွင်းဘုရားဖူး ၂၄၅၉၈၂ ယောက်နဲ့ ပြည်ပဘုရားဖူး ၁၂၉၄ ယောက် စုစုပေါင်း ၂၄၇၂၇၆ ယောက် လာရောက်ဖူးမြော်ခဲ့ကြပါတယ်။ တောင်တက်ကား အစီးရေ ၂၅၀ နဲ့ ကေဘယ် အစီးရေ ၄၀ နေ့စဉ် ပြေးဆွဲပေးနေပါတယ်"ဟု ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးလှက ပြောပြသည်။

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်၏ ဇုဒ္ဒပူဇနိယပွဲတော်ကို နှစ်စဉ် သီတင်းကျွတ်လပြည့်နေ့မှ ကဆုန်လပြည့်နေ့ထိ ကျင်းပလေ့ရှိပြီး စေတီတော်ကို အများပြည်သူ ဖူးမြော်နိုင်ရန် ပိတ်ရက်မရှိ ဖွင့်လှစ်ထားကြောင်း သိရသည်။

ASH

# တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စားဖိုဆောင်သီးနှံ ၁၄၂၉ ဧက ရိတ်သိမ်းပြီးစီး

**တမူး မေ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးထားသော စားဖိုဆောင်သီးနှံ ၁၄၂၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း တမူးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စားဖိုဆောင်သီးနှံစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၄၂၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"တမူးခရိုင်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ စားဖိုဆောင်သီးနှံ ၁၄၂၉ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အခုလက်ရှိစိုက်ပျိုးထားတဲ့စိုက်ခင်းဧကအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးပါပြီ။ စားဖိုဆောင်သီးနှံစိုက်ပျိုးမှုကတော့ လျာထားချက်ဧကထက် ပိုမိုစိုက်ပျိုးနိုင်ပါတယ်" ဟု တမူးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

တမူးခရိုင်အတွင်း မြို့နယ်အလိုက် စားဖိုဆောင်သီးနှံရိတ်သိမ်းပြီးစီးမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ငရုတ် ဧက ၃၀၊ ကြက်သွန်နီ ၁၂၉ ဧက၊ ကြက်သွန်ဖြူ ၁၀ ဧက၊ အာလူး ၃၁၇ ဧက၊ တမူးမြို့နယ်တွင် ငရုတ် ၁၃၅ ဧက၊ ကြက်သွန်နီ ဧက ၄၀၊ ကြက်သွန်ဖြူ ရှစ်ဧက၊ အာလူး ၂၅၁ ဧက၊ ခါမ်းပါတ်မြို့တွင် ငရုတ် ၆၇ ဧက၊ ကြက်သွန်နီ ၁၄၉ ဧက၊ ကြက်သွန်ဖြူ ၂၆ ဧက၊ အာလူး ၂၆၇ ဧက ဖြစ်ကြောင်း သိရသည်။



မြို့သစ်မြို့နယ်တွင် ငရုတ် တစ်ဧကလျှင် ၇၉၇ ပိဿာ၊ ကြက်သွန်နီ တစ်ဧကလျှင် ၄၀၂၄ ပိဿာ၊ ကြက်သွန်ဖြူ တစ်ဧကလျှင် ၂၃၄၅ ပိဿာ၊ အာလူး တစ်ဧကလျှင် ၄၃၃၇ ပိဿာ၊ တမူးမြို့နယ်တွင် ငရုတ် တစ်ဧကလျှင် ပိဿာ ၈၀၀၊ ကြက်သွန်နီ တစ်ဧကလျှင် ၄၀၂၄ ပိဿာ၊ ကြက်သွန်ဖြူ တစ်ဧကလျှင် ၂၃၄၉ ပိဿာ၊ အာလူး တစ်ဧကလျှင် ၄၃၄၈ ပိဿာ၊ ခါမ်းပါတ်မြို့တွင် ငရုတ် တစ်ဧကလျှင် ပိဿာ ၈၀၀၊ ကြက်သွန်နီ တစ်ဧကလျှင် ၄၀၂၅ ပိဿာ၊ ကြက်သွန်ဖြူ တစ်ဧကလျှင် ၂၃၄၇ ပိဿာ၊ အာလူး တစ်ဧကလျှင် ၄၃၄၈ ပိဿာ ထွက်ရှိကြောင်း သိရသည်။ (၂၀၆)

# လယ်ဝေးမြို့နယ် ချာယားကုန်းကျေးရွာ၌ စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် မေ ၂၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးခရိုင် လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချာယားကုန်းကျေးရွာ၌ စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လယ်ဝေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးတင့်က ကျေးရွာရှိရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသူ၊ အသင်းသားများနှင့် တွေ့ဆုံကာ ရန်ပုံငွေထုတ်ချေးရခြင်း၏ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၄၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ချာယားကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၈ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၆၈ ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၁ ဦးကို ရန်ပုံငွေကျပ် သိန်း ၄၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ရိုးသန်းညွန့်


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၃-၅-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်းကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနော်သုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ရွှေဝိယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနော်သုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| **ကော်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၈၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၃၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၈၉၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၀၁၀ |

**(သာ ကော်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# ဆီထွက်သီးနှံများကို ဇုန်များသတ်မှတ်စိုက်ပျိုး၍ ပန်းတိုင်အထွက်နှုန်းအတိုင်းထွက်ရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ



နေပြည်တော် မေ ၂၃

ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံတိုးတက်ထုတ်လုပ်ရေး၊ ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှု၊ ချည်မျှင်နှင့်အထည်အလိပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနဦးစီးမှူးများ၊ စက်ရုံမှူးများက Virtual စနစ်ဖြင့် သတ်မှတ်နေရာအသီးသီးမှ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ တိုင်းဒေသကြီး၊ ပြည်နယ်များသို့သွားရောက်ခဲ့သည့် ခရီးစဉ်များနှင့် အစိုးရအဖွဲ့အစည်းအဝေးများတွင် ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ တိုးတက်ထုတ်လုပ်ရေး၊ ထွက်ရှိလာသည့် ဆီထွက်သီးနှံများကို အပြည့်အဝကြိတ်ခွဲနိုင်ရေး၊ ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှု၊ချည်မျှင်နှင့်အထည်အလိပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်ပတ်သက်သည့် လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ပြန်လည်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ဆီထွက်သီးနှံများကို ဇုန်များသတ်မှတ်စိုက်ပျိုး၍ ပန်းတိုင်အထွက်နှုန်းအတိုင်းထွက်ရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ပသို့တင်ပို့ပြီး ကျန်ရှိသည့် ဆီထွက်သီးနှံများကို သက်ဆိုင်ရာလုပ်ငန်းရှင်များက အပြည့်အဝကြိတ်ခွဲ၍ စားသုံးဆီများထုတ်လုပ်နိုင်ရေးအတွက် စက်မှုဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များကိုကူညီပြည့်ဆည်း စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဆီထွက်သီးနှံနှင့်ပတ်သက်၍ စိုက်ဧက၊ ထွက်ရှိမည့်ပမာဏ၊ မြို့နယ်အသီးသီးတွင်တည်ရှိသည့် ဆီစက်အရေအတွက်၊ ကြိတ်ခွဲနိုင်သည့်စက်စွမ်းအား၊ လက်ရှိကြိတ်ခွဲထုတ်လုပ်နေမှုစသည်တို့ကို ကြိုတင်စာရင်းပြုစု တွက်ချက်ထားရမည်ဖြစ်ကြောင်း။

ပြည်တွင်း ဝါစိုက်ပျိုးထုတ်လုပ်မှုသည် ပြည်သူများ၏ ဝတ်ဆင်ရေးကဏ္ဍအတွက် လုံလောက်မှုရှိကြောင်းကို တွက်ချက်မှုများအရသိရှိရကြောင်း၊ ထွက်ရှိလာသည့်ဝါများကို ပြည်ပသို့ပိုက်ချိတ်တင်ပို့ခြင်းအတွက် ဝါကြိတ်စက်များဖြင့် ကြိတ်ခွဲပြီး ဝါခွမ်းမှချည်ထုတ်လုပ်တင်ပို့လျှင် ပိုမိုအကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ထွက်ရှိလာသည့် ဝါများကို အပြည့်အဝကြိတ်ခွဲနိုင်ရေးအတွက် ဝါကြိတ်စက်များ အဆင်သင့်လည်ပတ်နိုင်အောင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ ထွက်ရှိလာသည့် ဆီထွက်သီးနှံများနှင့် ဝါများကိုအပြည့်အဝကြိတ်ခွဲ၍ ပြည်တွင်းစားသုံးမှုနှင့် ဝတ်ဆင်ရေးကဏ္ဍ ဖူလုံအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြည်တွင်းစားသုံးမှုဖူလုံရေးအတွက် Action Plan များ ရေးဆွဲဆောင်ရွက်သွားမည့်အခြေအနေ၊ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပံ့ပိုးဆောင်ရွက်ပေးမည့် အခြေအနေများကိုလည်းကောင်း၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူးက ဝတ်ဆင်ရေးကဏ္ဍအတွက် နိုင်ငံပိုင်စက်ရုံများမှ ထုတ်လုပ်ဖြည့်ဆည်းပေးမည့်အခြေအနေ၊ အထည်အလိပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဖြည့်ဆည်းဆောင်ရွက်ပေးမည့် အခြေအနေတို့ကိုလည်းကောင်း၊တက်ရောက်လာသူများက ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆောင်ရွက်ရမည့်နည်းလမ်းများ၊ အထည်အလိပ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းတာဝန်များကို စနစ်တကျဖြင့်အောင်မြင်စေရေးအတွက် လက်တွေ့ကျသည့် စီမံချက်များရေးဆွဲ ဆောင်ရွက်ရန်မှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

မန္တလေး မေ ၂၃







မြန်မာနိုင်ငံမြောက်ပိုင်း ရေခဲတောင်များတည်ရှိရာ ဝါကာဘိုရာဇီအမျိုးသားဥယျာဉ်ကြီးကို တွေ့ရစဉ်။

# တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကျောင်းများ ဇွန်လတွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်၍ ကြိုတင်ပြင်ဆင်ထားကြပြီး ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူမှုအခွင့်အလမ်း အပြည့်အဝရရှိစေရေး ညီညီညွတ်ညွတ်ပူးပေါင်းဆောင်ရွက်

နေပြည်တော် မေ ၂၃



# နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များအနေဖြင့် သက်ဆိုင်ရာဒေသအလိုက်ဖြစ်ပွားနိုင်သည့် သဘာဝဘေးအန္တရာယ်အမျိုးအစားများမတူညီသည့်အတွက် ကြိုတင်ပြင်ဆင်ထား

နေပြည်တော် မေ ၂၃



# မြန်မာနိုင်ငံ၏ခရီးသွားကဏ္ဍပုံရိပ်ကို နိုင်ငံတကာမှ ပိုမိုကျယ်ပြန့်စွာသိရှိနိုင်ရေးအတွက် မြှင့်တင်ဆောင်ရွက်ရာတွင် အားလုံးဝိုင်းဝန်းကြိုးစား

နေပြည်တော် ဧပြီ ၂၃

ပြည်ပနိုင်ငံများသို့ ကိုယ်စားလှယ်များအဖြစ် သွားရောက်၍ရရှိခဲ့သည့် အတွေ့အကြုံများရှင်းလင်းတင်ပြခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊အရာထမ်းအမှုထမ်းများတက်ရောက်ကြပြီး နယ်ရုံးခွဲများမှ အရာထမ်းအမှုထမ်းများက Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။





အခမ်းအနားတွင် E-government ဌာနခွဲ ညွှန်ကြားရေးမှူး ဦးကျော်ကျော်လွင်နှင့် လေ့ကျင့်ရေးနှင့် ပညာပေးရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးနောင်နောင်လင်းအောင်တို့က တရုတ်ပြည်သူ့သမ္မတနိုင်ငံ မကာအို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၁၅)ကြိမ်မြောက် မကာအိုခရီးသွားလုပ်ငန်း အင်စတီကျူးနှင့်ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်တို့ပူးပေါင်းဆောင်ရွက်သည့်ဆွေးနွေးပွဲနှင့်ကမ္ဘာလုံးဆိုင်ရာခရီးသွားလုပ်ငန်းဖိုရမ် ၂၀၂၃ သို့ တက်ရောက်ခဲ့မှုနှင့်စပ်လျဉ်း၍ အတွေ့အကြုံများကို ဆွေးနွေးတင်ပြကြရာ တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးခြင်း၊ သိရှိလိုသည်များကို မေးမြန်းဖြေကြားခြင်းများ ဆောင်ရွက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနရှိ ဝန်ထမ်းများ၏အရည်အသွေးများတိုးတက်လာစေရေးအတွက် ပြည်တွင်း၊ ပြည်ပနိုင်ငံများရှိ သင်တန်း၊အစည်းအဝေးများနှင့် နိုင်ငံတကာပြပွဲများသို့ စေလွှတ်တက်ရောက်စေလျက်ရှိပါကြောင်း၊ဝန်ထမ်းများအနေဖြင့် ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲလာသည့်အခြေအနေများကို သိရှိနားလည်ကြရန်လိုအပ်ပါကြောင်း၊ ပြည်ပနိုင်ငံများမှ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်ချက်များကို လေ့လာမှတ်သားပြီး မိမိနိုင်ငံနှင့်ကိုက်ညီမှုရှိသည်များကို အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နေပြည်တော်၌ မိုက်စ်(MICE)ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ-ပုဂ္ဂလိက-အသင်းအဖွဲ့များပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ခရီးသွားကဏ္ဍပုံရိပ်ကို နိုင်ငံတကာမှ ပိုမိုကျယ်ပြန့်စွာ သိရှိနိုင်ရေးအတွက် မြှင့်တင်ဆောင်ရွက်ရာတွင် အားလုံးဝိုင်းဝန်းကြိုးစားကြရန် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပုဂ္ဂလိကျောင်းများမှ ဆရာ၊ ဆရာမများအတွက် ဆရာအတတ်ပညာလက်မှတ်သင်တန်းဖွင့်ပွဲကျင်းပ

မန္တလေး ဧပြီ ၂၃

ပညာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မန္တလေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ်တို့ပူးပေါင်းပြီး အထက်မြန်မာပြည်ရှိ ပုဂ္ဂလိကကျောင်းများမှ ဆရာ၊ဆရာမများအတွက် ဆရာအတတ်ပညာလက်မှတ်သင်တန်း ဖွင့်ပွဲအခမ်းအနားကို မန္တလေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ မန္တလေးတက္ကသိုလ်၊ စစ်ကိုင်းပညာရေးတက္ကသိုလ်တို့မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် သင်တန်းပို့ချမည့် ပါမောက္ခဆရာ၊ဆရာမများ၊ပုဂ္ဂလိကကျောင်းများမှ ကျောင်းအုပ်ချုပ်သူများနှင့် သင်တန်းသား၊ သင်တန်းသူ၊ ဆရာ၊ ဆရာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းအဖွင့်အမှာစကားပြောကြားရာတွင် ယခုသင်တန်းသည် အထက်မြန်မာပြည်ရှိ ပုဂ္ဂလိကကျောင်းများမှ ဆရာ၊ ဆရာမများအတွက် ရည်ရွယ်ဖွင့်လှစ်ပေးသည့် သင်တန်းဖြစ်ပါကြောင်း၊ သင်တန်းပြီးဆုံးပါက ပုဂ္ဂလိကဆရာအတတ်ပညာလက်မှတ်များရရှိမည်ဖြစ်ပါကြောင်း၊ ပုဂ္ဂလိကကျောင်းဆရာမှတ်ပုံတင်လက်မှတ်လျှောက်ထားရာတွင် ဆရာတတ်ပညာလက်မှတ်များရရှိမှသာ ပုဂ္ဂလိကကျောင်းများတွင်သင်ကြားခွင့်ရရှိမည်ဖြစ်ပါကြောင်း၊ သင်ကြားပို့ချပေးသည့် ပို့ချချက်များကို ဂရုတစိုက်လေ့လာမှတ်သားပြီး ထိရောက်စွာလက်တွေ့အသုံးချသင်ကြားပေးခြင်းဖြင့် များစွာ အကျိုးရှိမည်ဖြစ်ပါကြောင်း၊ ကျောင်းသားကျောင်းသူများမြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို မြတ်နိုးလေးစားတန်ဖိုးထားတတ်စေရန်နှင့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှင်သန်ထက်မြက်စေရန်အလေးထားသင်ကြားပေးကာ အနာဂတ်မြန်မာ့ပညာရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။





ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် သင်တန်းတက်ရောက်ကြသည့် သင်တန်းသား၊ သင်တန်းသူများနှင့် သင်တန်းပို့ချမည့် ဆရာ၊ ဆရာမများကို ရင်းနှီးစွာ နှုတ်ဆက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ပုဂံ၊ အင်းလေး၊ ငွေဆောင်နှင့် ချောင်းသာ လူရည်ချွန်အပန်းဖြေစခန်းတို့သို့ သွားရောက်ကြမည့် လူရည်ချွန်များကို မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် တွေ့ဆုံအားပေး

မန္တလေး ဧပြီ ၂၃

ပုဂံ၊ အင်းလေး၊ ငွေဆောင်နှင့် ချောင်းသာ လူရည်ချွန်အပန်းဖြေစခန်းများသို့ သွားရောက်ကြမည့် ၂၀၂၄ ခုနှစ် မန္တလေးတိုင်းဒေသကြီး မြို့နယ်များအသီးသီးမှ လူရည်ချွန်မောင်မယ်အဖြစ် ရွေးချယ်ခြင်းခံခဲ့ရသည့် ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံပွဲကို ချမ်းအေးသာစံမြို့နယ်ရှိ လူရည်ချွန်စခန်း(စုရပ်) မန္တလေး အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းတွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ ကြီးကြပ်ဆရာ၊ဆရာမများ၊စခန်းတာဝန်ခံများနှင့်လူရည်ချွန်ကျောင်းသား၊ကျောင်းသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲ၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က နှုတ်ခွန်းဆက်အမှာစကားပြောကြားရာတွင် ၂၀၂၄ ခုနှစ်အတွက် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြုလူရည်ချွန်မောင်မယ်များအဖြစ် ထိုက်တန်စွာရွေးချယ်ခြင်းခံခဲ့ရသည့် လူရည်ချွန်ကျောင်းသား၊ကျောင်းသူများကို လှိုက်လှဲစွာဂုဏ်ပြုပါကြောင်း၊ နိုင်ငံတော်က လူငယ်မောင်မယ်များကို လူရည်ချွန်လူရည်မွန်များ ဖြစ်လာစေရန်၊ ကျန်းမာသန်စွမ်းသော ကိုယ်ကာယ၊ကောင်းမြတ်သောအကျင့်စာရိတ္တတို့နှင့် ပြည့်စုံစေပြီး အဖွဲ့အစည်းစိတ်ဓာတ်ဖြင့် ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ၊ စံနမူနာကောင်းများရရှိလာစေရန်၊ အမျိုးသားယဉ်ကျေးမှုထုံးတမ်းဓလေ့များကို နှစ်သက်မြတ်နိုးထိန်းသိမ်းစောင့်ရှောက်တတ်စေရန်နှင့် မျိုးချစ်စိတ်ဓာတ်ပြည်ထောင်စုစိတ်ဓာတ်များရှင်သန်ခိုင်မာလာစေရန်အတွက် ပြုစုပျိုးထောင်ပေးနေပါကြောင်း၊အပန်းဖြေစခန်းအသီးသီးသို့သွားရောက်ကြမည့် လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျန်းမာရေးကိုအထူးဂရုစိုက်ကြရန်လိုအပ်ပါကြောင်း၊စည်းကမ်းများဥပဒေများကို လေးစားလိုက်နာ၍ ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ပိုမိုစိတ်ပါဝင်စားစွာဆောင်ရွက်ပြီး ဘက်စုံအရည်အသွေးများပိုမိုဖွံ့ဖြိုးတိုးတက်အောင်၊လူရည်ချွန်ထပ်ကွမ်းလူငယ်များဖြစ်အောင် ပိုမိုကြိုးစားသွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် လူရည်ချွန်ကျောင်းသား၊ကျောင်းသူများကို ဂုဏ်ပြုငွေများချီးမြှင့်ပြီးနောက် လူရည်ချွန်သုံးထပ်ကွမ်းရရှိသူ Grade 12 ကျောင်းသား မောင်သိန်းတိုးအောင်က ကျေးဇူးတင်စကားပြောကြားပြီး လူရည်ချွန်များနှင့်အတူ စုပေါင်းမှတ်ပုံတင်ဓာတ်ပုံရိုက်ကူး၍ ရင်းနှီးနွေးထွေးစွာနှုတ်ဆက်ခဲ့သည်။

ထို့နောက် အဆိုပါကျောင်းတွင် သုံးထပ်စာသင်ဆောင်ဖွင့်ပွဲကို ဆက်လက်ကျင်းပခဲ့ကြောင်း၊ လူရည်ချွန်စခန်း(စုရပ်) မန္တလေး အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်း၌ ကချင်ပြည်နယ်အပါအဝင် မန္တလေးတိုင်းဒေသကြီးအတွင်းမှ Grade-9၊ Grade-10၊ Grade-11၊ Grade-12တို့မှ လူရည်ချွန်ကျောင်းသား၊ကျောင်းသူ ၉၆ ဦး ခေတ္တတည်းခိုနေထိုင်ပြီး နေပြည်တော်မှတစ်ဆင့် ပုဂံ၊ အင်းလေး၊ ငွေဆောင်နှင့် ချောင်းသာလူရည်ချွန်အပန်းဖြေစခန်းများသို့သွားရောက်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။




**မျိုးကျော်**

# မန္တလေးတိုင်းဒေသကြီးအတွင်း တန်ခိုးကြီးဘုရားစေတီ ၁၇ ဆူတွင် ဘုရားသမိုင်းနှင့် ဘုရားဖူးလမ်းညွှန်များ တပ်ဆင်ပေးခြင်းကို အကောင်အထည်ဖော်ဆောင်ရွက်နေ



**မန္တလေး ဧပြီ ၂၃**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တန်ခိုးကြီးဘုရားစေတီ ၁၇ ဆူတွင် ဘုရားသမိုင်းနှင့် ဘုရားဖူးလမ်းညွှန် (Pagoda Digital Directory) များ တပ်ဆင်ပေးခြင်းကို အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ သတင်းများအရ သိရသည်။

အဆိုပါဘုရားစေတီများကို Pagoda Digital Directory များ တပ်ဆင်ဆောင်ရွက်ပေးခြင်းဖြင့် အဆိုပါဘုရားစေတီများ၏ သမိုင်းအချက်အလက်များ၊ ဘုရားစေတီများနှင့်ပတ်သက်သည့် အကြောင်းအရာများကို တစ်နေရာတည်းတွင် တစ်စုတစ်ဝေးတည်း လေ့လာကြည့်ရှုနိုင်စေရန်၊ ဘုရားဖူးလာရောက်မှု တိုးမြှင့်လာစေရန်၊ နိုင်ငံတကာဘုရားဖူးခရီးသွားများကို ဆွဲဆောင်နိုင်စေရန်နှင့် နိုင်ငံတကာအဆင့်မီ ဖြစ်လာစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။

ယင်းသို့ Pagoda Digital Directory များ တပ်ဆင်ခြင်းကို အကောင်အထည်ဖော်ဆောင်ရွက်မည့် တန်ခိုးကြီးဘုရားစေတီများမှာ ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိရုပ်ရှင်တော်၊ အောင်မြေသာစံမြို့နယ်ရှိ မဟာသကျမာရဇိန်ကျောက်တော်ကြီးဘုရား၊ ပဋ္ဌမသင်္ဂါယနာတင် မဟာလောကမာရဇိန်စေတီ ကုသိုလ်တော်၊ မန္တလေးတောင်တော်ဆုတောင်းပြည့်စေတီတော် မြတ်ကြီး၊ ရွှေကျီးမြင်စေတီတော်၊ ချမ်းအေးသာစံမြို့နယ်ရှိ မဟာလောကရန်နိုင်အောင်တော်မူစေတီတော်၊ ကျောက်ဆည်မြို့နယ်ရှိ ရွှေသိမ်တော်ဘုရား၊ ပြင်ဦးလွင်မြို့နယ်ရှိ မဟာအံ့ထူးကံသာဆုတောင်းပြည့်မြတ်စွာဘုရား၊ ညောင်ဦးခရိုင်အတွင်းရှိ ရွှေစည်းခုံစေတီတော်၊ အာနန္ဒာဘုရား၊ လောကနန္ဒာဘုရား၊ တုရင်တောင်ဘုရား၊ ထီးလိုမင်းလိုဘုရား၊ မနူဟာဘုရား၊ အလိုတော်ပြည့်ဘုရား၊ ဗူးဘုရား၊ ဓမ္မရာဇကဘုရားတို့တွင် တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

## အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု ပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့် တက်ခြင်း၊ သတိလစ်ခြင်းတို့ အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ အနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင်အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာများတွင် နားနေပါ။

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်း တို့ကို ရှောင်ကြဉ်ပါ။

(၃) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန်လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းသွားပါ။ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏ ပြုလုပ်ပါ။

(၄) အလင်းပြန်သောအဖြူရောင်(သို့မဟုတ်)အရောင်ဖျော့သောပွပွချောင်ချောင်ချည်ထည်များကိုဝတ်ဆင်ပါ။

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက်(၁၀)နာရီမှ ညနေ(၅)နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ။

(၆) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။

(၇) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ။

(၈) မိတ်နှင့် ယားဖုများ ထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၉) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍လေဝင်လေထွက်ကောင်းသောနေရာတွင် ထားရှိခြင်း၊ရေနှင့်ဓာတ်ဆားရည်များသောက်သုံးစေခြင်း၊ လူနာ၏ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊လည်ပင်း၊ချိုင်းကြားနှစ်ဖက်နှင့်ပေါင်ခြံနှစ်ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်းစသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာဆေးရုံ/ဆေးခန်း/ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသ၍ ကုသမှုခံယူစေပါ။

**ကျန်းမာရေးဝန်ကြီးဌာန**
**(ဧပြီလ၊ ၂၀၂၄)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌာနချုပ်(နေပြည်တော်)**
 (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
 (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
 (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
 (၁) ၀၇၁- ၂၀၇၂၀၉၁၊ ၀၇၁- ၂၀၇၂၀၉၂
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
 (၁) ၀၅၉- ၂၀၂၄၀၇၇၊ ၀၅၉- ၂၀၂၄၀၇၈
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
 (၁) ၀၅၂- ၂၂၀၁၉၇၉၊ ၀၅၂- ၂၂၀၁၉၄၉
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
 (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
 (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
 (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
 (၁) ၀၅၇ - ၂၀၂၇၉၇၅၊ ၀၅၇- ၂၀၂၇၉၇၆
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
 (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
 (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
 (၁) ၀၈၁- ၂၀၂၄၅၄၀၊ ၀၈၁- ၂၀၂၄၉၉၅
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
 (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့်အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# ဥပ္ပါတသန္တိသုတ်ပရိတ်တော်ကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲအောင်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဧပြီ ၂၃**

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် ဥပ္ပါတသန္တိသုတ်ပရိတ်တော်ကျမ်းမြတ်ရွတ်ဖတ်ပူဇော်ပွဲကို ဧပြီ ၁၉ မှ ၂၃ ရက်ထိ ငါးရက်တိုင် ကျင်းပပူဇော်ခဲ့သည်။

ဥပ္ပါတသန္တိပရိတ်တော်ကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲအောင်ပွဲ မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရင်ပြင်တော်မှော်ရှိ အတွင်း၌ကျင်းပရာ ပျဉ်းမနားမြို့ အုန်းတောပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တအာသဘနှင့်သံဃာတော် ခြောက်ပါးနံတော်စဉ် ပရိယတ္တိစာသင်တိုက်မှ သံဃာတော် ခြောက်ပါး စုစုပေါင်း ၁၃ ပါးကြွရောက်ချီးမြှင့်တော်မူကြပြီး နေပြည်တော်သာသနာရေးမှူး၊ စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ တပ်နယ်ဝတ်အသင်းသူများ၊ ဂေါပကအဖွဲ့ရုံးဝန်ထမ်းများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ အုန်းတောပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော်ထံမှ ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်၍ ဆရာတော်၊ သံဃာတော်များရွတ်ပွားသရဇ္ဈာယ်တော်မူသော ရတနသုတ်၊ မေတ္တသုတ်ပရိတ်တရားတော်ကိုနာယူကြပြီး တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဗိုလ်လောင်းအမှတ်စဉ် ၁၁၁ ကျောင်းဆင်းအရာရှိများက ၁၆ နှစ်မြောက် နှစ်ပတ်လည်နေ့အတွက် ကျဆုံးသေဆုံးအရာရှိမိသားစုဝင်များကို ရည်စူး၍ စေတီတော်မြတ်ကြီးသို့ ရေငွေ့သုံးပန်ကာကြီး ငါးလုံးလှူဒါန်းကာ ဆရာတော်၊ သံဃာတော်များအား ဆွမ်း၊ အအေးငါးရက်စာ၊ နဝကမ္မအလှူတော်ငွေများ အပါအဝင် စုစုပေါင်းအလှူတော်ငွေကျပ် ၅၃ သိန်းကို လှူဒါန်းကြသည်။

ယင်းနောက် အုန်းတောပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တအာသဘထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ကျိုင်းတုံမြို့နယ် မိုင်းခွန်ကျေးရွာအုပ်စု မိုင်းခွန်ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်းတိုက်၌ ရှင်အပါး ၁၀၀ ရှင်ပြုအလှူတော်မဟာမင်္ဂလာပြုလုပ်



ဆရာတော်၊ သံဃာတော်များနှင့် ရှင်သာမဏေများအား တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်ခိုင်ဝင်းနှင့် တက်ရောက်လာကြသူများက နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် ဧပြီ ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် မိုင်းခွန်ကျေးရွာအုပ်စုရှင်အပါး၁၀၀ ရှင်ပြုအလှူတော်မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မိုင်းခွန်ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်းတိုက်၌ ပြုလုပ်ရာ ကျိုင်းတုံမြို့ သံသရာအေးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကောသလ္လအမှူးပြုသော ဆရာတော်၊ သံဃာတော်များကြွရောက်တော်မူကြပြီး တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့်တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဦးစွာတိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံသရာအေးကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး ကြွရောက်တော်မူလာကြသောဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များကိုနာယူကြသည်။ ထို့နောက်တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ကြွရောက်တော်မူကြသော ဆရာတော်၊သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး မိုင်းခွန်ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်းတိုက်သာသနာပြု ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကေသရက ကျေးဇူးတင်စကားပြောကြားကာ အလှူရှင်များထံသို့ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ချီးမြှင့်သည်။

ယင်းနောက်တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကျိုင်းတုံမြို့သာသနာ့ဝေပုလ္လကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိဇယထံမှ သာဓုအနုမောဒနာတရား နာယူကြည်ညိုကြပြီး လှူဒါန်းမှုအစုစုတို့အတွက်ရေစက်သွန်းချအမျှပေးဝေကြသည်။ ၎င်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များနှင့်ရှင်သာမဏေများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး တက်ရောက်လာကြသူများကို အကျွေးအမွေးများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သတင်းရရှိသည်။

# ၂၀၂၄ ခုနှစ် လူရည်ချွန်စုရပ်စခန်း အသီးသီးသို့သွားရောက်မည့် ရန်ကုန်တိုင်းဒေသကြီးမှ လူရည်ချွန်မောင်မယ်များကို ဂုဏ်ပြုတွေ့ဆုံပွဲ ကျင်းပပြုလုပ်

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း လူရည်ချွန်မောင်မယ်များနှင့် ဆရာ၊ ဆရာမများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။




**နေပြည်တော် ဧပြီ ၂၃**

၂၀၂၄ ခုနှစ် လူရည်ချွန်စုရပ်စခန်းအသီးသီးသို့သွားရောက်မည့် ရန်ကုန်တိုင်းဒေသကြီးမှ လူရည်ချွန်မောင်မယ်များအား ဂုဏ်ပြုတွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ လူရည်ချွန်မောင်မယ်များနှင့် ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လူရည်ချွန်မောင်မယ်များနှင့် ဆရာ၊ ဆရာမများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လူရည်ချွန်မောင်မယ်များနှင့် ဆရာ၊ ဆရာမများကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

## ပျားအုံများတွင် အတောင်လိပ်ရောဂါကျရောက်မှု ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ အပူချိန်လွန်ကဲမှုကြောင့် မေလ မှ ဇူလိုင်လအတွင်း မွေးမြူရေး(ဥရောပ) ပျားအုံများတွင် အတောင်လိပ်ရောဂါကျရောက်တတ်ပြီး အဆိုပါအတောင်လိပ်ရောဂါကျရောက်မှုကြောင့် သက်ငယ်ပျားများ(Nurse Bees) ဆုံးရှုံးကာ ပျားအုံဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နိုင်ပါသည်။

၂။ သို့ဖြစ်ပါ၍ ပျားမွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် အတောင်လိပ်ရောဂါကျရောက်မှုမှ ကာကွယ်နိုင်ရန် အောက်ဖော်ပြပါအချက်များကို ဂရုပြုလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မေ၊ ဇွန်၊ ဇူလိုင်လများတွင် အပူချိန်မြင့်မားသည့်အတွက် ပျားအုံများကို အရိပ်ကောင်းမွန်သည့် နေရာများတွင် ချထားမွေးမြူရန်။

(ခ) ကပ်ပါးမွှားရောဂါကင်းစင်ရေး ဆောင်ရွက်ရန်။

(ဂ) ပျားသောက်ရေလုံလောက်စွာရရှိရေး ဆောင်ရွက်ရန်။

(ဃ) ပျားအုံများ လေဝင်လေထွက်ကောင်းမွန်အောင် ဆောင်ရွက်ရန်။

(င) ပျားအုံများအတွင်း သားလောင်းနှင့် သားထိန်းပျားများ အချိုးအစားညီမျှအောင် ဆောင်ရွက်ရန်။

(စ) သကြားနှင့်ရေကို သတ်မှတ်ထားသည့် အချိုးအစားဖြင့်ဖျော်စပ်ပြီး ဆားအနည်းငယ်ထည့်၍ တိုက်ကျွေးရန်။

(ဆ) ပျားသလက်ပေါင်အသစ်များဖြင့် မွေးမြူနိုင်ရေးဆောင်ရွက်ရန်။

(ဇ) ရောဂါကျရောက် ဖြစ်ပွားနေကြောင်းသိရှိပါက နီးစပ်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ပျားမွေးမြူမှုဖွံ့ဖြိုးရေးတာဝန်ခံရုံးနှင့် မြန်မာနိုင်ငံပျား လုပ်ငန်းအသင်းထံသို့ ဆက်သွယ်အကြောင်းကြား၍ ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# မြင်းခြံမြို့မှ ကျေးရွာ ငါးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို မဟုတ်မမှန်စွပ်စွဲရေးသား ဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဧပြီ ၂၃**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်တွင် နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက ဆင်ချောင်းကျေးရွာ၊ ရန္တပိုကျေးရွာ၊ ကိုင်းကျေးရွာ၊ ညောင်တိုကျေးရွာတို့ကို ဧပြီ ၂၁ ရက်နေ့က မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊အဆိုပါ မီးရှို့ဖျက်ဆီးမှုကြောင့် အိမ်ခြေ ၃၀၀ ကျော်ပျက်စီးခဲ့သည်ဟုတစ်ဖက်သတ်စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများ အထင်အမြင်လွဲမှားစေရန် လူမှုကွန်ရက်စာမျက်နှာများတွင် ဝါဒဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။




ဖြစ်စဉ်အမှန်မှာ PDF အမည်ခံအကြမ်းဖက်သမားများက မြင်းခြံမြို့နယ်အတွင်းရှိ အဆိုပါကျေးရွာများမှ ငွေကြေးနှင့် စားနပ်ရိက္ခာများ ကောက်ခံခြင်း၊ ဒေသခံပြည်သူများကို အတင်းအဓမ္မလူသစ်စုဆောင်းခြင်းနှင့် မတရားဖမ်းဆီးနှိပ်စက်နေကြောင်း အကြမ်းဖက်လုပ်ရပ်များကို လက်မခံသည့် ဒေသခံပြည်သူတစ်ဦး၏ သတင်းပေးပို့မှုအရ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များပါဝင်သည့် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက ၎င်းကျေးရွာများအနီးသို့ သွားရောက်၍ နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့ရာ PDF အမည်ခံ အကြမ်းဖက်သမားများက ကျေးရွာများအတွင်းမှ လက်လုပ်လက်နက်ကြီးများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ ထိုသို့ ကျေးရွာများအတွင်းရှိ ဒေသခံပြည်သူများကို လူသားတံတိုင်းအဖြစ်အကာအကွယ်ပြု တိုက်ခိုက်ခဲ့ပြီး ၎င်းတို့ဆုတ်ခွာထွက်ပြေးရာ လမ်းတစ်လျှောက်ရှိ ဒေသခံနေအိမ်များကို မီးရှို့ထွက်ပြေးသွားခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့ရွာများတွင် PDF အမည်ခံအကြမ်းဖက်သမားများဝင်ရောက်ပြီး အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ခြင်း မရှိစေရန်အတွက် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည်ကို တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းတု၊သတင်းမှားများဖြင့် ပြည်သူများကြောက်ရွံ့ထိတ်လန့်စေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်တို့အတွက် ရည်ရွယ်ချက်ရှိရှိလုပ်ကြံရေးသားခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

# ချမ်းမြသာစည်နှင့် လားရှိုးမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဧပြီ ၂၃**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဧပြီ ၂၁ ရက်မွန်းလွဲ ၂ နာရီတွင် ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက် ၄၉ လမ်းနှင့် ၁၁၇ လမ်းထောင့်တွင် မသင်္ကာဖွယ်တွေ့ရှိသူ မအိမြတ်နန္ဒာထွန်း(ခ)ကေကေအား စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water သုညဒသမ ၀၁၂ ကီလို၊ ကက်တမင်း သုည ဒသမ ၀၀၈ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲ ၂ နာရီခွဲတွင် ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်ရှိ မနန္ဒာလှိုင်၏ နေအိမ်မှ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water သုညဒသမ ၀၇၅ ကီလို၊ ကက်တမင်း ၁ ဒသမ ၃၆၄ ကီလိုအားလည်းကောင်း၊ ညနေ ၃ နာရီတွင် စိတ်ပြောင်းဆေးဝါးများ သယ်ဆောင်ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူ သိန်းသန်းဦး(ခ)အားချင်အား ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်ရှိ ၎င်း၏နေအိမ်တွင် ဖမ်းဆီးရမိခဲ့ပြီး ဆက်လက်ဖော်ထုတ်ခဲ့ရာ ညနေ ၅ နာရီတွင် ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်တွင် မြင့်ဦး(ခ)အားချိုင်အား စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water သုည ဒသမ ၀၁၅ ကီလို၊ ကက်တမင်း သုည ဒသမ ၀၂ ကီလို၊ Ford မော်တော်ယာဉ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ညနေ ၆ နာရီတွင် ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက် ၅၅ လမ်း၊ ၁၁၅ လမ်းနှင့် ၁၁၆ လမ်းကြားရှိ မြင့်ဦး(ခ)အားချိုင်၏ နေအိမ်မှစိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water သုည ဒသမ ၂၈၅ ကီလို၊ ကက်တမင်း သုည ဒသမ ၂၉၇ ကီလိုတို့ကို လည်းကောင်း၊ ထို့အတူယင်းနေ့ နံနက် ၇ နာရီ ၄၅ မိနစ်တွင် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် ပန်ဟုန်းကျေးရွာအုပ်စု ဟိုနားပန်ကျမ်းကျေးရွာရှိရန်လူနှင့် ၎င်း၏ဇနီး မပါးရီ(ခ)မရင်ကော့တို့၏ တောင်ယာတဲကို ဝင်ရောက်ရှာဖွေရာ တဲအတွင်းမှ ဘိန်းဖြူ သုည ဒသမ ၅၉ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀၊ ဘိန်းစိမ်း သုံးကီလို၊ လက်လုပ်သေနတ် လေးလက်၊ မြန်မာငွေကျပ် ၇၈ သိန်းတို့ကိုသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဧပြီ ၂၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များက တစ်ဆင့်နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဧပြီ ၂၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "KoKoAung" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ် ၂၀ ရပ်ကွက်နေ ကိုကိုအောင်အား ညသ ၁ နာရီ ၂၅ မိနစ်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက် ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်အပ်ပါသည်။

**❑ ဂေါက်သီးရိုက်ပြိုင်ပွဲမှအဆက်**

စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၆ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်ခဲ့ပြီး အမေရိကန်ဂေါက်သီးရိုက် ကစားသမားများဖြစ်ကြသည့် ဝိုင်ဟမ်ကလက်ခ်၊ ပက်ထရစ်ကန်တလေတို့မှာ စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့ကြသည်။ RBC Heritage ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီး မိုးလေဝသအခြေအနေကြောင့် ပြိုင်ပွဲကို ခေတ္တရပ်နားခဲ့ရသည့်အတွက်ကြောင့် ပြိုင်ပွဲမှာသတ်မှတ်ရက်ထက် တစ်ရက်နောက်ကျပြီးမှ ပြီးဆုံးခဲ့ခြင်းဖြစ်သည်။ စကော့တီရှက်ဖလာအနေဖြင့် 2024 The Masters ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးခဲ့ပြီး ရက်သတ္တပတ်အကြာတွင် RBC Heritage ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ချန်ပီယံဆုကိုထပ်မံဆွတ်ခူးခဲ့ခြင်းလည်းဖြစ်သည်။

စကော့တီရှက်ဖလာအနေဖြင့် RBC Heritageဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုကိုဆွတ်ခူးခဲ့ခြင်းကြောင့် ကမ္ဘာ့အဆင့် ၁ နေရာကို ကာလရှည်ထိန်းသိမ်းသွားနိုင်တော့မည့် အခြေအနေကောင်းကိုလည်း ပိုင်ဆိုင်သွားခဲ့ပြီဖြစ်သည်။ စကော့တီရှက်ဖလာက "တတိယနေ့အပြီးမှ ရာသီဥတုအခြေအနေကြောင့် ပြိုင်ပွဲကိုခေတ္တရပ်ဆိုင်းခဲ့ရတော့ ရစ်သမ်တော့ နည်းနည်းလေးအောက်သွားတယ်။ ဒါပေမဲ့လဲ ပြိုင်ပွဲအတွင်း ယုံကြည်မှုမြင့်တက်နေတဲ့အတွက် နောက်ဆုံးနေ့ပြန်စတင်ချိန်မှာ အကောင်းဆုံးလုပ်နိုင်ခဲ့တယ်။ ပြိုင်ပွဲတွင်းရလဒ်ကောင်းဖို့အတွက် အရေးကြီးဆုံးကကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရှိနေဖို့ပါပဲ။ ဒီအတွက်လဲ ကျွန်တော့်အနေနဲ့ အများကြီးပြင်ဆင်မှုတွေ ပြုလုပ်ခဲ့တယ်။ The Masters အပြီးမှာပဲ တောက်လျှောက် ပြင်ဆင်လေ့ကျင့်မှုတွေ ပြုလုပ်ခဲ့တယ်။ ပြင်ဆင်လေ့ကျင့်မှုတွေရဲ့ အကျိုးရလဒ်ကတော့ ကျွန်တော်အခုလိုဆုဖလားကိုင်မြှောက်ခွင့်ရခဲ့ပါတယ်" ဟုပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : AZL**

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"အကြမ်းဖက်သမားများ၏ ရိုင်းရိုင်းယုတ်မာမှုများကြောင့် အသက်ပေးခဲ့ရသော အပြစ်မဲ့ရဟန်းရှင်လူပြည်သူများ"** ခေါင်းစဉ်ဖြင့် ၂၄-၄-၂၀၂၄ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေး သွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အကြမ်းဖက်သမားများရဲ့ သတ်ဖြတ်ဖြင်းစံခဲ့ရတဲ့ မြဝတီက အပြစ်မဲ့ဓာတ်ရှောင် မိသားစု"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ဒိန်းမတ်နိုင်ငံ၏အကြီးဆုံး ကမ်းလွန်လေအားလျှပ်စစ်တည်ဆောက်ရေးစီမံကိန်းအတွက် တင်ဒါခေါ်ယူ



**ကိုပင်ဟေဂင် မေ ၂၃**

ဒိန်းမတ်နိုင်ငံသည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ တိုးချဲ့သွားရေးအတွက် ကမ်းလွန်လေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရန် ပြင်ဆင်လာပြီး နိုင်ငံ၏အကြီးဆုံး ကမ်းလွန်လေအားလျှပ်စစ် တည်ဆောက်ရေးစီမံကိန်းအတွက် မေ ၂၂ ရက်မှစတင်၍ တင်ဒါခေါ်ယူထားကြောင်း ဒိန်းမတ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

၎င်းကမ်းလွန်လေအားလျှပ်စစ်စီမံကိန်းမှ လျှပ်စစ်စွမ်းအင် ၁၀ ဂီဂါဝပ်ထိထုတ်လုပ်နိုင်ရန် ရည်မှန်းထားကြောင်း၊ အဆိုပါကမ်းလွန်လေအားလျှပ်စစ် စီမံကိန်းအရ နေရာပေါင်း ခြောက်နေရာ၌ တာဘိုင်များ စိုက်ထူသွားမည်ဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်အရောက်တွင် အပြီးသတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒိန်းမတ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

"ဒိန်းမတ်နိုင်ငံရဲ့ အကြီးမားဆုံးသော ကမ်းလွန်လေအားလျှပ်စစ်စီမံကိန်းကို တည်ဆောက်သွားဖို့အတွက် တင်ဒါခေါ်ယူနေပြီဖြစ်ပါတယ်။ ဒီစီမံကိန်းဟာ ဒိန်းမတ်နိုင်ငံအတွက် အရေးပါတဲ့စီမံကိန်းဖြစ်ပြီးတော့ ဒိန်းမတ်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍအတွက် စာမျက်နှာသစ်ကိုဖွင့်လှစ်လိုက်တာလဲဖြစ်ပါတယ်"ဟု ဒိန်းမတ်ရာသီဥတုနှင့်စွမ်းအင်ဝန်ကြီး လာအာဂတ်က ပြောကြားသွားခဲ့သည်။

၂၀၃၀ ပြည့်နှစ်အရောက်တွင် ၁၉၉၀ ပြည့်နှစ်က ထုတ်လွှတ်ခဲ့သော ကာဗွန်ပမာဏထက် ၇၀ ရာခိုင်နှုန်းလျှော့ချနိုင်ရေးအတွက် စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိနေကြောင်း၊ ထို့ကြောင့် ဒိန်းမတ်နိုင်ငံ၏အကြီးမားဆုံးသော ကမ်းလွန်လေအားလျှပ်စစ်စီမံကိန်းကို တည်ဆောက်ရန် ပြင်ဆင်လာခြင်းလည်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ကမ်းလွန်လေအားလျှပ်စစ်စီမံကိန်းအတွက် ခွင့်ပြုရန်ပုံငွေပမာဏမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံဖြစ်ကြောင်း ဒိန်းမတ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

# နယ်သာလန်တွင် သန္တာကျောက်တန်းများကို ထိန်းသိမ်းရန် နောသေန္တာကျောက်တန်း စီမံကိန်းဖော်ဆောင်

**နယ်သာလန် မေ ၂၂**

ရာသီဥတုဖောက်ပြန်မှု၊ ငါးအလွန်အကျွံဖမ်းဆီးမှုနှင့် လေထုညစ်ညမ်းမှုတို့ကြောင့် ကမ္ဘာတစ်ဝန်းတွင် သန္တာကျောက်တန်းများ မျိုးသုဉ်းမှုအန္တရာယ်နှင့် ရင်ဆိုင်နေရသည်။ နယ်သာလန်နိုင်ငံ အာန်ဟမ်မြို့ရှိ အဏ္ဏဝါဆိုင်ရာ ထိန်းသိမ်းရေး ရေငုပ်သမားများသည် ထိုသို့မျိုးသုဉ်းလုနီးပါးမျိုးစိတ်များဖြစ်သော သန္တာကျောက်တန်းများကို စနစ်တကျထိန်းသိမ်းကာကွယ်ရန် ရိုင်ရယ်ဘာဂါတိရစ္ဆာန်ရုံ၏ ငါးပြတိုက်တွင် သန္တာကျောက်တန်းများထိန်းသိမ်းစောင့်ရှောက်ရေးစီမံကိန်း နောသေန္တာကျောက်တန်းကို ဖော်ဆောင်ရန် စတင်ခဲ့သည်။

"ဒီစီမံကိန်းက သန္တာကျောက်တန်းတွေကို မျိုးမသုဉ်းစေဖို့ ငါးပြတိုက်ထဲမှာ ထိန်းသိမ်းကာကွယ်ပေးသွားမှာဖြစ်ပြီး အခြေအနေကောင်းမွန်လာတဲ့ သန္တာကောင်တွေကိုသူတို့ရဲ့မူလနေထိုင်ရာနေရာတွေကို ပြန်ပြီးပို့ပေးသွားမှာဖြစ်ပါတယ်။ သန္တာကျောက်တန်းတွေရဲ့ ကြီးထွားနှုန်းဟာ နှေးကွေးကြပါတယ်။ တစ်နှစ်ကိုမှ သုည ဒသမ ၃ စင်တီမီတာကနေ နှစ်စင်တီမီတာဝန်းကျင်ထိပဲ ကြီးထွားတာဖြစ်တဲ့အတွက် သန္တာကျောက်တန်းတွေ ရှင်သန်ဖို့အတွက် ပင်လယ်တွင်းညစ်ညမ်းမှုအခြေအနေတွေကို လျှော့ချပြီး သန္တာကျောက်တန်းများရှင်သန်နိုင်သည့်နေရာတွေဖြစ်အောင် ဦးစွာလုပ်ရဦးမှာဖြစ်ပါတယ်။ ရိုင်ရယ်ဘာဂါတိရစ္ဆာန်ရုံ၊ မိုနာကိုပင်လယ်ပြင်ငါးပြတိုက်တွေမှာ အခုဆိုရင် သန္တာကောင်တွေမွေးမြူတာတွေကို လုပ်ဆောင်နေပါတယ်။ နောက်ထပ်တိရစ္ဆာန်ရုံတွေလဲ အခုစီမံကိန်းမှာ ပါလာဖို့ မျှော်လင့်ထားပါတယ်"ဟု အဆိုပါတိရစ္ဆာန်ရုံမှ ဇီဝဗေဒပညာရှင်Nienke Klerks က ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KZ**

# ကနေဒါနိုင်ငံ မက်မာရေးနယ်မြေတွင် တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် ဒေသခံများ အမြန်ဆုံးဘေးလွတ်ရာရွှေ့ပြောင်းရန် သတိပေးချက်ထုတ်ပြန်

**အော့တဝါ မေ ၂၃**

ကနေဒါနိုင်ငံ အယ်ဘတ်တာပြည်နယ် မက်မာရေးနယ်မြေတွင် မေ ၂၂ ရက်က တောမီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ပြီး တောမီးသည် နေအိမ်များသို့ ကူးစက်နိုင်သဖြင့် ဒေသခံများကို အမြန်ဆုံးဘေးလွတ်ရာရွှေ့ပြောင်းရန် အယ်ဘတ်တာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တောမီးသည် မက်မာရေးနယ်မြေကိုးလိတ်ကန်အနီးတွင် လောင်ကျွမ်းနေခြင်းဖြစ်ပြီး လေတိုက်နှုန်းမြင့်မားသည့်အတွက် နေအိမ်များသို့ ကူးစက်လာနိုင်သည့် အခြေအနေဖြစ်နေကြောင်း၊ တောမီးလောင်ကျွမ်းမှုကို အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ထားပြီး မေ ၂၂ ရက် ညနေ ၅ နာရီမှစတင်၍ ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြားထားခြင်းလည်းဖြစ်ကြောင်း၊ တောမီးအဓိကကူးစက်လောင်ကျွမ်းနေသည့်ဧရိယာများမှာ အမှတ် (၄၃၀) ရိန့်လမ်းမှ



အမှတ် (၄၃၄) ရိန့်လမ်းကြားဖြစ်ကြောင်း၊ အဆိုပါလမ်းမကြီးများကို ယာယီပိတ်ထားကြောင်း သိရသည်။

"မက်မာရေးနယ်မြေမှာ တောမီးလောင်ကျွမ်းမှုတွေ ဖြစ်ပေါ်နေပါတယ်။ တောမီးဟာနေအိမ်တွေဆီကိုကူးစက်လာနိုင်တဲ့အတွက် ဒေသခံတွေကို ဘေးလွတ်ရာရွှေ့ပြောင်းဖို့ ညွှန်ကြားထားပါတယ်။ မီးသတ်တပ်ဖွဲ့ဝင်တွေနဲ့ ကယ်ဆယ်ရေးဝန်ထမ်းတွေကလဲ ကယ်ဆယ်ရေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးနေပါတယ်"ဟု အယ်ဘတ်တာမီးသတ်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

# ဥရောပ၌ ရာသီဥတုဖောက်ပြန်မှုကြောင့် အပူချိန်များ ဆက်တိုက်မြင့်တက်

**ဘာရပ်ဆဲ မေ ၂၂**

ဥရောပနိုင်ငံများအပါအဝင် ကမ္ဘာတစ်ဝန်း၌ရာသီဥတုဖောက်ပြန်မှုကြောင့် အပူချိန်များဆက်တိုက်မြင့်တက်လျက်ရှိပြီး ဥရောပတောင်ပိုင်းတွင်ရှိသော နေရာများအနက်မှ ၄၁ရာခိုင်နှုန်းသော နေရာများသည် ပြင်းထန်သော၊ အလွန်ပြင်းထန်သောနှင့် အလွန်အမင်း အပူဖိစီးမှုများကို ရင်ဆိုင်နေရသော နေရာများအဖြစ် ဥရောပအခြေစိုက် ရာသီဥတုစောင့်ကြည့်ရေးဝန်ဆောင်မှု (Copernicus) နှင့် ကမ္ဘာ့မိုးလေဝသအဖွဲ့ကြီး (WMO) တို့က မေ ၂၂ရက် အစီရင်ခံစာတစ်ခုတွင် ဖော်ပြခဲ့သည်။

ဥရောပနိုင်ငံများဖြစ်သော စပိန်၊ ပြင်သစ်၊ အီတလီနှင့် ဂရိနိုင်ငံနေရာ အတော်များများတွင်လည်း ပြင်းထန်သော အပူဖိစီးမှုနှင့် ရင်ဆိုင်နေရပြီး ဥရောပတွင် အပူနှင့်ဆက်စပ်သော ရောဂါများကြောင့် သေဆုံးရမှုသည် လွန်ခဲ့သောနှစ်ပေါင်း ၂၀ အတွင်းကထက် သေဆုံးမှုနှုန်းများသည် ၃၀ ရာခိုင်နှုန်းထိ တိုးလာကြောင်း ၎င်းအစီရင်ခံစာတွင် ဖော်ပြထားသည်။

"၂၀၂၃ခုနှစ်ရဲ့သိပ္ပံနဲ့နည်းပညာဖွံ့ဖြိုးတိုးတက်မှုတွေက ရာသီဥတုဖောက်ပြန်မှုတွေကို ပိုမိုဆိုးရွားစေကာ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုတွေကို ပိုဖြစ်စေပြီး အပူလွန်ကဲခြင်းဟာ ပြင်ပမှာအလုပ်လုပ်ရတဲ့အလုပ်သမားတွေ၊ သက်ကြီးရွယ်အိုတွေနဲ့ နှလုံးသွေးကြောဆိုင်ရာရောဂါနဲ့ ဆီးချိုရောဂါတို့လို ရောဂါအခံရှိသူတွေအတွက် စိုးရိမ်ဖွယ်ရာဖြစ်နေပါတယ်"ဟု Copernicus ရာသီဥတုပြောင်းလဲမှုဝန်ဆောင်မှု၏ ဒါရိုက်တာ Carlo Buontempo က ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KZ**

# အမေရိကန်နိုင်ငံ နယူးဟမ်ရှိုင်းယားပြည်နယ်တွင် ပင်လယ်တံတိုင်းများ ပြန်လည်တည်ဆောက်ရေးအတွက် အစိုးရက ကန်ဒေါ်လာ သန်း ၂၀ ခွင့်ပြု

**ဝါရှင်တန် မေ ၂၃**

အမေရိကန်နိုင်ငံ နယူးဟမ်ရှိုင်းယားပြည်နယ် နော့ဟမ်တန်ကောင်တီနှင့် ရီကောင်တီတို့တွင် ပင်လယ်တံတိုင်းများ ပြန်လည်တည်ဆောက်သွားရေးအတွက် အိမ်ဖြူတော်အစိုးရက အမေရိကန်ဒေါ်လာ သန်း ၂၀ ခွင့်ပြုပေးလိုက်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများ အရ သိရသည်။

ပင်လယ်ရေပမာဏ မြင့်တက်လာချိန်တွင် ရေလှိုင်းလုံးများ ကမ်းခြေဒေသများသို့ ဝင်ရောက်လာခြင်းမရှိစေရန် ရည်ရွယ်၍ ပင်လယ်တံတိုင်းများတည်ဆောက်ထားခြင်းဖြစ်ပြီး ယခင်တည်ဆောက်ထားသော ပင်လယ်တံတိုင်းများမှာ ယိုယွင်းလာသည့်အတွက် ပြန်လည် တည်ဆောက်သွားရန် အိမ်ဖြူတော်အစိုးရက ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"နယူးဟမ်ရှိုင်းယားပြည်နယ်မှာ ဇန်နဝါရီလတုန်းက ဖြစ်ပေါ်ခဲ့တဲ့ ရေဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ ပျက်စီးဆုံးရှုံးမှုတွေ မြင့်မားခဲ့တဲ့အတွက် နိုင်ငံတော်အဆင့် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ခံရတယ်။ အဲဒီလို သတ်မှတ်ခဲ့တဲ့အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို ဖက်ဒရယ်အစိုးရက တာဝန်ယူဆောင်ရွက်ပေးသွားရမှာလဲဖြစ်ပါတယ်။ ရေဘေးအန္တရာယ်ဖြစ်ပေါ်ခဲ့တဲ့ ကာလအတွင်းမှာ ပင်လယ်တံတိုင်းတွေ တော်တော်များများ ပျက်စီးသွားခဲ့တယ်။ ပင်လယ်တံတိုင်းဟာ အရေးကြီးတဲ့ အခြေခံအဆောက်အအုံဖြစ်လို့ ပြန်လည်ပြုပြင်တည်ဆောက်သွားဖို့ အမေရိကန်ဒေါ်လာ သန်း ၂၀ ခွင့်ပြုလိုက်ပါတယ်"ဟု အမေရိကန်အမိမြေလုံခြုံရေးနှင့် အရေးပေါ်စီမံခန့်ခွဲရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူး ရောဘတ်ဘက်တန်က ပြောကြားခဲ့သည်။

မုန်တိုင်းဝင်ရောက်ချိန်တွင်လည်း ရေလှိုင်းများကြောင့် ကမ်းခြေဒေသရှိ အခြေခံအဆောက်အအုံများ ပျက်စီးနိုင်သဖြင့် အခြေခံအဆောက်အအုံများ ပျက်စီးမှုနှုန်းအနည်းဆုံးဖြစ်စေရန် ပင်လယ်တံတိုင်းများကို အမြန်ဆုံး တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : Sai Sat**





# မိခင်တမျှ

ဖိုးဆု(ပညာရေး)

(၁)

"အစ်ကို့ အဒေါ်က ဘယ်နေ့ပြန်မှာလဲ"

"ဘာဖြစ်လို့လဲ နွယ်နီ"

"ဘာမှမဖြစ်ပါဘူး အစ်ကိုရဲ့ ဒီခေတ်ကြီးမှာ လူတစ်ယောက်ရဲ့စရိတ်ဆိုတာကနည်းတာမဟုတ်ဘူးလေ။ နောက်ပြီး အလည်လာတယ်ဆိုတာကလဲ နှစ်ရက်၊ သုံးရက်ဆိုတော်ပြီလေ။ အခုဟာကတစ်ပတ်ကျော်ပြီဆိုတော့"

"တော်တော့ နွယ်နီ ဆက်မပြောနဲ့တော့"

အောင်ကို တစ်ယောက် စကားကိုခပ်ပြတ်ပြတ်ပြောပြီး အိမ်ရှေ့ခန်းသို့ထွက်လာခဲ့တော့သည်။ အိမ်ရှေ့တွင် သုံးနှစ်အရွယ်သားလေးနှင့် အဖော်ပြုဆော့ပေးနေသော အဒေါ်ဖြစ်သူ ဒေါ်လေးမိုးကိုတွေ့လိုက်ရတော့ ရင်ထဲမကောင်း။ ဒေါ်လေးမိုးဟုသာ ခေါ်နေရသည်။ ဒေါ်လေးမိုးသည် သူ့အမေ၏အစ်မဖြစ်သည်။ ဒေါ်ကြီးမိုးဟု ခေါ်ရန်အမေကသင်ပေးခဲ့သော်လည်း ဒေါ်လေးမိုးဟုသာ နှုတ်ကျိုးခဲ့ရာမှ ပြင်၍မရခဲ့တော့ပေ။ ဒေါ်လေးမိုးသည် သူငယ်စဉ်ကတည်းကပင် မိခင်ပမာသူ့ကို ထိန်းကျောင်းစောင့်ရှောက်ခဲ့သည်။ အမေက တစ်နေကုန်ဈေးရောင်းသည့်အတွက် ဒေါ်လေးမိုးနှင့်သာ အနေများခဲ့သည်။ သူ၏ဝေယျာဝစ္စနှင့် ကျောင်းပို့ကျောင်းကြိုကအစ ဒေါ်လေးမိုးကသာ ဆောင်ရွက်ပေးခဲ့သည်။ သူ့အပေါ်တွင် ယခုကဲ့သို့ ကျေးဇူးများပြားသည့် ဒေါ်လေးမိုး အိမ်ကိုအလည်လာသည်ကို မိန်းမဖြစ်သူငြိုငြင်နေခြင်းကို သူ လက်မခံပေ။ တစ်သက်လုံးနေရင်တောင် ခေါ်ထားရမည်ဟု ဆုံးဖြတ်ထားသည်။

"သား အောင်ကို ဗိုက်ဆာပြီလား။ ဒေါ်လေးမိုး ထူးပေးရမလား"

"ရပါတယ် ဒေါ်လေးမိုးရဲ့။ ဒေါ်လေးမိုးနောက်နေ့ကျဘာစားချင်လဲ။ သားအလုပ်က အပြန်ဝယ်ခဲ့မယ်လေ"

"ရပါတယ်သားရဲ့။ ဒေါ်လေးမိုးလဲ မနက်ဖြန်ပြန်တော့မယ်လေ"

"ဒေါ်လေးမိုးကလဲ ပြန်တော့မလို့လား။ ဘာဖြစ်လို့လဲ ဒီမှာနေတာအဆင်မပြေလို့လား"

"ပြေပါတယ်။ အခုဆိုင်မှာက သားအမေတစ်ယောက်ထဲလေ ဒေါ်လေးမိုးကူပေးရမယ်လေ"

ဒေါ်လေးမိုး ပြောနေသောစကားများနှင့် ဒေါ်လေးမိုး၏မျက်ဝန်းမှအရိပ်အယောင်များကို သူ အကဲခတ်မိသည်။ သူအလုပ်သွားစဉ် ဒေါ်လေးမိုးကို နွယ်နီတစ်ခုခုများ ပြောထားသလားဟု စိုးရိမ်မိသည်။ သို့သော်လည်း သူ မမေးဖြစ်ခဲ့ပေ။ တစ်ဖက်သားကို အမြဲတမ်းနားလည်ပေးတတ်သော ဒေါ်လေးမိုးအကြောင်း သူ အသိဆုံးပင်ဖြစ်သည်။ နောက်မှသာ နွယ်နီ့ကို တီးတိုးမေးရန်ဆုံးဖြတ်လိုက်တော့သည်။

(၂)

"နွယ်နီ ဒေါ်လေးမိုးကို တစ်ခုခုများပြောလိုက်သေးလား။ မနက်ကျရင် ဒေါ်လေးမိုးပြန်တော့မယ်တဲ့"

"အမယ်လေးအစ်ကိုရယ် မသိရင် နွယ်နီဆိုတဲ့ ကျွန်မက လူရိုင်းမကြီးကျနေတာပဲ။ ပြောစရာလား မကြည်ဖြူရင်သာနေမယ် အဲလိုတော့မပြောတတ်ပါဘူး"

"မကြည်ဖြူဘူးဆိုတဲ့ စကားလုံးတော့မသုံးနဲ့ နွယ်နီ။ ငါ့အဒေါ်က ငါ့အမေလိုပဲ။ အေး နောက်ပြီး ငါ့အဒေါ်ဘယ်အချိန်ပဲလာလာ၊ ဘယ်လိုပဲလာလာ ငါအမြဲတမ်းတံခါးဖွင့်ထားရမှာပဲ။ နောက်ပြီး ဒေါ်လေးမိုးလာတာနဲ့ ငါတို့မွဲသွားမှာမှမဟုတ်တာ"

"နားလည်ပါတယ်။ ဒါပေမဲ့ သူများအိမ်လာတာအလိုက်သိပေါ့။ အခန့်သားထိုင်၊ အခန့်သားစားလို့တော့ ဘယ်ရမလဲ။ နောက်ပြီးအစ်ကို့အမေလာတာဆို နွယ်နီမပြောဘူး။ အစ်ကို့အမေက နွယ်နီ့အမေပဲလေ။ ဒါပေမဲ့ အဒေါ်ဆိုတာတော့ နွယ့်အနေနဲ့ တော်စပ်မှုကဝေးပါတယ်။ ရပါတယ် အစ်ကို့သဘောပါပဲ"

ဆက်ပြီးပြောနေလျှင် စကားများပြီး အိမ်ရှေ့မှ ဒေါ်လေးမိုးကြားသွားမည်စိုးသဖြင့် စကားစဖြတ်လိုက်တော့သည်။ မည်သို့ပင်ဆိုစေ ဒေါ်လေးမိုးဘက်မှသာ သူရပ်တည်ရပေမည်။ နားလည်မှုမရှိဘဲ လူမှုရေးကျင့်ဝတ်ပိုင်းအားနည်းသော မိန်းမဖြစ်သူကို စိတ်ပျက်လာမိသည်။

နွယ်နီသည် မယားဝတ္တရားကျေပွန်သော မိန်းမတစ်ဦးဖြစ်သည်။ ငယ်စဉ်ကတည်းက မိဘများမရှိတော့သည့် နွယ်နီအတွက် မိသားစုဆိုသည့်အသိအားနည်းသည်ဟုသာ ဖြည့်တွေးရပေလိမ့်မည်။ သို့သော် နွယ်နီသည် သူ၏အမေကိုတော့ ချစ်ရှာသည်။ ယောက္ခမဆိုသော်လည်း အမေတစ်ယောက်လိုသဘောထားသည်။ အမေသည် မုဆိုးမဖြစ်သော်လည်း စီးပွားရေးလုပ်ငန်းတွင် အကွက်မြင်သူဖြစ်သည်။ အမေသည် သူ၏အထည်ဆိုင်၊ သူ၏ဝန်ထမ်းများ နှင့်သာ အချိန်ကုန်နေသည်ကများသည်။ သူတို့မိသားစုထံသို့လည်း လာလေ့သိပ်မရှိ။ သူတို့ကသာ အမေ့ဆီ ရံဖန်ရံခါ သွားဖြစ်ကြသည်။ ဒေါ်လေးမိုးကတော့ အမေနှင့်အတူနေပြီး အိမ်တွင်သာ အိမ်မှုကိစ္စဖြင့် လည်ပတ်နေတတ်သည်။ သူတို့မိသားစုထံသို့ မကြာခဏ အလည်လာလေ့ရှိသည်။ ယခင်ကဆို တစ်ရက်လောက်သာနေသော်လည်း ယခုတစ်ပတ်ကျော်လာနေသည်ကို နွယ်နီ အလိုမကျနေခြင်းသာဖြစ်သည်။

❖ "အစ်ကို့အပေါ် မိခင်လိုကျေးဇူးရှိတဲ့ဒေါ်လေးမိုးကို အထင်လွဲပြီး ရိုင်းသလိုဖြစ်ခဲ့တယ်။ တစ်ချိန်ကျရင် နွယ်နီတို့သားလေး နွယ်နီတို့ကို အခုလိုမျိုးဆက်ဆံလာမှာကိုလဲ နွယ်နီကြောက်တယ်။ နောက်ပြီး နွယ်နီတို့ အခုနေတဲ့အိမ်ကို အမေက မင်္ဂလာလက်ဖွဲ့ပေးတာမဟုတ်ဘူး။ အမှန်က ဒေါ်လေးမိုးက သူရထားတဲ့ အမွေထဲကနေပေးတာ။ နွယ်နီတို့အားနာမှာစိုးလို့ တမင်မပြောခိုင်းခဲ့တာတဲ့" နွယ်နီပြောမှပင် သူလည်းသိခဲ့ရသည်။ တကယ့်ကို မေတ္တာစေတနာကြီးမားသည့် ဒေါ်လေးမိုးအတွက် သူစိတ်မကောင်းဖြစ်မိသည်။ ဒေါ်လေးမိုး၏ ကျေးဇူးများသည် မိခင်တမျှပင် ကြီးမားလွန်းလှပေသည်။ ❖

(၃)

"အသက်အရွယ်ရလာပြီဆိုတာနဲ့ အထီးကျန်တဲ့စိတ်တွေကပိုများလာရောကွ။ နောက်ပြီး မင်းအဒေါ်က အိမ်မှာတစ်ယောက်ထဲနေတော့ ပိုဆိုးတာပေါ့ကွာ။ မင်းအမေက သူ့အလုပ်နဲ့သူဆိုတော့ အဆင်ပြေတယ်လေ။ အသက်အရွယ်ရလာတော့ ဘာမှမဟုတ်တဲ့ စကားပြောဖော်လေးရနေတာကိုပဲ အပျော်ကြီးပျော်နေတတ်တာ အောင်ကိုရ"

ဖော်ကြီး၏စကားကို ထောက်ခံသည့်အနေဖြင့် သူ ခေါင်းညိတ်လိုက်သည်။ ဒေါ်လေးမိုးနှင့် နွယ်နီအကြောင်း သူငယ်ချင်းဖော်ကြီးကို စကားစမြည်ပြောရင်း ပြောဖြစ်သွားခြင်းဖြစ်သည်။

ဖော်ကြီးပြောသည်မှာမမှား။ ဒေါ်လေးမိုးသည် ငယ်စဉ်ကတည်းက သူ့ကိုအလွန်ချစ်ရှာသည်။ သူ အိမ်ထောင်ပြုသွားတော့ အိမ်တွင်တစ်ယောက်တည်း ကျန်ခဲ့ရသည်။ အမေနှင့် အလုပ်အတူလုပ်ဖို့ကျတော့လည်း ဒေါ်လေးမိုး၏ နုံအပုံနှင့်အဆင်မပြေ။

နောက်ပြီး အမေသည် အထည်ဆိုင်ကိုမန္တလေးတွင်လည်း ဆိုင်ခွဲဖွင့်ထားသောကြောင့် ရန်ကုန်နှင့် မန္တလေးကို ကူးချည်သန်းချည်သွားနေရသူဖြစ်သည်။ ထို့ကြောင့် ဒေါ်လေးမိုးတစ်ယောက်တည်းအဖော်မဲ့ဖြစ်နေခဲ့ရခြင်းဖြစ်ပေလိမ့်မည်။ ဒေါ်လေးမိုးသည် သူ့အိမ်လာရသည်ကို အလွန်ပျော်ပုံရသည်။ သူ၏သားလေးနှင့်ပင် ပျော်ရွှင်စွာဆော့ကစားနေပုံကို သူမြင်တွေ့ခဲ့ရသည်။ အသက်ဖ၀ကျော်လာသော ဒေါ်လေးမိုးသည်ယခင်ကလိုနုပျိုမှုမရှိတော့ပေ။

"ဒါနဲ့ မင်းအမေကော နေကောင်းတယ်မလား"

"ကောင်းတယ်ဖော်ကြီး။ နွယ်နီတို့သားအမိတောင် ဒီနေ့အမေ့ဆိုင်အလည်သွားကြတယ်"

"ဘာပဲဖြစ်ဖြစ် မင်းအမေကတော့ တကယ်တော်တယ်။ ဒါနဲ့ မင်းရောမင်းအမေရဲ့လုပ်ငန်းမှာ ဝင်လုပ်လိုရရဲ့သားနဲ့ ဘာလို့ အပြင်ကုမ္ပဏီမှာလုပ်နေရတာလဲ"

"ကိုယ့်အားကိုယ်ကိုးတဲ့သဘောပါကွာ။ ဒါပေမဲ့လဲ အမေ့ရဲ့အကူအညီတွေကတော့ အခုထိယူနေရဆဲပါပဲ။ အမေကလဲ မင်းပြောသလို သူ့လုပ်ငန်းကိုဝင်စေချင်တယ်ကွ။ နွယ်နီကလဲ အမေ့လုပ်ငန်းကို စိတ်ဝင်စားတယ်။ အခုက သားလေးငယ်သေးတော့ ခဏစောင့်နေတဲ့သဘောပါကွာ"

တစ်ဦးတည်းသောသားဖြစ်သူ သူ့အတွက် အခွင့်အရေးရလာမည်ကိုသိထားသော်လည်း အချောမလိုက်ချင်သည့်ဆန္ဒကြောင့် ပြင်ပမှာပင်အလုပ်လုပ်ရင်း ပညာရှာခဲ့သည်။ အမေ့ဆီကနေ အကူအညီယူနေရသော်လည်း ရံဖန်ရံခါမှသာပင်ဖြစ်သည်။ အမေ သည်စီးပွားရေးရှာသော်လည်း သံသရာအတွက်ပါမည့် ပရဟိတနှင့် အလှူအတန်းများကို လုပ်နေသည့်အတွက်ကြောင့်ပင်ဖြစ်သည်။ ထို့နောက် သူလည်း ဖော်ကြီးကို နှုတ်ဆက်ပြီး အိမ်ပြန်ရန်ပြင်လိုက်တော့သည်။

(၄)

အိမ်ပေါ်ရောက်သည်နှင့် မျက်နှာမကောင်းသော နွယ်နီ့ကိုတွေ့လိုက်ရသည်။ သားလေးကတော့ ကလေးသဘာဝ အိမ်ရှေ့ခန်းတွင်အရုပ်များဖြင့် ကစားနေသည်။ နွယ်နီတို့သားအမိ အမေ့ဆိုင်အလည်သွားရာမှပြန်လာပြီး မျက်နှာမကောင်းသောကြောင့် သူလည်း မေးရန်ပြင်လိုက်သည်။ ဒေါ်လေးမိုး ပြန်သည့်ကိစ္စဖြင့် စိတ်ထဲမကျေနပ်သော်လည်း တာဝန်ရှိသည်မို့ မေးလိုက်တော့သည်။

စာမျက်နှာ ၂၅သို့ ➤

# ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပဲတီစိမ်း ၁၀၈၀၇ ဧက ရိတ်သိမ်းပြီးစီး



**ရွှေဘို မေ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးထားသောပဲတီစိမ်း ၁၀၈၀၇ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ခင်ဦးမြို့နယ်တွင် ၆၂၈၉ ဧကနှင့် ဝက်လက်မြို့နယ်တွင် ၄၅၁၈ ဧက စုစုပေါင်း ၁၀၈၀၇ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၇ ဒသမ ၇၄ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"ရွှေဘိုခရိုင်မှာ ဆောင်းသီးနှံ စိုက်ပျိုးရာသီ ပဲတီစိမ်း ၁၀၈၀၇ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိအချိန်မှာ ပဲတီစိမ်း ဧကအားလုံး ရိတ်သိမ်းပြီးပါပြီ။ ပဲတီစိမ်း တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးပါတယ်" ဟု ရွှေဘိုခရိုင်စိုက်ပျိုးရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ရွှေဘိုခရိုင်တွင် ပဲတီစိမ်းစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၂၀၆)

# မြဝတီမြို့နယ် သဲပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မြဝတီ မေ ၂၃**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပူလွဲပူကျေးရွာအုပ်စု သဲပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ထားမှုကို ယနေ့နံနက်ပိုင်းကတာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးနိုင်ဝင်း၊ မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ သဲပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ စာရင်းဇယားများ မှန်ကန်စွာဖြည့်သွင်းထားခြင်း ရှိ၊ မရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

သဲပုံကျေးရွာ၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀ ဖြင့် စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး အဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ၁၅၀ ကို စီမံကိန်း ရန်ပုံငွေကျပ် ၄၅ ဒသမ ၅သန်း ထုတ်ချေး ပေးထားကြောင်း မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးနိုင်ဝင်းထံမှ သိရသည်။

**ဘိုဘို**



➤ **စာမျက်နှာ ၂၄ မှအဆက်**

"နွယ်နီ မျက်နှာမကောင်းပါလား။ နေမကောင်းဘူးလား"

"နွယ်နီ တောင်းပန်ပါတယ်အစ်ကို။ နွယ်နီ မှားသွားတယ်"

ဘာမှမသိရသေးခင် အကြိုတောင်းပန်စကားကြောင့် အံ့သြခဲ့ရသည်။ နွယ်နီ တစ်ခုခုဖြစ်နေမှန်း သေချာသည်။

"ဘာဖြစ်တာလဲနွယ်နီ။ ရှင်းအောင်ပြောပါအုံး"

"ဒီနေ့ အမေ့ဆိုင်သွားရင်း ဒေါ်လေးမိုးအကြောင်း သိခဲ့ရတယ်။ ဒေါ်လေးမိုးက အစ်ကို့အပေါ် ပြုစုစောင့်ရှောက်ခဲ့တာတွေ၊ အစ်ကို့အပေါ် ဘယ်လိုစေတနာထားခဲ့တာတွေ သိခဲ့ရတယ်။ နွယ်နီက အဒေါ်တွေရဲ့ နှိပ်စက်မှုနဲ့ကြီးပြင်းလာရတဲ့အတွက် ဒေါ်လေးမိုးကိုလဲ အထင်လွဲခဲ့တယ်။ ဒေါ်လေးမိုး အစ်ကို့အပေါ် ဂရုစိုက်တာတွေလဲ အပိုတွေလို့မြင်ခဲ့မိတယ်"

ပြောနေရင်းနှင့်ပင် နွယ်နီမျက်ရည်များ စီးကျလာတော့သည်။ နွယ်နီအမြင်မှန်ရလာသည်ကိုပင် သူ့အတွက် အကျေနပ်ကြီး ကျေနပ်မိသည်မှာအမှန်။

"အစ်ကို့အပေါ် မိခင်လိုကျေးဇူးရှိတဲ့ဒေါ်လေးမိုးကို အထင်လွဲပြီး ရိုင်းသလိုဖြစ်ခဲ့တယ်။ တစ်ချိန်ကျရင် နွယ်နီတို့သားလေး နွယ်နီတို့ကို အခုလိုမျိုးဆက်ဆံလာမှာကိုလဲ နွယ်နီကြောက်တယ်။ နောက်ပြီး နွယ်နီတို့ အခုနေတဲ့အိမ်ကို အမေက မင်္ဂလာလက်ဖွဲ့ပေးတာမဟုတ်ဘူး။ အမှန်က ဒေါ်လေးမိုးက သူရထားတဲ့ အမွေထဲကနေပေးတာ။ နွယ်နီတို့အားနာမှာစိုးလို့ တမင်မပြောခိုင်းခဲ့တာတဲ့"

နွယ်နီပြောမှပင် သူလည်း သိခဲ့ရသည်။ တကယ့်ကို မေတ္တာစေတနာကြီးမားသည့် ဒေါ်လေးမိုးအတွက် သူ စိတ်မကောင်းဖြစ်မိသည်။ ဒေါ်လေးမိုး၏ ကျေးဇူးများသည် မိခင်တမျှပင် ကြီးမားလွန်းလှပေသည်။ ဒေါ်လေးမိုးရယ်ဟုသာ သူရေရွတ်လိုက်နိုင်သည်။

"နွယ်နီ တကယ်ကို တောင်းပန်ပါတယ်အစ်ကိုရယ်။ နောက်ဆို ဒေါ်လေးမိုးဘယ်အချိန်လာလာ နွယ်နီရဲ့ အမေတစ်ယောက်လို သဘောထားပါ့မယ်။ ဒေါ်လေးမိုးက အဒေါ်ဖြစ်ပေမဲ့ မိခင်နဲ့ထပ်တူ အစ်ကိုတို့၊ နွယ်နီတို့အပေါ် မေတ္တာစေတနာတွေထားတယ်ဆိုတာလဲ သိခဲ့ရပါပြီ။ နောင်တလဲရမိပါတယ် အစ်ကိုရယ် ခွင့်လွှတ်ပါနော်"

"ခွင့်လွှတ်ပါတယ်နွယ်နီရယ်။ အမှားဆိုတာ အမှန်ဖြစ်လာဖို့အတွက် စတေးပေးရတဲ့အရာတစ်ခုလေ။ နွယ်နီ အခုလိုနားလည်မှုရှိလာတာကိုပဲ အစ်ကို ဝမ်းသာပါတယ်ကွာ။ စေတနာဆိုတာအမှန်တကယ်ကို အကျိုးပေးပါတယ်နွယ်နီရယ်။ မေတ္တာစစ်နဲ့ရောစပ်ထားတဲ့ စေတနာတွေက ပိုပြီးတော့ကို အကျိုးပေးပါတယ်နွယ်နီ"

သူပြောနေရင်းနှင့်ပင် နွယ်နီ့ကို ရင်ခွင်ထဲသို့ပွေ့ဖက်လိုက်သည်။သူ၏ မျက်ဝန်းမှလည်း မျက်ရည်များစီးကျနေသည်။ ဒေါ်လေးမိုး၏ မေတ္တာစေတနာများအတွက် တူညီသောအကျိုး ပြန်ပေးသည်ဟုသာ သူထင်မိသည်။ သေချာတာကတော့ လောကတွင် ဒေါ်လေးမိုးကဲ့သို့ မိခင်တမျှ မေတ္တာစေတနာကြီးမားသည့် အဒေါ်များရှိသည်ကို သူတို့အားလုံးလက်ခံနိုင်ခဲ့ပြီဖြစ်သည်။

## ပထမအကြိမ်ထွန်းသစ် ပြည်သူ့စစ်

\- ဤသို့ပင် လူအင်အား
များမယ်လို့ မထင်ပါ၊
အမှန်ပင် ကြုံကာတွေ့
ချမ်းမြေ့လှတာ၊
ပထမ အမှတ်စဉ်မှာ
ပါဝင်ရာ လူငယ်များ၊
တောက်ကြွားကာ ပြည်သူ့စစ်ရယ်
ဖွင့်လှစ်ကာထား။

\- တန်ခူးရယ် ပြေလ
ရာသီက ပူအိုက်ရာ၊
စစ်ပညာ သင်ယူစတမ်း
တက်လှမ်းတော့တာ၊
ပင်ပန်းငြား မမှုပါ
စိတ်မှာသာမှတ်စွဲ၊
လေ့ကျင့်ရာ ပြည်အတွက်ရယ်
ရှေ့ဆက်နေမြဲ။

\- သမိုင်းမှာ ရာဇဝင်သစ်
ကျန်ရစ်မယ့် ဤအမွေ၊
တည်ကြည်ကာ အသွင်တင့်
ရဲရင့်လို့နေ၊
စိုးရိမ်မှု သံသယတွေ
စိတ်မှာနေ ကွယ်ပျောက်သွား၊
အမြင်မှန် ကြုံကာသိတော့
ပီတိရယ်ပွား။

\- သူတို့တစ်တွေ ယခုထက်
လေးနက်လို့ သိလာမှာ၊
တွေ့ဆုံရာ အိုးစားဖက်
နှစ်သက်ကြတာ၊
စည်းကမ်းက ကျနစွာ
နေထိုင်ရာ ပညာပေး၊
ထက်အောက်မှာရှိသေမှုကို
သွန်းပြုတယ်လေး။

\- သင်တန်းမှာ ပြီးဆုံးက
ဖြစ်လာမယ့် စစ်သည်တော်၊
တိုင်းနိုင်ငံ လူမျိုးအတွက်
ထမ်းရွက်လို့ပျော်၊
ရရှိတဲ့ တန်ဖိုးအပေါ်
ပါဝင်မနော် အနာဂတ်လမ်း၊
ဘာမထီ ဇာနည်မျိုးရယ်
အိုကွယ်. . .
ကြိုးစားလိုက်စမ်း။ ။

**စိန်ငွေးလှိုင်(ဟိုပုံးမြေ)**

**ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# ပြစ်မှုပုဒ်မ-၁၉၃ အရ စွဲဆိုရန် ကျင့်ထုံးပုဒ်မ-၁၉၅ နှင့်ညီရန်လိုပါသည်

ရဲစခန်း၌တရားစွဲဆိုရာတွင် မြန်မာနိုင်ငံ ရဲလက်စွဲ အပိုဒ်-၁၄၁၄ အရ အမှုဖွင့်တရားစွဲဆိုနိုင်ပါသည်။ သို့ရာတွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေနှင့် ညီညွတ်မှသာလျှင် တရားစွဲဆိုခွင့်ရှိသော အမှုလည်းရှိပါသည်။ တရားရုံးရှေ့တွင် မမှန်မကန်ထွက်ဆိုခြင်းကြောင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၁၉၃ အရ တိုင်ချက်ဖွင့်ရာတွင်မူ သက်ဆိုင်ရာတရားရုံးမှ တာဝန်ရှိသူ သို့မဟုတ် အထက်တရားရုံးမှတာဝန်ရှိသူကစာဖြင့် ရေးသားတိုင်ကြားမှသာ တိုင်ချက်ဖွင့်၍ရကြောင်း ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၁၉၅(၁)(ခ) တွင် ပြဋ္ဌာန်းထားပါသည်။ ကျင့်ထုံးဥပဒေနှင့်အညီမဟုတ်သော တိုင်ချက်အပေါ် တရားစွဲဆိုခြင်းခံရသူက အမှုကိုချေဖျက်ပေးရန် တရားရုံးချုပ်သို့ လျှောက်ထားခြင်းကြောင့် ချေဖျက်ခြင်းခံရသော အမှုတစ်မှုအကြောင်းကို ဗဟုသုတအလို့ငှာ ရေးသားဖော်ပြပါဦးမည်။

အမှုမှာ ၁၉၉၄ခုနှစ် ဩဂုတ် ၈ ရက်တွင် ပေါက်ခေါင်းမြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့ စခန်းမှူးဦးသန်းဝင်းက တောင်ငူမြို့ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၁၉၉၄ခုနှစ် ဇူလိုင် ၆ရက် ရက်စွဲပါအကြောင်းကြားချက်အရ ပေါက်ခေါင်းမြို့နယ် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌဟောင်း ဗိုလ်မှူးအုန်းရှိန်အပေါ် စမ်းချောင်းမြို့နယ်နေ ဗိုလ်မှူးညဏ်ဝင်း (အငြိမ်းစား)၏ တိုင်ကြားစာတွင် ဗိုလ်မှူးအုန်းရှိန်အား ငွေကျပ်နှစ်သိန်းပေးရသည်ဟု ပါရှိကြောင်း၊ ခုံရုံးက စစ်မေးစဉ် ထိုသို့ငွေပေးရသည်ဟုထွက်ဆိုပြီး စစ်တရားရုံးမှမေးသည့်အခါတွင် ငြင်းကွယ်ထွက်ဆိုသောကြောင့် ဗိုလ်မှူးညဏ်ဝင်း (အငြိမ်းစား)၊ ဦးသာဇံဝေ၊ ဦးဖိုးဦးတို့အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၁၉၃ အရ အရေးယူပေးရန် တိုင်ချက်ဖွင့်ခဲ့ပါသည်။

ပေါက်ခေါင်းမြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ်- ၄၀၁/၉၄ တွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၁၉၃ အရ တရားစွဲဆိုခံရသူ ဦးညဏ်ဝင်း၊ ဦးသာဇံဝေနှင့် ဦးဖိုးဦးတို့က ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-(၅၆၁-က)အရ အမှုတွဲချေဖျက်ပေးရန် တရားရုံးချုပ်သို့ အထွေထွေလျှောက်လွှာ တင်သွင်းခဲ့ပါသည်။

လျှောက်ထားသူများ၏ရှေ့နေက ၎င်းတို့အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၁၉၃ အရ အရေးယူခြင်းသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၁၉၅(၁)(ခ) နှင့်မညီကြောင်း၊ ထိုကျင့်ထုံးအရ သက်ဆိုင်ရာတရားရုံးက ရေးသားတိုင်ကြားမှသာလျှင် အမှုစစ်တရားရုံးက အရေးယူခွင့်ရှိမည်ဖြစ်ကြောင်း၊ **ဦးတင်လှိုင်နှင့် ဦးတင်ဝင်း အမှု ၁၉၈၁ ခုနှစ် မြန်မာနိုင်ငံ တရားစီရင်ထုံးများ (ဗဟိုတရားရုံး) စာ-၅၃ ပါ စီရင်ထုံးအရ တရားစီရင်ရန် အခွင့်အာဏာရှိသူ ပုဂ္ဂိုလ်ကသာ တိုင်တန်းစွဲဆိုခွင့်ရှိကြောင်း** တရားရုံးချုပ်သို့ တင်ပြခဲ့ပါသည်။

နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သည့် ရှေ့နေချုပ်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၁၉၃ အရ အရေးယူရန်မှာ သက်ဆိုင်ရာတရားရုံးက ရေးသားတိုင်တန်းလျှောက်ထားချက်အရသာ အရေးယူရမည့်အမှုမျိုးဖြစ်ကြောင်း၊ ယခုအမှုမှာ ရဲစခန်းမှူးက လျှောက်ထားသူများအပေါ် တရားစွဲဆိုခြင်းဖြစ်၍ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ- ၁၉၅(၁)(ခ)နှင့် ညီညွတ်မည်မဟုတ်ကြောင်း၊ တရားရုံးချုပ်မှ သင့်မြတ်သည့်အမိန့်တစ်ရပ် ချမှတ်ရန်ဖြစ်ကြောင်း အဓိကတင်ပြလျှောက်လဲခဲ့ပါသည်။



**တရားရုံးချုပ်၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

တောင်ငူမြို့ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၁၉၉၄ခုနှစ် ဇူလိုင် ၆ ရက် ရက်စွဲပါ စာအမှတ်-ခ. လ. ရ-၅၃/၃၀၀၀/ရေး ၃ ဖြင့် ပြည်သူ့ရဲတပ်ဖွဲ့ စခန်းပေါက်ခေါင်းမြို့သို့ ပေးပို့အကြောင်းကြားသည့်စာတွင် အောက်ပါအတိုင်း အဓိကဖော်ပြထားကြောင်း တွေ့ရှိရသည်။

ပေါက်ခေါင်းမြို့နယ် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌဗိုလ်မှူးအုန်းရှိန်အပေါ် စမ်းချောင်းမြို့နယ်မှ ဗိုလ်မှူးညဏ်ဝင်း(အငြိမ်းစား)၏ တိုင်ကြားစာအရ ဗိုလ်မှူးအုန်းရှိန်အား ငွေကျပ်နှစ်သိန်းပေးရသည့်ကိစ္စနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရေးခုံရုံးဖွဲ့စည်း စစ်ဆေးစဉ်က ငွေပေးရကြောင်းညီညွတ်စွာ ထွက်ဆိုကြသော်လည်း စစ်တရားရုံးဖြင့် စစ်ဆေးစဉ်က မပေးရကြောင်း ငြင်းကွယ်ကာ ကွဲလွဲထွက်ဆိုကြပါသည်။ ထိုသို့ စစ်တရားရုံးတွင် ကွဲလွဲစွာသက်သေထွက်ဆိုကြသဖြင့် ဗိုလ်မှူးညဏ်ဝင်း(အငြိမ်းစား)၊ ဦးသာဇံဝေနှင့်ဦးဖိုးဦးတို့ကို မမှန်မကန်သက်သေခံခြင်းအတွက် နယ်ဘက်တရားရုံးတွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၁၉၃ အရ အမှုဖွင့်အရေးယူရန်အကြောင်းကြားပါသည်”။

**ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၂၀ တွင်**

“တရားရုံးဆိုသည်မှာ တရားစီရင်ဆဲအခါတွင် တစ်ဦးတည်း တရားစီရင်ရန် ဥပဒေအရ အာဏာရရှိသော တရားသူကြီးကိုသော်လည်းကောင်း၊ အစုအညီစည်းဝေး၍ တရားစီရင်ရန် အာဏာရရှိသော တရားသူကြီးစုကိုသော်လည်းကောင်း ဆိုလိုသည်”ဟု ပြဋ္ဌာန်းထားကြောင်း တွေ့ရှိရ၍ စစ်တရားရုံးသည် တရားရုံးပင်ဖြစ်သည်ဟု တရားရုံးချုပ်က စိစစ်ဖော်ထုတ်ခဲ့ပါသည်။

တစ်ဦးတစ်ယောက်သည် စစ်တရားရုံးရှေ့တွင် မမှန်မကန်ထွက်ဆိုပါက စစ်တရားရုံး သို့မဟုတ် ၎င်း၏အထက်အဆင့်ရှိ တရားစီရင်ခွင့်အာဏာရှိသူပုဂ္ဂိုလ်က အခြားတရားရုံးသို့ စာဖြင့်တိုင်ကြားမှသာလျှင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၁၉၅(၁)(ခ)နှင့် ညီညွတ်မည်ဖြစ်ကြောင်း၊ စစ်တရားရုံးတွင် သက်သေတစ်ဦးဦးက မဟုတ်မမှန်သက်သေခံမှုနှင့်စပ်လျဉ်း၍ တပ်မတော်နည်းဥပဒေတွင် ပြဋ္ဌာန်းထားရှိကြောင်း၊ တပ်မတော်နည်းဥပဒေ-၁၄၉ (ခ) တွင် “ တပ်မတော်အက်ဥပဒေကို လိုက်နာရသူမဟုတ်သောသူက တပ်မတော်အက်ဥပဒေပုဒ်မ-၅၉ (မဟုတ်မမှန်သက်သေခံမှု)အရ ပြစ်မှုမြောက်သော ပြုလုပ်မှုများဖြစ်သည့်ကိစ္စမျိုးတွင် စစ်တရားရုံးသည် လိုအပ်သော အစအဦးစုံစမ်းစစ်ဆေးခြင်းတစ်ခုခုကို ပြုလုပ်ပြီးသည့်နောက် **အနီးဆုံးရှိ စီရင်ပိုင်ခွင့်အာဏာအရ ပထမတန်းရာဇဝတ်တရားသူကြီးထံသို့ စုံစမ်းစစ်ဆေးရန်အတွက်သော်လည်းကောင်း၊ စစ်ဆေးစီရင်ရန်အတွက်သော်လည်းကောင်း၊ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၄၇၆ နှင့်အညီ အမှုကိုပို့နိုင်သည်**”ဟု ပြဋ္ဌာန်းထားသည်ကို တရားရုံးချုပ်က ဖော်ထုတ်စိစစ်ခဲ့ပါသည်။

ထိုပြဋ္ဌာန်းချက်အရ စစ်တရားရုံးက မဟုတ်မမှန်သက်သေခံမှုအတွက် သက်ဆိုင်ရာနယ်ဘက်တရားရုံးတစ်ခုခုသို့ အရေးယူစေရန် အကြောင်းကြားရန်ဖြစ်ပေသည်။ ယခုအမှုမှာ ထိုသို့အရေးယူဆောင်ရွက်ထားခြင်းမရှိကြောင်း တရားရုံးချုပ်က စိစစ်တွေ့ရှိခဲ့ပါသည်။

ပေါက်ခေါင်းရဲစခန်းက ရဲအရေးမပိုင်မှုအမှာစာဖြင့် စွဲဆိုခြင်းသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၁၉၅(၁)(ခ)ပါ ပြဋ္ဌာန်းချက်နှင့်အညီမဟုတ်သော တိုင်တန်းချက်သာဖြစ်၍ ၎င်း၏တိုင်တန်းချက်ကို မူလပေါက်ခေါင်းမြို့နယ်တရားရုံးက အရေးယူပိုင်ခွင့်မရှိကြောင်း စိစစ်သုံးသပ်၍ အထွေထွေလျှောက်လွှာကိုခွင့်ပြုပြီး ပေါက်ခေါင်းမြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာအမှုကြီးအမှတ်-၄၀၁/၉၄ အမှုတွဲကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-(၅၆၁-က)အရ တရားရုံးချုပ်က ချေဖျက်လိုက်ပါသည်။ (ယခုအခါတွင် အမှုချေဖျက်ခြင်း စီရင်ပိုင်ခွင့်ကို ပြည်နယ်နှင့်တိုင်းတရားရုံးများက စီရင်ဆုံးဖြတ်နိုင်ပြီဖြစ်ပါသည်။)

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၁၉၃ ၏ပြဋ္ဌာန်းချက်မှာ **တရားစီရင်သော မှုခင်းကိစ္စတွင်မည်သည့်အဆင့်၌ဖြစ်စေ၊ မည်သူမဆို တမင်မမှန်သက်သေခံလျှင် သို့တည်းမဟုတ် မည်သည့်အဆင့်၌ဖြစ်စေ မည်သူမဆို တမင်မမှန်သက်သေခံလျှင် သို့တည်းမဟုတ် မည်သည့်အဆင့်၌ဖြစ်စေ၊ သက်သေခံအဖြစ်အသုံးပြုရန် မမှန်သက်သေခံကို တမင်ဖန်တီးလျှင် ထိုသူကို ခုနစ်နှစ်ထိ ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ထို့ပြင် အခြားမှုခင်းကိစ္စတွင် တမင်သက်သေခံလျှင် သို့တည်းမဟုတ် မမှန်သက်သေခံကို တမင်ဖန်တီးလျှင် ထိုသူကိုသုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။**

ရှင်းလင်းချက်(၁) “**စစ်တရားရုံးတွင် စစ်ဆေး စီရင်သောမှုခင်းကိစ္စသည်တရားစီရင်သော မှုခင်းကိစ္စမည်၏**”ဟု ပြဋ္ဌာန်းထားပါသည်။ မမှန်သက်သေခံသူကို အရေးယူရန်မှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၁၉၅(၁)(ခ)နှင့်ညီညွတ်ရန်လိုကြောင်း သိရှိနိုင်ကြစေရန် **ဦးညဏ်ဝင်းပါ-၃ နှင့်ပြည်ထောင်စုမြန်မာနိုင်ငံတော် ၁၉၉၄ ခုနှစ် ပြစ်မှုဆိုင်ရာအထွေထွေ လျှောက်လွှာအမှတ် (၇၄) စီရင်ထုံးကို** ရည်ညွှန်းကိုးကားရေးသားဖော်ပြလိုက်ရပါသည်။

**စိန်လှိုင်ဗိုလ်**

# ရေကြည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ၃၅၃၆ ဧက နုတ်သိမ်းပြီးစီး

**ကျုံပျော် မေ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ၃၅၃၆ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ရေကြည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၅၃၆ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သော မြေပဲများကို ယခုနှစ် ဖေဖော်ဝါရီလ ဒုတိယပတ်က စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် မြေပဲ ၃၅၃၆ ဧကအားလုံး နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ထိုသို့ နုတ်သိမ်းပြီးဖြစ်သော မြေပဲတစ်ဧကလျှင် ၇၂ ဒသမ ၅၆ တင်းထိ ထွက်ရှိကြောင်း သိရသည်။

“ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ရေကြည်မြို့နယ်အနေနဲ့ မြေပဲ ၃၅၃၆ ဧကထိစိုက်ပျိုးခဲ့ပါတယ်။ ရေကြည်မြို့နယ်မှာ ဆီထွက်သီးနှံတွေကို ဆောင်းကာလမှာ အဓိကထား စိုက်ပျိုးကြပါတယ်။ လက်ရှိ စိုက်ပျိုးထားတဲ့ မြေပဲ ၃၅၃၆ဧက အားလုံး နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဆောင်းသီးနှံတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့ တောင်သူတွေ၊ စိုက်ပျိုးရေးဦးစီးဌာနနဲ့ အခြားဆက်စပ်ဌာနတွေ ပူးပေါင်းလုပ်ဆောင်ခဲ့ပါတယ်။ မြေပဲအပါအဝင် ဆီထွက်သီးနှံတွေအားလုံး အရည်အသွေးကောင်းစေရေး၊ အထွက်နှုန်းကောင်းစေရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေးတို့အတွက် ဆက်လက်ဆောင်ရွက်ပေးခဲ့ပါတယ်”ဟု ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ရေကြည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းသီးနှံများလျာထားချက်အတိုင်းရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးမည့်သီးနှံများ ပိုးမွှားရောဂါကင်းရှင်းစေရေး၊ အရည်အသွေးနှင့်အထွက်နှုန်းကောင်းစေရေး စသည့်လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ ဒေသခံတောင်သူများ၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် ဆက်စပ်သည့်ဌာနအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**ကျော်ကျော်လင်း**

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လတွင် ငါးမြွေထိုးခြောက် ပိဿာချိန် ၇၅၀၀၀ တင်ပို့ရောင်းချခဲ့ရ



**မအူပင် ဧပြီ ၂၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မတ်လတွင် ငါးမြွေထိုးခြောက် ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း မအူပင်မြို့နယ်ရှိ ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးအေးက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်တွင် ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက်ငါးမြွေထိုးအစိမ်းများကိုဝယ်ယူပြီး စနစ်တကျ အခြောက်လှန်းတင်ပို့ရောင်းချနေကြောင်း၊ ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက ငါးမြွေထိုးခြောက် ပိဿာချိန် ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ် ၁ ရက်မှ ၃၁ ရက်ထိ ငါးမြွေထိုးခြောက် ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ပြီးခဲ့တဲ့ မတ်လပထမပတ်လောက်ကတည်းက ရန်ကုန်ဈေးကွက်ကို ငါးမြွေထိုးခြောက်တွေ တင်ပို့ရောင်းချအားကောင်းခဲ့တာပါ။ တစ်လအတွင်း ငါးမြွေထိုးခြောက်ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က ငါးခြောက်တွေကို မှာယူအားတက်နေလို့ပါ။ အခုလို ငါးခြောက်တွေ မှာကုန်များလာတာကြောင့် ငါးမြွေထိုးခြောက်လုပ်ငန်းနဲ့ ဆက်စပ်သူတွေ အလုပ်အကိုင်အခွင့်အလမ်းတွေရရှိလာပါတယ်" ဟု မအူပင်မြို့နယ်ရှိ ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးအေးက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးမြွေထိုးခြောက် ၁၀ ပိဿာလျှင် ငွေကျပ် ၁၈၅၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါဒေသမှ ငါးမြွေထိုးခြောက်များ ပိုမိုတင်ပို့ရောင်းချနေရခြင်းကြောင့် ငါးခြောက်လုပ်ငန်းရှင်များ၊ ရေလုပ်သားများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလာကြောင်း မအူပင်မြို့နယ်ရှိ ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးအေးက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# နတ်မောက်မြို့နယ် ကြူအိုင်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နတ်မောက် ဧပြီ ၂၃**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဧပြီ ၂၂ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ ရွာဦးဘုန်းကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၆၁ ဒသမ ၆ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကြူအိုင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၄ ဦးကို ငွေကျပ် ၄၉ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် ၅ ဒသမ ၁ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၆ ဒသမ ၈ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၆၁ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သူသူ(နတ်မောက်)**

# မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်း ၁၂၅၅၅ ဧက ရိတ်သိမ်းပြီးစီး

**မုံရွာ ဧပြီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်း ၁၂၅၅၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ဆောင်းနှမ်းစိုက်ခင်းများ ရိတ်သိမ်းမှုကို ယခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ရိတ်သိမ်းခဲ့ကြရာ ယနေ့ထိ ၁၂၅၅၅ ဧက ရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၁၂ဒသမ ၆၅ တင်း ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ နှမ်းဧက ၁၂၅၅၅ ဧက စိုက်ပျိုးထားတယ်။ လက်ရှိအချိန်မှာတော့ နှမ်းစိုက်ခင်းတွေအားလုံး ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ အထွက်နှုန်းလဲ ကောင်းမွန်ကြပါတယ်။ နှမ်းကို မိုးမှာ မစိုက်ကြဘူး။ ဆောင်းမှာပဲ စိုက်ပျိုးကြတာဖြစ်ပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၂၀၆)



# မိုင်းယောင်းမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ခြင်းနှင့် ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်း

**မိုင်းယောင်း ဧပြီ ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းခရိုင် မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဝမ်တပ်ကျေးရွာအုပ်စု ဝမ်အဲန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဝင်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းမှရရှိလာမည့်အကျိုးကျေးဇူးများ၊ အတိုးနှုန်းကာလ သတ်မှတ်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာကြသော ဝမ်အဲန်ကျေးရွာနှင့် ဝမ်လွှဲန့်ကျေးရွာတို့ရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်နိုင်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးချဲ့လုပ်ကိုင်လာနိုင်စေရန်၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်စသည့် ရည်ရွယ်ချက်များဖြင့် ဝမ်အဲန်ကျေးရွာနှင့် ဝမ်လွှဲန့်ကျေးရွာတို့တွင် ကျေးရွာနှစ်ရွာပေါင်း တစ်ယူနစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း Type-1 အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စီမံကိန်းနှင့် အကျုံးဝင်သည့် လုပ်ငန်းများတွင် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဝင်းက ပြောပြ၍ သိရသည်။

**မောင်ရိုင်**

# စလင်းမြို့နယ် ဥသျှစ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စလင်း ဧပြီ ၂၃**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဥသျှစ်ကုန်းကျေးရွာအုပ်စု ဥသျှစ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဧပြီ ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဥသျှစ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့်အခြားလုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ လစဉ်ပြည့်သွင်းရမည့်စာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားမှုနှင့် စီမံကိန်းဆိုင်ရာညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှု အခြေအနေများကို စစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဥသျှစ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါစတုတ္ထနှစ်စက်ဝန်းတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၃၉ ဦးကို ငွေကျပ် ၃၀ ဒသမ ၁၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၁ ဒသမ ၇၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၁ ဒသမ ၈၅ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၁ ဒသမ ၆၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၆၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၅ ဒသမ ၄ သန်း ထုတ်ချေးပေးထားကြောင်း မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်ထံမှ သိရသည်။

**သန်းသန်းရိုး**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# အောင်မြင်မှုတွေပိုင်ဆိုင်ဖို့ စာဖတ်ကြပါစို့

မောင်သောင်းဝင်း(တမန်ဟောင်း)

စာဖတ်ခြင်းသည် လူတစ်ဦးတိုးတက်စေရန် အကောင်းဆုံးအလေ့အထပင်ဖြစ်သည်။ ကြီးပွားတိုးတက်သူအများစုသည် စာဖတ်သူများဖြစ်ကြသည်။ တန်ဖိုးမဖြတ်နိုင်သော သတင်းအချက်အလက်များကို စာအုပ်စာစောင်များမှ ရှာဖွေစုဆောင်းကြသည်။ ဗဟုသုတရှာဖွေကြသည်။ ထို့နောက်အကျိုးရှိစွာအသုံးချကြသည်။ စာဖတ်ခြင်းသည် အသစ်အသစ်သော စိတ်ကူးစိတ်သန်းများရှင်သန်လာစေပြီး အသုံးမရှိသော အကျိုးကျေးဇူးများရရှိစေနိုင်သည်။ အထူးသဖြင့် စာဖတ်ခြင်းသည် ဘဝတွင် တိုးတက်အောင်မြင်ကြီးပွားပြီး ကြွယ်ဝချမ်းသာစေနိုင်သည်။ အကျိုးရှိအောင်ဖတ်ရန်တော့လိုသည်။ အောင်မြင်သူအများစုသည် ၎င်းတို့၏အချိန် ၈၀ ရာခိုင်နှုန်းခန့်ကို စာဖတ်ခြင်းဖြင့် ကုန်ဆုံးလေ့ရှိကြသည်။ ပုံမှန်စာဖတ်သူများသည် ကြွယ်ဝချမ်းသာပြီး အောင်မြင်မှုများစွာကိုပိုင်ဆိုင်ထားလေ့ရှိကြသည်။

**အကျိုးကျေးဇူးများပြား**

စာဖတ်ခြင်းသည် လူတစ်ဦးကို ဖျော်ဖြေမှု၊ ပညာပေးမှုနှင့် တိုးတက်မှုများကိုပေးစွမ်းနိုင်သည်။ စာဖတ်ခြင်းသည် အသက်အရွယ်ပေါင်းစုံကို အရည်အသွေးတိုးတက်စေခြင်း၊ သတင်းအချက်အလက်သိရှိနိုင်ခြင်း၊ ကျိုးကြောင်းဆီလျော်စွာ တွေးခေါ်နိုင်သည့်အပြင် လုပ်ငန်းတာဝန်အပေါ်တွင်လည်း အာရုံစူးစိုက်နိုင်စေသည်။ စာဖတ်ခြင်းသည် လူတစ်ဦးကိုမတူညီသော ရှုထောင့်ပေါင်းစုံမှ တွေးခေါ်မြော်မြင်နိုင်စေသည်။ ထို့ကြောင့် စာဖတ်သူတစ်ဦးသည် အကန့်အသတ်မရှိ လေ့လာနိုင်မည်ဖြစ်သည်။

ထို့ပြင် စာဖတ်ခြင်းသည် တန်ဖိုးမဖြတ်နိုင်သော ဗဟုသုတများရရှိခြင်း၊ ဦးနှောက်ရင့်ကျက်အောင် လေ့ကျင့်ပေးနိုင်ခြင်း၊ စိတ်အပန်းပြေခြင်း၊ ပေါင်းသင်းဆက်ဆံမှုစွမ်းရည်တိုးတက်လာခြင်း၊ စိတ်ခွန်အားတိုးတက်လာခြင်း၊ တွေးခေါ်မြော်မြင်နိုင်စွမ်းတိုးတက်လာခြင်း၊ ခွဲခြမ်းစိတ်ဖြာဆန်းစစ်နိုင်စွမ်းမြင့်မားလာခြင်း၊ စိတ်ရှည်သည်းခံနိုင်မှုစွမ်းအားမြင့်မားလာခြင်း၊ စိတ်ကူးစိတ်သန်းကောင်းမွန်လာခြင်း စသည့်များစွာသော အကျိုးကျေးဇူးများကိုရရှိစေသည်။ သာဓကအနေဖြင့် နေ့စဉ်ထုတ်သတင်းစာတစ်စောင်လောက်ကို ပုံမှန်ဖတ်သူသည် အခြားသူများထက် ဗဟုသုတပိုမိုကြွယ်ဝလာပြီး ပကတိအခြေအနေမှန်များကို သိရှိနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့်စာအုပ်စာစောင်များပေးအပ်လှူဒါန်းပွဲကို ဧပြီ ၁၀ ရက်တွင် နေပြည်တော်ရှိ အမျိုးသားစာကြည့်တိုက်၌ ပြုလုပ်ခဲ့သည်။ ၎င်းအခမ်းအနားတွင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ တပ်မတော်နှင့် ပြင်ပအလှူရှင်များ၏စုစုပေါင်းလှူဒါန်းမှုအနေဖြင့် ငွေကျပ် ၉၈၅၁၆၅၄၅၀ နှင့် သုတရသစာအုပ်စာစောင် ၇၉၂၁၁ အုပ်ထိရှိခဲ့သည်။ ဝမ်းမြောက်ဖွယ်ရာပင်ဖြစ်သည်။ နိုင်ငံတစ်ဝန်း၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြည်သူ့စာကြည့်တိုက် ၄၁၀ ဖွင့်လှစ်ထားရှိသည်။ ထို့ပြင် မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းထောက်ပံ့မှု၊ ရပ်ရွာပြည်သူလူထုအစီအစဉ်ဖြင့် ဖွင့်လှစ်ထားသည့်စာကြည့်တိုက် ၃၅၀၀ ကျော်ရှိသည်။

**စာဖတ်ဝါသနာထုံလာစေရန်**

တိုးတက်သောနိုင်ငံများမှ နိုင်ငံသားများသည် စာဖတ်အားကောင်းကြသည်။ ခရီးသွားနေသည့်အချိန်မျိုးမှာပင်လျှင် လက်ထဲ၌ စာအုပ်တစ်အုပ်ကိုင်ထားလေ့ရှိကြသည်။ လေဆိပ်နှင့် ဘူတာများ၌ ခရီးတစ်ထောက်နားသည့်အချိန်မျိုး၌ပင်လျှင် စာအုပ်ဖတ်နေတတ်ကြသည်။ လေယာဉ်၊ ရထား၊ ကား၊ သင်္ဘောများပေါ် ရောက်သည်နှင့် စာအုပ်ဖွင့်ဖတ်ကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံမှကလေးငယ်များကိုလည်း အနာဂတ်၏ခေါင်းဆောင်များဖြစ်လာအောင် ငယ်စဉ်ကတည်းက စာပေနှင့်ရင်းနှီးကျွမ်းဝင်မှုရှိနေအောင် လေ့ကျင့်ပျိုးထောင်ပေးထားသင့်သည်။

အမှန်တကယ် ကျောင်းစာကြည့်တိုက်များသည် ကျောင်းနေအရွယ်ကလေးငယ်များ စာပေနှင့်ရင်းနှီးကျွမ်းဝင်မှုရှိရေးတွင် များစွာအရေးပါလျက်ရှိသည်။ တတ်နိုင်ပါက ကျောင်းစာကြည့်တိုက်များတွင် ကလေးငယ်များ ကြိုက်နှစ်သက်သည့်ရုပ်ပြစာအုပ်စာစောင်များ၊ ပုံပြင်စာအုပ်များ၊ ဉာဏ်စမ်းစာအုပ်များ၊ တက်ကျမ်းစာအုပ်များ စသည်ဖြင့်ကဏ္ဍစုံစွာတင်ထားသင့်သည်။ ကျောင်းစာကြည့်တိုက်များကို အချိန်ပြည့်ဖွင့်ထားသင့်ပေသည်။ သက်ဆိုင်ရာကျောင်းအုပ်ကြီးများကလည်း ကျောင်းသား၊ ကျောင်းသူများ စာကြည့်တိုက်ဝင်နိုင်ရေးအတွက် စီမံထားသင့်ပေသည်။ ကျောင်းပိတ်ရက်များတွင် ကလေးများကိုစာအုပ်ငှားပေးသင့်သည်။ လစဉ် စာဖတ်စွမ်းရည်ပြိုင်ပွဲများ၊ စာစီစာကုံးပြိုင်ပွဲများ၊ ကာတွန်း၊ ကဗျာ၊ ဆောင်းပါးပြိုင်ပွဲများကျင်းပပေးမည်ဆိုလျှင် ကလေးများ၏ စာဖတ်နှုန်းသည် သိသိသာသာတိုးတက်လာမည်ဖြစ်သည်။ သာဓကအနေဖြင့် ဟားဗတ်တက္ကသိုလ်ရှိ စာကြည့်တိုက်တွင် နံနက် ၃ နာရီထိ စာဖတ်သူများရှိနေသည်ဟုဆိုသည်။ ထို့မျှ စာဖတ်သူများသည် မတိုးတက်စရာအကြောင်းမရှိချေ။

ကလေးငယ်များ စာပေနှင့်ရင်းနှီးကျွမ်းဝင်ရှိနေရန်အတွက် အခွင့်အလမ်းဖန်တီးပေးသင့်သည်။ ဆိုလိုသည်မှာ မိဘများသည် ကလေးများကို ကျောင်းစာလေ့လာကျက်မှတ်ဖို့ချည်း အားပေးမနေဘဲ ပြင်ပစာပေဖတ်ရှုခွင့်အချိန်လည်းပေးသင့်သည်။ ကလေးငယ်များ စာဖတ်ဝါသနာထုံလာစေရန် ရွှေသွေး၊ မိုးသောက်ပန်း၊ တေဇရုပ်စုံစာအုပ်၊ ဗုဒ္ဓဖြစ်တော်စဉ်များ၊ ပုံပြင်စာအုပ်များဖြင့် စတင်လေ့ကျင့်ပေးသင့်သည်။ မိဘများသည် ကလေးများနှင့်သင့်တော်သည့် ရုပ်ပြကာတွန်းစာအုပ်များ၊ ပုံပြင်စာအုပ်များကို လစဉ်ဝယ်ပေးထားမည်ဆိုလျှင် ကလေးများသည် စာဖတ်ဝါသနာထုံလာမည်ဖြစ်သည်။ ကလေးငယ်များ၏ရင်ထဲတွင် စာအုပ်စာပေအပေါ် မြတ်နိုးတန်ဖိုးထားပြီး စာဖတ်တတ်သည့် အလေ့အထစွဲမြဲလာစေရန်သည် ထိုကလေးများနှင့် လက်တစ်ကမ်းအကွာတွင် ကလေးစာပေများထားရှိပေးရန်ပင်ဖြစ်သည်။ အထူးသဖြင့် အားလပ်သည့်ရုံးပိတ်ရက်များတွင် မိသားစုလိုက် စာကြည့်တိုက်သွားပြီး စာဖတ်၊ စာအုပ်ရှာ၊ စာအုပ်ငှားသည့် အလေ့အထကိုမွေးမြူထားသင့်သည်။ စာကြည့်တိုက်တွင် ကလေး၊ လူငယ်၊ လူလတ်၊ လူကြီး အသက်အရွယ်ပေါင်းစုံတို့အတွက် စာအုပ်မျိုးစုံရှိသည်။

မိဘများသည် ကလေးငယ်များကို စာကောင်းပေမွန်များ ရွေးချယ်ဖတ်ရှုတတ်စေရန် ညွှန်ကြားပြသပေးသင့်သည်။

မိဘများကိုယ်တိုင်လည်း အကျိုးရှိသောစာပေများကို ရွေးချယ်ဖတ်ရှုနိုင်သူများဖြစ်အောင် စဉ်ဆက်မပြတ် ကြိုးပမ်းလေ့လာဖတ်ရှုမှတ်သားထားသင့်သည်။ ဆိုလိုသည်မှာ မိဘများကိုယ်တိုင်ကလည်း စာဖတ်ရန်လိုသည်။ အမှန်တကယ် သား၊ သမီးများသည် မိဘများ၏ ပြောဆိုပြုမူပုံစံများကိုကြည့်၍ လိုက်နာကျင့်ကြံဆောင်ရွက်လျက်ရှိကြသည်။ ထို့ကြောင့် မျိုးဆက်သစ်လူငယ်များစာဖတ်ဖို့ဆိုလျှင် လူကြီးများပေါ်တွင်များစွာမူတည်နေသည်။ အထူးသဖြင့် ရုံးပိတ်ရက်များတွင် ကလေးများကို စာအုပ်ဆိုင်များနှင့်တွဲ၍ ဖွင့်ထားသည့်ကုန်တိုက်များ၊ ကစားကွင်းများသို့ခေါ်သွားသင့်ပေသည်။ မိသားစုအပြင်ထွက်တိုင်း ကလေးများကိုကြိုက်နှစ်သက်ရာ စာအုပ်ဝယ်ယူခွင့်ပေးသင့်သည်။ စာအုပ်ကို မြတ်မြတ်နိုးနိုးဝယ်ချင်လာအောင်လည်း တိုက်တွန်းသင့်ပေသည်။ ကလေးတစ်ဦးသည် စာအုပ်အပေါ် ခုံမင်လာပြီဆိုလျှင် စာဖတ်ဖြစ်တော့မည်ဖြစ်သည်။ စာဖတ်သောကလေးသည် အနာဂတ်အတွက်ပူပန်စရာမလိုတော့ပေ။ ဆိုလိုသည်မှာ ကောက်ကျစ်သောသူများ၏ လိမ်ညာမှုကိုခံရတော့မည်မဟုတ်ပေ။

မျိုးဆက်သစ်လူငယ်များသည် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ပင်ဖြစ်သည်။ စာဖတ်သည့်လူငယ်များသည် လူ့အဖွဲ့အစည်းကို ကောင်းကျိုးပြုနိုင်ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကိုဖော်ဆောင်နိုင်သည်။ အထူးသဖြင့် ပညာတတ်လူငယ်များပေါများသည့်နိုင်ငံတွင် တိုးတက်မှုကို မြန်မြန်ဆန်ဆန်ဖော်ဆောင်နိုင်သည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် အနာဂတ်ခေါင်းဆောင်များ၏ ထက်မြက်သောဉာဏ်ရည်ဉာဏ်သွေးများနှင့် အတွေးအခေါ် အယူအဆများ မှန်ကန်ထက်မြက်မြင့်မားလာစေရန်၊ ကလေးငယ်များ၏တီထွင်ဖန်တီးလိုစိတ်များရှင်သန်နိုးကြားလာစေရန်၊ ကလေးငယ်များ ဗဟုသုတဖြစ်ဖွယ်စာပေနှင့်ရင်းနှီးကျွမ်းဝင်ပြီး စာဖတ်ဝါသနာပါလာစေရန်၊ ကလေးငယ်များလန်းဆန်းတက်ကြွပျော်ရွှင်လာစေရန်နှင့် စုပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိလာစေရန် အလေးထားဆောင်ရွက်လျက်ရှိကြသည်။

ထို့ပြင် အစိုးရအဖွဲ့အစည်းများ၊ ကုမ္ပဏီများအနေဖြင့်လည်း ရုံး၊ ဌာနအဖွဲ့အစည်းများအလိုက် ကိုယ်ပိုင်စာကြည့်တိုက်များ ထူထောင်ထားသင့်သည်။ ၎င်းစာကြည့်တိုက်များတွင် လုပ်ငန်းအထောက်အကူပြုစာအုပ်စာစောင်များအပြင် သုတရသစာပေများကိုလည်းဖြည့်ဆည်းထားသင့်ပေသည်။ အထူးသဖြင့် ရုံး၊ ဌာနများအနေဖြင့် ဝန်ထမ်းများကို စာကြည့်တိုက်မှ စာအုပ်ငှားရမ်းဖတ်ရှုလာစေရေး စည်းရုံးသိမ်းသွင်းဆောင်ရွက်သွားသင့်ပေသည်။ သို့မှသာလျှင် ဝန်ထမ်းများ၏ဗဟုသုတကြွယ်ဝလာပြီး စွမ်းဆောင်ရည်တိုးတက်လာစေမည်ဖြစ်သည်။

❖ စင်စစ်အားဖြင့် စာအုပ်စာပေများသည် လူသားတို့၏မိတ်ဆွေများဖြစ်ကြသည်။ မျိုးဆက်သစ်လူငယ်များသည် စာကောင်းပေမွန်များကို စဉ်ဆက်မပြတ်ဖတ်ရှုလေ့လာခြင်းအားဖြင့် ဗဟုသုတများကြွယ်ဝလာမည်ဖြစ်သည်။ ထိုဗဟုသုတများမှ အကောင်းနှင့်အဆိုး၊ အကျိုးနှင့်အပြစ်၊ အမှားနှင့်အမှန်ကို ဝေဖန်ပိုင်းခြားနိုင်သည့် ဉာဏ်ပညာအဆင့်ထိ တိုးတက်လာမည်ဖြစ်သည်။ ဆိုရလျှင် စာဖတ်အားနာသောလူငယ်များ ပေါများသည့်နိုင်ငံသည် တိုးတက်ရန်အခွင့်အလမ်းကောင်းများရှိနေမည်ပင်ဖြစ်သည်။ ❖

**အောင်မြင်မှုတွေပိုင်ဆိုင်ဖို့ စာဖတ်ကြပါစို့**

စင်စစ်အားဖြင့် ငယ်စဉ်ကတည်းက စာဖတ်ဝါသနာပါသောကလေးများသည် အရွယ်ရောက်လာသည့်အချိန်တွင် တိုင်းပြည်က အားထားရသည့် လူငယ်များဖြစ်လာကြသည်။ ဆိုရလျှင် စာဖတ်သူသည် အကောင်း၊ အဆိုး၊ အကြောင်း၊ အကျိုးကို ဝေဖန်ခွဲခြားဆန်းစစ်ဆုံးဖြတ်နိုင်စွမ်းရှိကြသည်။ စာဖတ်သောကလေးများသည် နှလုံးသားနူးညံ့သိမ်မွေ့ကြသည်။ သူတစ်ပါးအပေါ် ကိုယ်ချင်းစာနာစိတ်ရှိကြသည်။ အတွေးနည်းပါးကြသည်။ အပြုသဘောဆောင်စွာတွေးခေါ်တတ်ကြသည်။ ပတ်ဝန်းကျင်အပေါ် အကောင်းမြင်စိတ်ရှိကြသည်။ လူကြီးမိဘများပေါ် သိတတ်ကြသည်။ လူ့အသိုက်အဝန်းကို အကျိုးပြုလိုစိတ်ရှိကြသည်။ ထိုကလေးများသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကိုများစွာအထောက်အကူပြုကြသည်။

ငယ်စဉ်ကတည်းက စာပေနှင့်ရင်းနှီးကျွမ်းဝင်သောကလေးသည် ကိုယ်ပိုင်အနာဂတ်ကိုပုံဖော်ထုဆစ်တည်ဆောက်နိုင်စွမ်းရှိကြသည်။ မိမိတိုးတက်မှုကိုရှာဖွေနိုင်ကြသည်။ မိဘများသည် စာဖတ်ဝါသနာထုံသောကလေးများ၏အရေးအရာများတွင် အမြဲတစေပါဝင်နေရန်မလိုပေ။ ဆိုရလျှင် စာဖတ်နေသောကလေးတစ်ဦးသည် အမှား၊ အမှန်ကိုဝေဖန်ပိုင်းခြားနိုင်သည့် ပညာဆိုသောအရာကို ပိုင်ဆိုင်ထားနိုင်ပေသည်။ ကျရှုံးမှုများ၊ အခက်အခဲများကိုကျော်လွှားနိုင်သည့် နည်းလမ်းများကို စာအုပ်စာပေများမှ တူးဆွရှာဖွေထားပြီးဖြစ်သည်။ ထို့ပြင် အရေးကြီးသောဆုံးဖြတ်ချက်များကိုလည်း တွေဝေမှုမရှိဘဲ ချင့်ချိန်ဆုံးဖြတ်နိုင်စွမ်းရှိကြသည်။ စာဖတ်သောကလေးငယ်များသည် ဘဝခရီးလမ်းတွင် တိုးတက်ပြီးရင်းတိုးတက်လျက်ရှိကြသည်။

စင်စစ်အားဖြင့် စာအုပ်စာပေများသည် လူသားတို့၏မိတ်ဆွေများဖြစ်ကြသည်။ မျိုးဆက်သစ်လူငယ်များသည် စာကောင်းပေမွန်များကို စဉ်ဆက်မပြတ်ဖတ်ရှုလေ့လာခြင်းအားဖြင့် ဗဟုသုတများကြွယ်ဝလာမည်ဖြစ်သည်။ ထိုဗဟုသုတများမှ အကောင်းနှင့်အဆိုး၊ အကျိုးနှင့်အပြစ်၊ အမှားနှင့်အမှန်ကို ဝေဖန်ပိုင်းခြားနိုင်သည့်ဉာဏ်ပညာအဆင့်ထိ တိုးတက်လာမည်ဖြစ်သည်။ ဆိုရလျှင် စာဖတ်အားနာသောလူငယ်များ ပေါများသည့်နိုင်ငံသည် တိုးတက်ရန်အခွင့်အလမ်းကောင်းများရှိနေမည်ပင်ဖြစ်သည်။ အမှန်တကယ် နေ့စဉ်စာဖတ်နေခြင်းသည် ရင်းနှီးမြှုပ်နှံခြင်းပင်ဖြစ်သည်။ လူမှုဘဝမြင့်မားရေးအတွက် စာကောင်းပေမွန်များ စဉ်ဆက်မပြတ် ဖတ်ရှုနေရန်လိုအပ်သည်။ အထူးသဖြင့် အကျိုးပြုစာပေများကို အချိန်ယူပြီး တဖြည်းဖြည်းချင်းဖတ်ရှုခြင်းသည် အကောင်းဆုံးနည်းလမ်းပင်ဖြစ်သည်။

ထို့ပြင် လူတစ်ဦးချင်းစီ၏စာဖတ်နှုန်းတိုးတက်လာမှုကြောင့် လူ့အဖွဲ့အစည်းအတွင်း ဒုစရိုက်လုပ်ငန်းများလျော့ကျလာနိုင်သည့်အပြင် တိုင်းပြည်တိုးတက်ရေးအတွက်လည်း များစွာအထောက်အကူပြုစေသည်။ စာကောင်းပေမွန်များ ဖတ်ရှုမှတ်သားလေ့လာမှုကောင်းသူများဖြင့်သာ စုစည်းတည်ဆောက်ထားသော လူ့အသိုက်အဝန်းသည် တစ်နေ့တခြားတိုးတက်မှုရှိနေမည်မှာ ငြင်းဆို၍မရသော ပကတိအရှိတရားပင်ဖြစ်သည်။ ထို့ကြောင့် လူတစ်ဦးချင်းစီမှသည် မြန်မာလူမှုအသိုက်အဝန်းကြီးအောင်မြင်မှုများ ပိုင်ဆိုင်နိုင်စေရန်အတွက် စာကောင်းပေမွန်များကို ပုံမှန်ဖတ်ရှုသွားကြပါစို့ဟု အကြံပြုရေးသားလိုက်ရပေသည်။

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းက ကုန်သွယ်ရေးပိုငွေ ကန်ဒေါ်လာ ၁၅၃ သန်းကျော်ရရှိအောင် ဆောင်ရွက်နိုင်ခဲ့



ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းကိုတွေ့ရစဉ်။

**နေပြည်တော် မေ ၂၃**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းက ကုန်သွယ်ရေးပိုငွေ အမေရိကန်ဒေါ်လာ ၁၅၃ သန်းကျော်ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

မြန်မာ-ထိုင်းနယ်စပ်ဒေသများတွင် တာချီလိတ်၊ မြဝတီ၊ ကော့သောင်း၊ မြိတ်၊ ထီးခီးနှင့် မော်တောင်ဟူသည့် နယ်စပ်ကုန်သွယ်ရေးစခန်းခြောက်ခုရှိရာ ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းသည် ထိုင်းနိုင်ငံ ရနောင်းဈေးကွက်သို့ ရေထွက်ကုန်ပစ္စည်းများ အများဆုံး တင်ပို့ရောင်းချပေးနေသည့် နယ်စပ်ကုန်သွယ်ရေးစခန်းဖြစ်ကြောင်း၊ ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းသည် ထိုင်းနိုင်ငံသို့ ရေထွက်ကုန်ပစ္စည်းများကို FOB(Free on Board) စနစ်ဖြင့် အဓိကတင်ပို့နေသော ပို့ကုန်အသားစီးရသည့် စခန်းတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၃၄ ဒသမ ၃၈၆ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ပြီး ပို့ကုန်ပမာဏအမေရိကန်ဒေါ်လာ ၁၉၃ ဒသမ ၇၅၃ သန်းဖိုးနှင့် သွင်းကုန်ပမာဏ အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၆၃၃ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့သဖြင့် ကုန်သွယ်ရေးပိုငွေ အမေရိကန်ဒေါ်လာ ၁၅၃ ဒသမ ၁၂ သန်း ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ယခုဘဏ္ဍာနှစ်တွင်လည်း ဧပြီ ၁ ရက်မှ ၅ ရက်ထိ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၆ ဒသမ ၁၂၀ သန်း ဆောင်ရွက်နိုင်ခဲ့ပြီး ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာ ၄ ဒသမ ၂၄၂ သန်းဖိုး၊ သွင်းကုန်ပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၇၉ သန်း ဆောင်ရွက်နိုင်သဖြင့် ကုန်သွယ်မှုပိုငွေအမေရိကန်ဒေါ်လာ ၂ ဒသမ ၃၆၃ သန်းရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ကော့သောင်း နယ်စပ်ကုန်သွယ်ရေးစခန်းအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၌ ပို့ကုန်ပိုင်းတွင် သီဟိုဠ်စေ့၊ ငါးမျိုးစုံ၊ ကင်းမွန်၊ ကဏန်းနှင့် အခြားသောရေထွက်ကုန်ပစ္စည်းများကို ပိုမိုတင်ပို့ရောင်းချပေးနိုင်ပြီး သွင်းကုန်ပိုင်းတွင်လည်း ငါးဖမ်းပိုက်ကွန်များ၊ ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်း၊ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ လေအေးစက်များ၊ ပိုင်ယာကြိုးများ၊ ဆေးဝါးပစ္စည်းများ၊ ချည်ထည်များ၊ အပ်ချည်ကြိုးများ၊ မီးဖိုချောင်သုံးပစ္စည်းများနှင့်အခြားပစ္စည်းများ ပိုမိုတင်သွင်းနိုင်ခဲ့ကြောင်း သိရသည်။

SKL

# ကသာမြို့နယ်တွင် ဆောင်းနှမ်း ဧက ၂၅၂၆၀ ရိတ်သိမ်းပြီးစီး



**ကသာ မေ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ဆောင်းနှမ်း ဧက ၂၅၂၆၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ဆောင်းနှမ်းစိုက်ခင်းများ ရိတ်သိမ်းမှုကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ဆောင်းနှမ်း ဧက ၂၅၂၆၀ ရိတ်သိမ်းပြီးစီးပြီး တစ်ဧကလျှင် ၁၃ ဒသမ ၉၅ တင်းထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ကသာမြို့နယ်မှာ ဆောင်းနှမ်း ဧက ၂၅၂၆၀ ထိ စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိအချိန်မှာတော့ စိုက်ခင်းတွေအားလုံးရိတ်သိမ်းပြီးစီးသွားပြီဖြစ်ပါတယ်။ အထွက်နှုန်းအနေနဲ့ကောင်းမွန်ပါတယ်။ စိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်တွေနဲ့စိုက်ပျိုးရေးအတွက်လဲ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

ကသာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက ဆောင်းနှမ်း ဧက ၂၅၀၅၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ဧက ၂၅၂၆၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

(၂၀၆)













## ဆောင်းဒါးရက်ကန်းနှင့်အသက်မွေးပညာသိပ္ပံ သင်တန်းသားသစ်များခေါ်ယူခြင်း

၁။ အသက်မွေးဝမ်းကျောင်းလုပ်ငန်း အထောက်အကူပြု ပုံမှန်သင်တန်းဖြစ်သည့် ရွှေချည်ထိုး၊ ငွေချည်ထိုး (၃)လသင်တန်းကို ၂၀၂၄ ခုနှစ်၊ မေလ (၁)ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်၍ သင်တန်းသို့တက်ရောက်လိုသူများ လျှောက်ထားနိုင်ပါသည်။

၂။ သင်တန်းဝင် လျှောက်ထားသူများသည် အောက်ပါအချက်များနှင့်ပြည့်စုံရမည်-

- အခြေခံပညာမူလတန်းအောင်မြင်ပြီး (၁၆)နှစ်မှ (၂၈)နှစ်အတွင်းဖြစ်ရမည်။
- အမျိုးသမီးများကို ဦးစားပေးမည်။

၃။ လျှောက်ထားလိုသူများသည် အောက်ပါလိပ်စာတွင် ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

ဆောင်းဒါးရက်ကန်းနှင့်အသက်မွေးပညာသိပ္ပံ(အမရပူရမြို့)

ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၂-၄၀၅၂၉၉၆၄၊ ၀၂-၄၀၇၀၄၂၈၊ ၀၉-၄၂၈၃၂၀၂၃၅၊ ၀၉-၄၀၂၅၇၃၉၁၀၊ ၀၉-၄၂၀၇၁၂၈၃၁

E-mail - **mmsaunder@gmail.com**

၄။ သင်တန်းအတွက် ရေမီးအပြည့်အစုံ အဆောင် **(အခမဲ့)** နေထိုင်ခွင့်ရရှိမည်ဖြစ်ပြီး ပညာသင်ထောက်ပံ့ကြေး တစ်ဦးလျှင် တစ်လ ၃၀၀၀၀ိ/- ချီးမြှင့်ပါမည်။

၅။ ရွှေချည်ထိုး၊ ငွေချည်ထိုးပညာရပ်ကို အမှန်တကယ်စိတ်ဝင်စားပြီး သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများအား အသက်ကန့်သတ်ချက်လျှော့ပေါ့၍ လက်ခံသွားမည်ဖြစ်ပါသည်။

## အမျိုးသမီးဝန်ထမ်းအလိုရှိသည်

(1) **Cashier ဝန်ထမ်း** (၁) ဦး

(2) **ဂိုဒေါင်ဝန်ထမ်း** (၃) ဦး

-လစာ- 220,000

-အလုပ်ချိန်- နံနက် 8:00 မှ ည 7:00

-နားရက်- (1)ပတ် (1)ရက်

-Computer Basic ပြီးသူဖြစ်ရမည်

-အသက် (25)နှစ်အောက်ဖြစ်ရမည်

-အထက်တန်းအောင် (သို့) ကျောင်းကိစ္စကင်းရှင်းသူဖြစ်ရမည်။

မှတ်ချက်။ ။ နေစရာအဆောင်ပေးမည်

ဆက်သွယ်ရန်။ ။ 35 လမ်း၊ 76 × 77 ကြား
မဟာအောင်မြေမြို့နယ်၊ မန္တလေး
09-772622229

## မွေးသက္ကရာဇ်အမှန်

မန္တလေး၊ အမရပူရမြို့နယ်၊ ရေကြည်ပေါက်ကျေးရွာနေ ဒေါ်နှင်းနန္ဒာမျိုး (ဘ) ဦးမျိုးဝင်း (၉/အမရ(နိုင်)၀၉၇၁၅၉)၏ မွေးသက္ကရာဇ်အမှန်မှာ အခြေခံပညာအထက်တန်းစာမေးပွဲအောင်လက်မှတ်(က)အရ ၁-၄-၁၉၇၆ ဖြစ်ပါကြောင်း။

**၁-၄-၁၉၇၆**

## အများသိစေရန်ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ ငင-၇/၈၂(က)နေ ကျွန်တော် ကိုအောင်မင်းစိုး (၉/ခမစ(နိုင်)၀၁၄၉၄၃) နှင့် မခင်စောနွယ် (၁၃/ရစန(နိုင်)၀၀၂၇၉၉)တို့သည် ၂၀၂၁ ခုနှစ်၊ ဇွန်လခန့်က တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပါသည်။ ပေါင်းသင်းနေထိုင်စဉ်ကာလအတွင်း မခင်စောနွယ်အနေဖြင့် လူမှုရေး၊ ငွေရေးကြေးရေးအရှုပ်အရှင်းများကို အကြိမ်ကြိမ်ပြုလုပ်ပြီး (၂၁-၄-၂၀၂၄)ရက်နေ့တွင် ကျွန်တော်၏ခွင့်ပြုချက်မရရှိဘဲ နေအိမ်မှထွက်သွားပါသဖြင့် ဤကြော်ငြာချက်ပါရှိသည့်နေ့မှစ၍ မခင်စောနွယ်နှင့်ပတ်သက်သည့် လူမှုရေး၊ ငွေရေးကြေးရေးအရှုပ်အရှင်းများကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း မခင်စောနွယ်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ကိုအောင်မင်းစိုး(၉/ခမစ(နိုင်)၀၁၄၉၄၃)**
**အောင်ပင်လယ်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်**
**မန္တလေးမြို့**

## ပျောက်ဆုံးကြောင်း

ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်နေ မောင်သူရအောင် (ဘ)ဦးဟုန်ရင်ပန်း(၁၃/မကန(နိုင်)၀၃၅၃၁၄)၏ နိုင်ငံကူးလက်မှတ်အမှတ် (MC-358659) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၅၁၃၀၆၈၃**







**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ**
**လိုအပ်သည်ဟု ခံစားနေရပါက**
**သတင်းအချက်အလက်မျှဝေရာစင်တာသို့**
**ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

❖ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးကို မိမိတို့အနေဖြင့် ပထမဦးစားပေးဆောင်ရွက်လျက်ရှိပြီး ဒုတိယဦးစားပေးလုပ်ငန်းသည် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး (၂/၂၀၂၄) တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးတာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက" မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ



ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက" ကျန်းမာပျော်ရွှင်လျက်ရှိစဉ်။

**နေပြည်တော် ဧပြီ ၂၃**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မဇာနန်းလှက ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက် နံနက် ၆ နာရီခွဲတွင် မွေးဖွားခဲ့သည့် ဆင်ဖြူတော်အထီးကလေး "ရဋ္ဌနန္ဒက" သည် နေပြည်တော်ရှိ ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ် ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဆင်ဖြူတော်လေးသည် မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံးလုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန်ပေါင် ၁၈၀ ခန့်ရှိပြီး ရတနာဆင်ဖြူတော်များ၏

**စာမျက်နှာ ၁၇ ကော်လံ ၁ ☆**

# RBC Heritage ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို စကော့တီရှက်ဖလာ ဆွတ်ခူး

**တောင်ကာရိုလိုင်းနား ဧပြီ ၂၃**

အမေရိကန်နိုင်ငံ တောင်ကာရိုလိုင်းနားပြည်နယ် ဟီလ်တန်ဟိကျွန်းတွင် ကျင်းပသည့် RBC Heritage ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်(၁) နေရာ၌ ရပ်တည်နေသည့် အမေရိကန်ဂေါက်သီးရိုက်ကစားသမား စကော့တီရှက်ဖလာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၉ ချက် လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား တီဂါလာက

**စာမျက်နှာ ၂၂ ကော်လံ ၁ ❑**



## ထူးခြားသည့် နေ့အပူချိန်များ (၂၃-၄-၂၀၂၄)

| | | |
|---|---|---|
| ချောက်<br>၄၅ ဒသမ ၉ ဒီဂရီဆဲလ်စီးယပ် | မြင်းမူ<br>၄၃ ဒသမ ၇ ဒီဂရီဆဲလ်စီးယပ် | မကွေး<br>၄၃ ဒသမ ၆ ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး<br>၄၄ ဒသမ ၇ ဒီဂရီဆဲလ်စီးယပ် | မုံရွာ<br>၄၃ ဒသမ ၆ ဒီဂရီဆဲလ်စီးယပ် | ပခုက္ကူ<br>၄၃ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ် |
| အောင်လံ<br>၄၄ ဒီဂရီဆဲလ်စီးယပ် | မြင်းခြံ<br>၄၃ ဒသမ ၆ ဒီဂရီဆဲလ်စီးယပ် | မန္တလေး<br>၄၃ ဒသမ ၃ ဒီဂရီဆဲလ်စီးယပ် |

**ယခုဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ကာလတိုသင်တန်း ၃၃ ကြိမ် ဖွင့်လှစ်မည်**

စာမျက်နှာ - ၂

**နေအဖွဲ့အစည်းအတွင်း အမျိုးအမည်မသိ ဂြိုဟ်တစ်စင်း တည်ရှိနေမှု၏ အထောက်အထားများကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ**

စာမျက်နှာ - ၇


**Central Hotel**
*YANGON*
အမှတ် - (၃၅၃ ~ ၃၅၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - (၉၅-၁) ၈၂၄၁၀၀၁ ~ ၈၂၄၁၀၀၇



- ကုမ္ပဏီအခမ်းအနားများ
- ပြင်ပအစည်းအဝေးပွဲများ
- ကုန်ပစ္စည်းမိတ်ဆက်ပွဲများ
- နှစ်ပတ်လည် အခမ်းအနားပွဲများအား

ကျန်းမာရေးစံနှုန်း သတ်မှတ်ချက်များ နှင့်အညီ ဝန်ဆောင်မှုပေးလျက်ရှိပါသည်...